# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၁၇၅)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အသွားအလာကန့်သတ်နေရာအဖြစ်အသုံးပြုမည့် မော်ဘီမြို့နယ်ရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေးကိန္ဒာရာမကျောင်းတိုက်သို့ သွားရောက်ကြည့်ရှု

ရန်ကုန် မတ် ၂၂

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေးကိန္ဒာရာမကျောင်းတိုက်သို့ သွားရောက်၍ COVID–19 ရောဂါ ဖြစ်ပွားရာနေရာဒေသ၊ နိုင်ငံများမှ ပြည်တွင်းသို့ပြန်လည်ရောက်ရှိလာကြသူများနှင့် ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများမှ မည်သည့်ရောဂါလက္ခဏာတစ်စုံတစ်ရာမျှမရှိသူများအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ငန်းများ ဆောင်ရွက်ရာ၌ ထားရှိရန်အတွက် "ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ" မှ ပံ့ပိုးပေးသော နေရာများ စီစဉ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့သွားရောက်ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီးက အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်ရာ ယခုကျောင်းတိုက်တွင် လုပ်ငန်းကြီးကြပ်ရန် တာဝန်ခံအရာရှိတစ်ဦးနှင့် လုပ်ငန်းဆောင်ရွက်ရန် ကျန်းမာရေးအဖွဲ့များ တာဝန်ချထားရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ဝေဘာဂီအထူးကုဆေးရုံနှင့် တောင်ဥက္ကလာပ မိခင်နှင့် ကလေးဆေးရုံသို့

စာမျက်နှာ ၃ ကော်လံ ၁ ❋



ကလေးမြို့နယ် ဖောင်းကူးကျေးရွာအုပ်စု သဖန်းအိုင်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်း တည်ဆောက်ထားသည့် School Cum Shelter ကို တွေ့ရစဉ်။

# ကလေး၊ မော်လိုက်၊ ခန္တီးခရိုင်များတွင် School Shelter ၊ School Cum Shelter နှင့် Cyclone Shelter များ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

မုံရွာ မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက်နှင့် မြစ်သာမြစ်ရိုးတစ်လျှောက်ရှိ ကလေး၊ မော်လိုက်၊ ခန္တီးခရိုင်များတွင် School Shelter ၊ School Cum Shelter နှင့် Cyclone Shelter များ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်က ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်ပေးလျက်ရှိသော Shelter များမှာ ဖောင်းပြင်မြို့နယ် အမှတ်(၈၇) မူလွန်ကျောင်းတွင် School Cum Shelter တစ်လုံးကို ငွေကျပ် ၁၈၁ ဒသမ သုည သန်းဖြင့် လည်းကောင်း၊ ဟဲလှော်ကျေးရွာတွင် School Shelter တစ်လုံးကို ငွေကျပ် ၁၅၅ ဒသမ ၈၁၀ သန်းဖြင့် လည်းကောင်း၊ သရောင်းကျေးရွာတွင် Shelter တစ်လုံးကို လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ဟုမ္မလင်းမြို့နယ် မုက္ကလိ(အမက)ကျောင်းတွင် School Shelter တစ်လုံးကို

စာမျက်နှာ ၃ ကော်လံ ၄ ❐

**ယနေ့ ဖတ်စရာ**


COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၈/၂၀၂၀)ကျင်းပ၊ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံသို့ ကူးစက်ပြန့်ပွားနေပြီး သေဆုံးမှုရာခိုင်နှုန်း ၄ ဒသမ ၂ အထိ မြင့်တက် — ပြည်တွင်းသတင်း စာ ၈

ထိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၈၈ ဦး ရှိလာပြီး စုစုပေါင်း ကူးစက်ခံရသူ ၅၉၉ ဦး ရှိနေ — နိုင်ငံတကာသတင်း စာ ၁၄

ကိုရိုနာဗိုင်းရပ်စ်ကို အပြင်းအထန် တွန်းလှန်နေကြတဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံများ — နိုင်ငံတကာရေးရာ စာ ၁၅



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လက်ဆေးပါ

တရုတ်နိုင်ငံ ဝူဟန်ဒေသမှ စတင်ဖြစ်ပွားလိုက်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် လပိုင်းအတွင်းမှာပင် နိုင်ငံတကာအနှံ့ ပျံ့နှံ့ကူးစက်သွားခဲ့သည်။ ၂၂-၃-၂၀၂၀ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံ ၁၉၄ နိုင်ငံအနက် အနီးရောဂါ ကူးစက်ပြန့်ပွားကာ ဖြစ်ပွားနေသည့် နိုင်ငံပေါင်း ၁၈၄ နိုင်ငံ ရှိနေပြီဖြစ်သည်။

စတင်ဖြစ်ပွားချိန်မှစ၍ နိုင်ငံတကာတွင် ရောဂါဖြစ်ပွားကြောင်း ဓာတ်ခွဲ အတည်ပြုလူနာ ၂၆၇၀၁၃ ဦး ရှိနေပြီး ထိုရောဂါကြောင့် သေဆုံးသူ ၁၁၂၀၁ ဦး ရှိ၏။ မကြာခင်ကမှ စတင်ဖြစ်ပွားသော အီတလီနိုင်ငံ၏ ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ မူလဖြစ်ပွားသည့် တရုတ်နိုင်ငံမှ သေဆုံးသူဦးရေထက် ပိုမိုများပြားနေ၏။ တရုတ်နိုင်ငံတွင် သေဆုံးသူ ၃၂၆၁ ဦး ရှိခဲ့သည်ဖြစ်သော်လည်း အီတလီနိုင်ငံတွင် သေဆုံးသူစုစုပေါင်း ၄၀၃၂ ဦးရှိပါသည်။ ဖြစ်ပွားသည့် ရင်းမြစ်နိုင်ငံနှင့် ကူးစက်ခံရသည့် နိုင်ငံဟူ၍ဖြစ်သော်လည်း ရောဂါ၏ ဆိုးကျိုးရလဒ်ကို ခံစားရသည်မှာ ပိုမိုဆိုးရွားနိုင်သည်ကို သတိပြုမိပါသည်။

မြန်မာနိုင်ငံသည် ယနေ့ချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူရော၊ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ကူးစက်ဝင်ရောက်နေသူပါ မရှိသေးဟု အတည်ပြုထားသော်လည်း ကမ္ဘာအနှံ့ ပျံ့နေသည့် ကူးစက်ရောဂါဖြစ်သည့်အတွက် မိမိတို့နိုင်ငံသို့လည်း အချိန်မရွေး ဝင်ရောက်လာနိုင်ကြောင်း သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံရှိ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံတကာ ကျွမ်းကျင်သူများ၊ ပြည်တွင်းမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့်တကွ ပြည်သူတို့နှင့်အတူ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပေသည်။

မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုအရ၊ စီးပွားရေးအရ အားနည်းချက်များ ရှိနေသည့်နိုင်ငံဖြစ်သော်လည်း ပြည်သူလူထု၏ ပူးပေါင်းကူညီမှု၊ နိုင်ငံတကာ၏ ပူးပေါင်းကူညီမှုများ၏ အင်အားဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်နေပါသည်။

ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းဆောင်ရွက်နေကြသူများက ကြိုးပမ်းနေသည်နှင့်အညီ ပြည်သူလူထုကလည်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးကြေညာထားသည့် လိုက်နာရမည်များ၊ ရှောင်ကြဉ်ရမည်များကို ကျင့်ကြံကြရန် လိုအပ်ပါသည်။

အထူးသဖြင့် ယခုအချိန်ထိ အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးဖြစ်သည့် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြုကာ စနစ်တကျ မကြာခဏ ဆေးကြောခြင်း၊ သို့မဟုတ် အရက်ပြန်အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သည့် လက်သန့်စင်ဆေးရည်ကို အသုံးပြု သန့်စင်ခြင်းတို့ကို မပျက်မကွက်ပြုလုပ်ရန် လိုပါသည်။

အထူးသဖြင့် အပြင်မှ ပြန်လာသည့်အခါတိုင်း အများပြည်သူ အသုံးပြုသည့်နေရာများမှ လှေကားလက်ရန်း၊ တံခါးလက်ကိုင် အစရှိသည့် လက်ဖြင့်ထိတွေ့ကိုင်တွယ်ရသည့် ပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ကို ဆေးကြောကြရန် လိုအပ်ပါသည်။

နှာချေ ချောင်းဆိုးတိုင်း နှာခေါင်းနှင့် ပါးစပ်တို့ကို လုံခြုံအောင် ဖုံးအုပ်ထားသင့်ပါသည်။ ကိုယ်တိုင် ဖျားနာ၊ နှာချေ ချောင်းဆိုး နေလျှင် လူစုလူဝေးနေရာများ၊ ဘတ်စ်ကားစီးခြင်း၊ ခရီးသွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ မိမိမှတစ်ဆင့် မိမိ၏ မိသားစုအပါအဝင် အခြားသူများကို ရောဂါမကူးစက်စေသင့်ပါ။ မိမိတွင် ရောဂါဖြစ်ပွားနေနိုင်သည်ဟု သံသယရှိသည်နှင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပို့ရန် လိုအပ်ပါသည်။

လူစုလူဝေးများကို ရှောင်ကြဉ်ကာ အတတ်နိုင်ဆုံး အိမ်တွင်းနေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အသက် ၆၀ နှင့်အထက် လူကြီးများ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ အစရှိသည့် နာတာရှည်ရောဂါရှိသူများအနေဖြင့် ပွဲလမ်းသဘင် အခမ်းအနားများကို တက်ရောက်ခြင်း၊ အပြင်သို့ သွားရောက်ခြင်းတို့ကို ယခုကာလအတွင်း ရှောင်ကြဉ်ကြခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်ပေးနေသော သတင်းမှန်များကိုရယူခြင်း မျှဝေခြင်းတို့ဖြင့် ကပ်ရောဂါဘေးမှ ဝိုင်းဝန်းကာကွယ်ကြပါရန် နှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ တပ်မတော်သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် မတ် ၂၂**

တပ်မတော်သတင်းစာ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တက်ရောက်ကြပြီး သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

သတင်းစာ ရှင်းလင်းပွဲတွင် ဗိုလ်ချုပ် စိုးနိုင်ဦးက ကွတ်ခိုင်မြို့နယ် လွယ်ခမ်ကျေးရွာနှင့် အနီးတစ်ဝိုက်တို့၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၆ ရက်အထိ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ငွေကျပ် ၃၁၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှု၊ ဖမ်းဆီးရမိသူများနှင့် ထွက်ပြေးတိမ်းရှောင်နေသူများအား တရားဥပဒေအရ ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ် ထွန်းထွန်းညီက AA အဖွဲ့ ရက်ပေါင်း ၄၀ ကျော်ကြာ ဝိုင်းပတ်ပိတ်ဆို့ထားသည့် မီးဂစခန်းကို စစ်ကူပေးနိုင်ရေး တပ်မတော်စစ်ကြောင်းများက ထိုးဖောက်တိုက်ခိုက်မှုနှင့် AA အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက Coronavirus Disease 2019 (COVID-19) ရောဂါ ကြိုတင်ကာကွယ်ရေး အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များအား ညွှန်ကြားထားရှိသည့် အခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာပစ္စည်းများ သွားရောက်ပေးပို့လှူဒါန်းခဲ့သည့် အခြေအနေ၊ COVID-19 ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိမှုနှင့် ရောဂါပြန့်ပွားကူးစက်လာပါက တပ်မတော်နှင့် အရပ်ဘက် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ COVID-19 ရောဂါကုသရာတွင် အထောက်အကူပြုသည့် Chloroquine ဆေးများကို နယ်စပ်ဒေသမြို့များရှိ ဆေးရုံများသို့ တပ်မတော်မှလှူဒါန်းခဲ့မှုနှင့် မြို့နယ်အသီးသီးရှိဆေးရုံ၊ ဆေးခန်းများတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money(MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID-19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ပြည်သူသာလျှင် အဓိက

❋ *ရှေ့ဖုံးမှ*

ဘဏ္ဍာငွေများ ထပ်မံခွဲဝေချထားပေးခဲ့ပါကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်

COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရန်မှာ အချိန်နှင့်အမျှအရေးကြီးသဖြင့် မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့် (delegation of authority) အပြည့်အဝပေးအပ်ထားပါကြောင်း၊ ဆုံးဖြတ်ချက်ချလုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်ပြီး ဗဟိုအဆင့်သို့ သတင်းပေးပို့ရန်သာဖြစ်ပါကြောင်း ပြောကြားပြီး အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

### ညှိနှိုင်းမှုများပြုလုပ်

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့တို့သည် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းမှုများပြုလုပ်သည်။ **(ယာပုံ)**

"ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ" ၏ ပံ့ပိုးမှုဖြင့် မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါကျောင်းတိုက်၏ အဆောင်များတွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူသူ ၄၀၀ ခန့်ကို ထားရှိနိုင်မည်ဖြစ်ပြီး ယနေ့ညတွင် စတင်ထားရှိ အသုံးပြုနိုင်ရန် စီစဉ်ထားရှိကြောင်းသိရသည်။ **သတင်းစဉ်**





## ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် မတ် ၂၁ ရက်က ရန်ကုန် – ပုသိမ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မိုင် ၂၆ / ၅ ရှိ စီမံကိန်း လုပ်ငန်းရှင်းလင်းဆောင်တွင် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်က ရန်ကုန်–ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများ၊ လမ်းဘေး ဝဲ/ယာတွင် မိုးရာသီ လမ်းသားတာပေါင်မြေပြိုကျမှုမရှိစေရေး ကြိုတင်ကာကွယ်ရန် လိုအပ်သောနေရာများ၌ Sheet Pile ဖြင့် မြေပြိုကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် စီမံချက်ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Sub Grade လုပ်ငန်းများကို စက်ယန္တရားဖြင့် ဆောင်ရွက်ရာတွင် Layer by layer ခင်း၍ ရေဖျန်းပြီး စနစ်တကျခင်းကြိတ်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ၄၉ ကီလိုမီတာနှင့် ၅၀ ကီလိုမီတာ အကြားတွင် မိုးရာသီအတွင်း လမ်းတာပေါင် ရေတိုက်စားမှုကိုကာကွယ်ရေး Sheet Pile လုပ်ငန်းဆောင်ရွက်ရန်၊ Test Pile ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက်Test Pile Result အား ကြည့်ရှုခဲ့ပြီး Sheet Pile ရိုက်ရမည့် Pile အနက်နှင့် ဆောင်ရွက်ရမည့် တာပေါင်အရှည်အား ဆုံးဖြတ်ပေးခဲ့သည်။ ထို့နောက် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာဉ်သွားလာမှု လုံခြုံချောမွေ့စေရေး၊ သတိထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၁၀ ကီလိုမီတာရှိ ကွန်ကရစ်အရည်အသွေး ထိန်းသိမ်းရေးစခန်းသို့ ရောက်ရှိပြီး Construction Material များကို ခွဲခြမ်းစမ်းသပ်ထားမှုနှင့် Concrete Mould များကို Compressive Strength စမ်းသပ်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန် – ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီးအပိုင်းမှာ ၅ မိုင် ၄ ဖာလုံမှ ၁၇ မိုင် ၄ ဖာလုံအထိ ၁၂ မိုင်အား ၄၈ ပေအကျယ် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ရာမှာ ၅၅ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရှိရပြီး ဧရာဝတီတိုင်းဒေသကြီးအပိုင်းတွင် မိုင် ၁၇ / ၄– ၄၁ / ၄ အထိ ၂၄ မိုင်အား ပေ ၃၀ အကျယ်ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းမှာ ၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီး ရန်ကုန်– ပုသိမ်လမ်း ၅ မိုင် ၄ ဖာလုံမှ ၄၁ မိုင် ၄ ဖာလုံအထိ စုစုပေါင်း ၃၆ မိုင်အား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းကို မေလကုန်အပြီး ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❒ *ရှေ့ဖုံးမှ*

ငွေကျပ် ၁၆၄ ဒသမ ၈၀၀ သန်းဖြင့် လည်းကောင်း၊ ကလေးမြို့ အမှတ်(၃) တောင်ဦး၊ ပြင်သာကျေးရွာတွင် School Cum Shelter တစ်လုံးကို ၁၉၆ ဒသမ သုည သန်းဖြင့် လည်းကောင်း၊ သဖန်းအိုင်ကျေးရွာတွင် School Cum Shelter တစ်လုံးကို ၁၉၆ ဒသမ သုည သန်းဖြင့် လည်းကောင်း၊ နတ်မြောင်းကျေးရွာ Cyclone Shelter တစ်လုံးကို ၁၅၃ ဒသမ ၂၂၀ သန်းဖြင့် လည်းကောင်း၊ ခန္တီးမြို့ ပေါ်မိုင်းရပ်ကွက် အမက(၁) သာစည်ကျောင်းတွင် School Shelter တစ်လုံးကို ငွေကျပ် ၁၆၄ ဒသမ ၈၀၀ သန်းဖြင့် လည်းကောင်း၊ မော်လိုက်မြို့နယ် ကြာအင်းကျေးရွာတွင် School Cum Shelter တစ်လုံးကို ၁၅၅ ဒသမ ၈၁၀ သန်းဖြင့် လည်းကောင်း၊ ကင်းတပ်ရွာတွင် School Cum Shelter တစ်လုံးကို ၁၅၅ ဒသမ ၈၁၀ သန်းဖြင့် လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

လေပြင်းဒဏ်နှင့် ရေကြီးနစ်မြုပ်မှုများ ခံစားရသည့်အတွက် School Shelter ၊ School Cum Shelter နှင့် Cyclone Shelter တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ သဘာဝဘေးမဖြစ်လျှင် စာသင်ကျောင်းအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း၊ Shelter များ တည်ဆောက်ရာတွင် ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးစဝ်လီဖရန့်က ပြောကြားသည်။

**မွေးကြူဇင်**



မော်လိုက်မြို့နယ် ကြာအင်းကျေးရွာတွင် School Cum Shelter တည်ဆောက်နေမှုကို တွေ့ရစဉ်။

# နေပြည်တော်အတွင်းရှိ ပရဟိတကျောင်းများတွင် COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာအသိပညာပေး

**နေပြည်တော် မတ် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပရဟိတဂေဟာများဖြစ်သော အေးမေတ္တာစံ ပရဟိတတောင်နီလေးကျောင်းတိုက်ရှိ အေးမေတ္တာစံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် ပြင်ကြီးသာသနာ့ဝေပုလ္လသီလရှင် စာသင်တိုက်တို့သို့ သွားရောက်၍ လတ်တလော ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိသည့် COVID – 19 ရောဂါနှင့် ပတ်သက်၍ သီလရှင်များ၊ ဂေဟာမှူးများ၊ ကြီးကြပ်သူဆရာ၊ ဆရာမများအား ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်သည်။

ဒုတိယဝန်ကြီးက COVID – 19 ရောဂါသည် ယခုအခါ ကမ္ဘာ့နိုင်ငံ ၁၇၇ နိုင်ငံတွင် ကူးစက်ပြန့်ပွားလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကူးစက်ခံရသူ မတွေ့ရှိရသေးသော်လည်း COVID–19 ရောဂါ နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို မိမိ၏ အရေးကိစ္စသဖွယ် သဘောထားကာ တိတိကျကျ လိုက်နာဆောင်ရွက်ကြပါရန်နှင့် တတ်နိုင်သမျှ ဝိုင်းဝန်းပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူများထံသို့ မေတ္တာရပ်ခံပန်ကြားထားပါသဖြင့် မိမိတို့ဝန်ကြီးဌာနက အသိအမှတ်ပြု ဖွင့်လှစ်တည်ထောင်ထားသော ပရဟိတဂေဟာများအနေဖြင့်လည်း ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပရဟိတဂေဟာများသည် ကလေးများစွာကို ပြုစုစောင့်ရှောက်ထားရခြင်း၊ ပြင်ပမှ အလှူရှင်များ လာရောက်လှူဒါန်းမှုရှိခြင်းများနှင့် လူအများစုဝေးမှုကြောင့် ကူးစက်ခံရခြင်း မရှိစေရန် မိမိတို့ဝန်ကြီးဌာနမှ မတ် ၁၈ ရက်တွင် ထုတ်ပြန်ထားသော အလှူရှင်များသို့ မေတ္တာရပ်ခံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ လူ၏ လက်သည် နေရာအနှံ့အပြားနှင့် ထိတွေ့လုပ်ကိုင်နေရသဖြင့် လက်မှ တစ်ဆင့် Virus ပိုးများသည် မျက်စိ၊ နှာခေါင်း၊ ပါးစပ်များ အတွင်းဝင်ရောက်ပြီး အသက်ရှူလမ်းကြောင်းသို့ အလွယ်တကူ ကူးစက်နိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ လက်ကို ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စနစ်တကျ မကြာခဏ ဆေးကြောသန့်ရှင်းပေးပါရန် (သို့မဟုတ်) အရက်ပြန်အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သည့် လက်သန့်စင်ဆေးရည်ကို အသုံးပြု၍ သန့်စင်ပေးပါရန်၊ နှာချေ၊ ချောင်းဆိုးသော ကလေးများ၊ ဖျားနာသော ကလေးများရှိပါကလည်း နီးစပ်ရာ ကျန်းမာရေးဆေးခန်းများသို့ သွားရောက်ပြသကုသကြပါရန်နှင့် အသိနှင့်သတိယှဉ်တွဲပြီး လိုက်နာဆောင်ရွက်ပေးပါရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးနှင့် တာဝန်ရှိသူများက စနစ်တကျ လက်ဆေးနည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်သည်။



**(အပေါ်ပုံ)** ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆရာတော်နှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကလေးသူငယ်များနှင့် သီလရှင်လေးများအတွက် ကြက်ဥ၊ ပဲနို့နှင့် ဆပ်ပြာခဲများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများတွင် COVID - 19 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၂၂**

စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများရှိ အလုပ်ရှင်များ၊ အလုပ်သမားများ COVID – 19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးမှုလုပ်ငန်းများ ကျယ်ပြန့်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် စက်မှုဇုန်တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**(အောက်ပုံ)**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုက ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများမှ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် COVID – 19 ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးဆွဲထားသော အသိပညာပေးလုပ်ငန်းစီမံချက်၊ ကနဦး ဆောင်ရွက်မည့် လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်အတွင်း ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် လူမှုဖူလုံရေးအဖွဲ့မှ မြို့နယ်ရုံးခွဲတာဝန်ခံများ၊ မြို့နယ်တာဝန်ခံ ဆရာဝန်များ၊ လူမှုဖူလုံရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ခံဆရာဝန်များအား TOT သင်တန်းပေးနေမှု၊ ၎င်းမှ တစ်ဆင့် ဆင့်ပွားသင်တန်းများပေးကာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများမှ တာဝန်ရှိသူများက COVID – 19 ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည့်လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများအား COVID – 19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေးမှုများကို စဉ်ဆက်မပြတ်ပြုလုပ်ပေးနေကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–မင်းသစ်(MNA)**

## ထူးခြားသည့် နေ့အပူချိန်များ

၂၂–၃–၂၀၂၀

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ တောင်ငူမြို့၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန် များမှာ တမူးမြို့တွင် ၀ ဒသမ ၈၇ လက်မနှင့် မိုင်းယန်းမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## COVID-19 တားဆီးကာကွယ်ရေး ပြည်မြို့၌ အသိပညာပေးနှိုးဆော်

**ပြည် မတ် ၂၂**

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ COVID – 19 တားဆီးကာကွယ်ရေးအသိပေးနှိုးဆော်ခြင်းများကို ပြည်မြို့၌ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ပြည်မြို့နယ်အတွင်းရှိ ပြည်သူများအား အဆိုပါ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ (COVID–19) ကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ရောဂါကြိုတင် ကာကွယ်ခြင်းနည်းလမ်းများ၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ ပါဝင်သည့်အသိပညာပေးခြင်းများကို ပြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကေခိုင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ ပြည်မြို့ရှိ အောင်မင်္ဂလာဈေး၊ မြို့မဈေးကြီးနှင့် တောတန်းဈေးများသို့ သွားရောက်ကာ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်လာသူများအား COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်း၊ အသိ ပညာပေးခြင်း၊ ရောဂါမဖြစ်ပွားအောင် စနစ်တကျလက်ဆေးခြင်း၊ နှာခေါင်းစည်း များ စနစ်တကျအသုံးပြုခြင်းများ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းစိုး(ပြန်/ဆက်)**

# COVID – 19 ရောဂါကာကွယ်ထိန်းချုပ်ရေး ညောင်လေးပင်၌ ညှိနှိုင်းစည်းဝေး

**ညောင်လေးပင် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်အဆင့် COVID–19 အဆုတ်ရောင်ရောဂါကာကွယ်ထိန်းချုပ်ရေး တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေး ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာသောင်းဒန်ဦးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည့်အတိုင်း ကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကြိုတင်စီစဉ်ထားရှိမှုနှင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးသည်။

ဆက်လက်၍ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင် ၁၉ ဦးတို့က ငွေကျပ် ၄၄ သိန်းကျော် ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန် ဒေါက်တာသောင်းဒန်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**


ယနေ့ ပြုလုပ်သည့် အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာဝန်များ၊ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ပိန်းဇလုပ်သိန်းညွန့်**



# စောစော "ပြော"၊ စောစော "သိ"၊ အားလုံးအကျိုးရှိ












































COVID-19ရောဂါထိန်းချုပ်ကာကွယ်ဖို့

"ပြည်သူသာလျှင်အဓိက"

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19)နှင့်ပတ်သက်၍ အမေးများသောမေးခွန်းများနှင့် အဖြေများ

**(၁) ကိုရိုနာဗိုင်းရပ်စ် (Coronavirus) ဆိုတာ ဘာလဲ ?**

- ကိုရိုနာဗိုင်းရပ်စ် (Coronavirus) ဆိုတာ တိရစ္ဆာန်တွေမှာသာမက လူတွေမှာပါတွေ့နိုင်တဲ့ ကြီးမားတဲ့ဗိုင်းရပ်စ်အုပ်စုတစ်မျိုးပါ။ လူတွေကို ကူးစက်တဲ့အခါ သာမန်တုပ်ကွေးရောဂါ လက္ခဏာကနေ ပြင်းထန်တဲ့ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါတွေအထိ ဖြစ်တတ်ပါတယ်။
- ၂၀၀၂ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ SARS ရောဂါ၊ ၂၀၁၂ ခုနှစ်က အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပွားခဲ့တဲ့ MERS ရောဂါတွေလိုမျိုး ပြင်းထန်အဆုတ်ရောင်ရောဂါတွေဟာ ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးတွေကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါတယ်။ မကြာသေးခင်ကမှ အသစ်တွေ့ရှိရတဲ့ ကိုရိုနာဗိုင်းရပ်စ်ကတော့ (COVID-19) လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါကို ဖြစ်ပွားစေခဲ့ပါတယ်။

**(၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ဆိုတာဘာလဲ ?**

- ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ဆိုတာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ စတင်တွေ့ရှိခဲ့တဲ့ Coronavirus မျိုးစိတ်အသစ်တစ်ခုကြောင့် ဖြစ်ပွားခဲ့တဲ့ ကူးစက်ရောဂါပဲ ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ကို အရင်တုန်းက လူတွေမှာ မတွေ့ရှိခဲ့ကြဖူးပါဘူး။

**(၃) ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19)ရဲ့ ရောဂါလက္ခဏာတွေက ဘာတွေလဲ?**

- အဖြစ်အများဆုံး ရောဂါလက္ခဏာတွေကတော့ အဖျားကြီးခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ချောင်းခြောက်ဆိုးခြင်းတို့ ဖြစ်ပါတယ်။ တချို့လူနာတွေမှာ သလိပ်ထွက်ခြင်း၊ မောခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်ပါတယ်။ ရောဂါပိုးကူးစက်ခံရသူတချို့မှာ မည်သည့်ရောဂါလက္ခဏာမှ ဖြစ်ပေါ်ခြင်းမရှိပါ။ ရောဂါဖြစ်ပွားသူတွေထဲမှာမှ ၈၀% က အထူးကုသမှုခံယူစရာမလိုဘဲ ပြန်လည်သက်သာသွားလေ့ရှိပါတယ်။ ရောဂါဖြစ်ပွားသူ ငါးယောက်ရှိလျှင် တစ်ယောက်က အသက်ရှူခက်ခဲခြင်း စတဲ့ ပြင်းထန်ရောဂါလက္ခဏာတွေ ခံစားရတတ်ပါတယ်။ အထူးသဖြင့် အသက်ကြီးတဲ့သူတွေ၊ နာတာရှည်ရောဂါ (သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ)ရှိတဲ့သူတွေမှာ ရောဂါပိုမို ပြင်းထန်တတ်ပါတယ်။ ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူခက်ခဲခြင်းစတဲ့ ရောဂါလက္ခဏာတွေ ခံစားရပြီဆိုလျှင် ဆေးကုသမှု ချက်ချင်းခံယူသင့်ပါတယ်။

**(၄) ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဘယ်လိုကူးစက်ခံရနိုင်တာလဲ ?**

- ရောဂါရှိတဲ့သူနဲ့ အနီးကပ် ထိတွေ့ရာကတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါတယ်။ COVID-19 ရောဂါခံစားနေရတဲ့သူ နှာချေ၊ ချောင်းဆိုးရာမှ ထွက်လာတဲ့ ရောဂါပိုး အစက်အမှုန်တွေ အသက်ရှူလမ်းကြောင်းကို ဝင်ရောက်ရာမှတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ပါတယ်။ ရောဂါပိုး အစက်အမှုန်တွေက အနီးပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုတွေ၊ မျက်နှာပြင်တွေပေါ်ကို ကျရောက်တတ်ပါတယ်။ ဒီရောဂါပိုးတင်ကျန်နေတဲ့ မျက်နှာပြင်၊ အရာဝတ္ထုတွေကို ကိုင်တွယ်ထားတဲ့ လက်နဲ့ မိမိမျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို ကိုင်တွယ်မိရာကတစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ လူတစ်ဦးနှင့်တစ်ဦး ၁ မီတာ ၃ ပေ အကွာမှာနေဖို့က အလွန်အရေးကြီးပါတယ်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အနေဖြင့် (COVID-19)ကူးစက်ပြန့်ပွားပုံနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

❖ **COVID-19 ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်က လေမှတစ်ဆင့် ကူးစက်နိုင်ပါသလား ?**

- ယခုလက်ရှိတွေ့ရှိချက်များအရ COVID-19 ဖြစ်ပွားစေတဲ့ ရောဂါပိုးအစက်အမှုန်တွေကို ထိတွေ့ရာကတစ်ဆင့် အဓိက ကူးစက်တာပဲ ဖြစ်ပါတယ်။ (ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ကြီး (WHO) အနေဖြင့် COVID-19 ကူးစက်ပြန့်ပွားပုံနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်)

❖ **ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာမပြတဲ့သူဆီကရော ရောဂါကူးနိုင်ပါသလား?**

- ရောဂါလက္ခဏာ လုံးဝမပြတဲ့သူကတစ်ဆင့် ကူးစက်နိုင်ခြေ အလွန်နည်းပါတယ်။ ဒါပေမယ့် ရောဂါအစပျိုးချိန်တွေနဲ့ သာမန်ရောဂါလက္ခဏာတွေ ခံစားနေရတဲ့သူက တစ်ဆင့်တော့ ကူးစက်နိုင်ပါတယ်။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အနေဖြင့် COVID-19 ကူးစက်ပြန့်ပွားပုံနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်)

❖ **ရောဂါရှိသူရဲ့ မစင်ကတစ်ဆင့် ကူးစက်နိုင်ပါသလား?**

- ရောဂါရှိသူရဲ့ မစင်ကတစ်ဆင့် ကူးစက်နိုင်ခြေနည်းပါတယ်။ ကနဦးတွေ့ရှိချက်တွေအရ တချို့လူနာတွေရဲ့ မစင်ထဲမှာ ရောဂါပိုးရှိနေနိုင်ပေမယ့် အစာအိမ်အူလမ်းကြောင်းကတစ်ဆင့် အဓိက ကူးစက်ခြင်းမဟုတ်တာကို တွေ့ရပါတယ်။ မည်သို့ပင်ဖြစ်စေ ကူးစက်နိုင်ခြင်းကို ကာကွယ်ဖို့အတွက် အစာမစားမီတိုင်း၊ အိမ်သာမှ ဆင်းပြီးတိုင်း၊ လက်ကိုစနစ်တကျ စင်ကြယ်အောင် ဆေးကြောပါ။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) အနေဖြင့် COVID-19 ကူးစက်ပြန့်ပွားပုံနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်)

**(၅) ရောဂါကာကွယ်ဖို့နည်းလမ်းတွေက ဘာတွေလဲ?**

- ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်တဲ့ ရောဂါကာကွယ်နိုင်မယ့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်တွေကို သတိပြု ဖတ်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုမှာ ရောဂါကူးစက် ပျံ့နှံ့နေပြီဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် တချို့နိုင်ငံတွေမှာ ရောဂါ ထိန်းချုပ်မှုတွေ အောင်မြင်နေပြီဖြစ်ပေမယ့် အခြေအနေတွေက ခန့်မှန်းလို့ မရနိုင်သေးပါဘူး။ နောက်ဆုံးရသတင်းတွေကို ပုံမှန်စောင့်ကြည့်ဖို့ အရေးကြီးပါတယ်။

**ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက်–**

- ရေနဲ့ ဆပ်ပြာအသုံးပြုပြီး အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် လက်ကို မကြာခဏ စနစ်တကျ ဆေးကြောပါ။ (သို့မဟုတ်) Alcohol (အနည်းဆုံး ၆၀%)ပါတဲ့ လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။ (လက်ကို စနစ်တကျ မကြာခဏ ဆေးခြင်းအားဖြင့် လက်မှာကပ်ငြိနေတဲ့ ရောဂါပိုးတွေကို သေစေနိုင်ပါတယ်)
- နှာချေ၊ ချောင်းဆိုးနေတဲ့သူတွေနဲ့ တွေ့ဆုံတဲ့အခါ အနည်းဆုံး ၁ မီတာ ၃ ပေအကွာမှာနေပါ။ (ရောဂါပိုးရှိသူတွေ နှာချေ၊ ချောင်းဆိုးတဲ့အခါ ထွက်လာတဲ့ သေးငယ်သော အမှုန်အမွှားတွေမှာ ရောဂါပိုးတွေ ပါရှိတတ်လို့ပါ)
- မိမိရဲ့မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကို မကြာခဏ ကိုင်တွယ်ခြင်း မပြုပါနဲ့။ (လက်မှာ ရောဂါပိုးတွေ ကပ်ငြိနေမယ်ဆိုရင် မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကနေတစ်ဆင့် ရောဂါပိုးတွေ ဝင်ရောက်နိုင်လို့ပါ)
- နှာချေ၊ ချောင်းဆိုးတဲ့အခါတိုင်း လိုက်နာရမယ့် ကျင့်ဝတ်တွေကို လိုက်နာပါ။ နှာချေ၊ ချောင်းဆိုးတဲ့အခါ နှာခေါင်းနဲ့ ပါးစပ်ကို တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ သုံးပြီးသားတစ်ရှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ လက်ကို စနစ်တကျပြန်ဆေးပါ။
- နေမကောင်းဖြစ်လျှင် အိမ်မှာပဲ အနားယူပါ။ ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူခက်ခဲခြင်းတွေဖြစ်ခဲ့လျှင် ဆေးကုသမှု ချက်ချင်းခံယူပါ။ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွေက လမ်းညွှန်ချက်အတိုင်း လိုက်နာပါ။
- COVID-19 ရောဂါ ဘယ်နေရာတွေမှာ ဖြစ်ပွားနေပြီဆိုတဲ့ နောက်ဆုံးရသတင်းတွေကို စောင့်ကြည့်ပါ။ အဲ့ဒီနေရာတွေကို ခရီးသွားခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ (အထူးသဖြင့် အသက်ကြီးသူများနှင့် နာတာရှည်ရောဂါရှိသူများ)

❖ **လွန်ခဲ့သော ၁၄ ရက်အတွင်း COVID-19 ရောဂါဖြစ်ပွားနေတဲ့ဒေသမှ ပြန်လာသောသူများ လိုက်နာရမယ့်အချက်တွေက ဘာတွေလဲ?**

- အထက်မှာ ဖော်ပြထားတဲ့ ရောဂါကာကွယ်နိုင်မယ့် နည်းလမ်းတွေကို လိုက်နာပါ။
- မိမိမှာ ခေါင်းကိုက်ခြင်း၊ အဖျားငွေ့ငွေ့ရှိခြင်း စသည့် ရောဂါလက္ခဏာတွေ ပေါ်ပေါက်ပါက မိသားစုနဲ့အတူ ရောနှောနေထိုင်ခြင်းမပြုဘဲ သီးသန့်ခွဲခြားနေထိုင်ပါ။ အကယ်၍ အစားအစာဝယ်ရန် / အပြင်ထွက်ရန် မဖြစ်မနေလိုအပ်ပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ထားရပါမယ်။ အကယ်၍ အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခြင်းတို့ ဖြစ်ပေါ်လာလျှင် ဆေးကုသမှု ချက်ချင်းခံယူပါ။ ခရီးသွားရာဇဝင်ကို နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပြီး ကုသမှုခံယူပါ။ ခရီးသွားရာဇဝင်နဲ့ အနီးကပ် ထိတွေ့ဆက်ဆံခဲ့တဲ့သူတွေစာရင်းကို ကျန်းမာရေးစောင့်ရှောက်သူထံ ပြောပြပါ။ (အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါအပါအဝင် အခြားကူးစက်ရောဂါများ အန္တရာယ်ကနေ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။)

**(၆) COVID-19 ရောဂါကူးစက်နိုင်ခြေ ဘယ်လောက်ရှိသလဲ ?**

- “သင်” ဘယ်နေရာမှာ နေတာလဲရယ်၊ ခရီးသွားခဲ့တဲ့ ဒေသတွေပေါ်မှာ မူတည်ပြီး ကူးစက်နိုင်ခြေကွာခြားသွားပါတယ်။ ရောဂါကူးစက်မှုဖြစ်ပွားနေတဲ့ မြို့ကြီးတွေ၊ ဒေသတွေမှာ နေထိုင်တဲ့သူတွေနဲ့ အဲဒီဒေသတွေကို ခရီးသွားလာတဲ့သူတွေမှာ ရောဂါကူးစက်နိုင်ခြေပိုများပါတယ်။ အစိုးရနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရက ထုတ်ပြန်ထားတဲ့ ခရီးသွားလာခြင်းနဲ့ပတ်သက်တဲ့ တားမြစ်ချက်တွေ၊ လူစုလူဝေးနဲ့ပတ်သက်တဲ့ တားမြစ်ချက်တွေကို သေသေချာချာ လိုက်နာဆောင်ရွက်ရပါမယ်။ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိကိုယ်တိုင်ရော၊ သူတစ်ပါးကိုပါ ရောဂါကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်တယ်ဆိုတာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အချို့နိုင်ငံတွေက လက်တွေ့ပြသနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရောဂါကူးစက်ပျံ့နှံ့မှုအသစ် ဖြစ်ပွားခြင်းတွေကလည်း အလျင်အမြန် ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ကိုယ်သွားမယ့်ဒေသရဲ့ COVID-19 ရောဂါနဲ့ပတ်သက်တဲ့ အခြေအနေတွေကို သတိပြုဖို့ အလွန် အရေးကြီးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း နေ့စဉ်နဲ့အမျှ နောက်ဆုံးရ သတင်းအချက်အလက်တွေကို ကမ္ဘာအနှံ့ကို ပေးပို့နေ ပါတယ်။

**(၇) COVID-19 ရောဂါဟာ ဘယ်အတိုင်းအတာအထိ စိုးရိမ်ရမှာလဲ?**

- ကလေးတွေနဲ့ လူငယ်တွေမှာ COVID-19 ရောဂါဟာ ပြင်းထန်လေ့မရှိဘဲ သာမန်ရောဂါလက္ခဏာတွေပဲ ဖြစ်ပွားတတ်တာပါ။ ရောဂါဖြစ်ပွားသူ ငါးယောက်မှာ တစ်ယောက်က ရောဂါပြင်းထန်နိုင်ပြီး ဆေးရုံမှာ ကုသဖို့ လိုနိုင်ပါတယ်။ ဒါကြောင့်မို့ ကိုယ်ကိုယ်တိုင်နဲ့အတူ ကိုယ်ချစ်ရတဲ့သူတွေနဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုရော ရောဂါကူးစက်မှာကို လူတိုင်းစိုးရိမ်နေကြမှာပါ။ စိုးရိမ်ပူပန်နေရုံနဲ့မပြီးပါဘူး။ လက်မကြာခဏ စနစ်တကျဆေးခြင်း၊ ချောင်းဆိုး၊ နှာချေတဲ့အခါ လိုက်နာရမယ့်ကျင့်ဝတ်တွေကို လိုက်နာခြင်း စတဲ့ ရောဂါကာကွယ်ရမယ့် နည်းလမ်းတွေကို တစ်ဦးချင်းစီက လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်တွေ၊ အစိုးရက ထုတ်ပြန်တဲ့ တားမြစ်ချက်တွေကို တစ်ဦးတစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်မှာပဲ ဖြစ်ပါတယ်။

**(၈) ဘယ်လိုလူတွေမှာ ရောဂါပြင်းထန်တာလဲ?**

- ယခုလက်ရှိ တွေ့ရှိချက်များအရတော့ အသက်ကြီးတဲ့သူတွေ၊ နဂိုရောဂါအခံ (သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာ၊ အဆုတ်ရောဂါ) ရှိတဲ့သူတွေမှာ ပိုပြီးပြင်းထန်တတ်ပါတယ်။

**(၉) ပဋိဇီဝဆေး(Antibiotics)တွေက COVID-19 ရောဂါကို ကာကွယ်ကုသတဲ့နေရာမှာ ထိရောက်ပါသလား?**

- မထိရောက်ပါဘူး။ ပဋိဇီဝဆေးတွေက ဗက်တီးရီးယားကြောင့်ဖြစ်တဲ့ ရောဂါတွေကိုပဲ ကုနိုင်တာပါ။ ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ရောဂါတွေကို ကုသရာမှာ မသုံးသင့်ပါဘူး။

**(၁၀) COVID-19 ရောဂါကိုကာကွယ်ကုသဖို့ ဆေးဝါးကုထုံးတွေ ရှိပါသလား?**

- COVID-19 ရောဂါကို ကုသနိုင်တယ်ဆိုပြီး အနောက်တိုင်းဆေးပညာ၊ တိုင်းရင်းဆေး၊ အိမ်တွင်းဆေးအမျိုးမျိုး ပေါ်ထွက်နေပေမယ့် လက်ရှိမှာတော့ ခိုင်မာတဲ့သက်သေ အထောက်အထားမရှိပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ပဋိဇီဝဆေးများအပါအဝင် မည်သည့်ဆေးကိုမျှ မိမိသဘောနဲ့မိမိ မသုံးစွဲရန် အကြံပြုထားပါတယ်။ ယခုလက်ရှိမှာတော့ ရောဂါကုသဖို့အတွက် အနောက်တိုင်းဆေးပညာရော၊ တိုင်းရင်းဆေးပညာကပါ ပေါင်းစပ်ပြီး ကြိုးစားဆောင်ရွက်နေကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အသစ်တွေ့ရှိတဲ့ ဆေးပညာဆိုင်ရာ အချက်အလက်တွေကို ဆက်လက်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

**(၁၁) COVID-19 ရောဂါအတွက် ကာကွယ်ဆေးနဲ့ ကုသဖို့ ဆေးရှိပြီလား?**

- အခုထိတော့ ကာကွယ်ဆေးရော၊ ကုသဆေးပါ မရှိသေးပါဘူး။ COVID-19 ရောဂါအတွက် ကာကွယ်ဆေးနဲ့ကုသဖို့ဆေးရရှိဖို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ပြီးတော့ ကြိုးစားနေကြပါတယ်။ (COVID-19) ရောဂါကူးစက်ခံထားရတဲ့ လူနာများရဲ့ ရောဂါလက္ခဏာတွေ သက်သာဖို့အတွက်သာ အသင့်တော်ဆုံး ကုထုံးတွေနဲ့ ကုသနေကြရပါတယ်။

**(၁၂) (COVID-19) ရောဂါက SARS ရောဂါနဲ့တူပါသလား?**

- မတူပါဘူး။ ကိုရိုနာဗိုင်းရပ်စ်အုပ်စုဝင် ဗိုင်းရပ်စ်များကြောင့် ဖြစ်ပွားတာချင်းတူပေမယ့် ရောဂါတစ်ခုနဲ့တစ်ခု မတူပါဘူး။ SARS ရောဂါက COVID-19 နဲ့ နှိုင်းယှဉ်ရင် သေဆုံးနှုန်းပိုများပြီး ကူးစက်နှုန်းက ပိုနည်းပါတယ်။ ၂၀၀၃ ခုနှစ်ကစပြီး ကမ္ဘာပေါ်မှာ SARS ရောဂါဖြစ်ပွားခြင်း မတွေ့ရတော့ပါဘူး။

**(၁၃) ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် ပါးစပ်နဲ့ နှာခေါင်းစည်း တပ်သင့်သလား?**

- နှာစေး၊ ချောင်းဆိုးစတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိတဲ့လူတွေ၊ ရောဂါလက္ခဏာရှိတဲ့သူတွေကို အနီးကပ်ပြုစုပေးရသူတွေ၊ ကျန်းမာရေးဝန်ထမ်းတွေပဲ ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) တွေကို သုံးရမှာဖြစ်ပါတယ်။
- ဒီလိုအခြေအနေကလွဲပြီး သာမန် ပြည်သူတွေအနေနဲ့ ပါးစပ်နဲ့ နှာခေါင်းစည်းကို အသုံးပြုဖို့ မလိုပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါတယ်။
- ယခုအချိန်တွင် ကမ္ဘာတစ်ဝန်းလုံး ပါးစပ်နဲ့ နှာခေါင်းစည်းရှားပါးခြင်းနှင့် ကြုံတွေ့နေရသောကြောင့် ချင့်ချိန်ပြီး မလိုအပ်ဘဲ မသုံးစွဲကြပါရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါတယ်။

စာမျက်နှာ ၇ သို့

## COVID-19 ကြောင့် ထိခိုက်မှု ပြန်လည်ကုစားရန် လူမှုဖူလုံရေးကြေးများ ပေးသွင်းကာလ လဆန်း ၁၅ ရက်တိုင်းအစား သုံးလအထိ တိုးမြှင့်ပြောင်းလဲ

**နေပြည်တော် မတ် ၂၂**

COVID–19 ကြောင့် စီးပွားရေးလုပ်ငန်းများ အခက်အခဲကြုံတွေ့နေရသည့်အတွက် အလုပ်ဌာနများ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မတ် ၂၀ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၆၃/ ၂၀၂၀ ကို ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်အရ လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရန်ရည်ရွယ်ကာ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၀၀ နှင့်အညီ လူမှုဖူလုံရေးအာမခံကြေးများအား ပေးသွင်းရန်ကာလကို တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း သိရှိရသည်။

လုပ်ငန်းဌာနများ၏ စီးပွားရေးအခြေအနေနှင့် ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များကို ထောက်ရှုကာ ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးများကို ဥပဒေပုဒ်မ ၁၈၊ နည်းဥပဒေ အပိုဒ် ၆၄ တို့အရ သက်ဆိုင်ရာလ ကုန်ဆုံးပြီးနောက် လဆန်း ၁၅ ရက်အတွင်း ပေးသွင်းရမည့်အစား သက်ဆိုင်ရာ လကုန်ဆုံးပြီး သုံးလထက် နောက်မကျစေဘဲ ပေးသွင်းနိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားခြင်းဖြစ်သည်။

လက်ရှိတွင် COVID–19 ကြောင့် စီးပွားရေးလုပ်ငန်းများ အခက်တွေ့နေပြီး အရေးပေါ် ကုစားရမည့်လုပ်ငန်းကဏ္ဍများအတွက် နိုင်ငံတော်မှ ချေးငွေများ ချထားပေးခြင်း၊ အခွန်နှုန်းများ လျှော့ချခြင်းတို့အပြင် ယခုကဲ့သို့ လူမှုဖူလုံရေး အာမခံကြေးများအား စောင့်ဆိုင်းပေးခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ရတနာ**




## ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**ရန်ကုန် မတ် ၂၂**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကိုရိုနာဗိုင်းရပ်စ် သံသယလူနာတို့ တက်ရောက်ပါက ထားရှိရန်အတွက် လေအေးပေးစက် ၂၅ လုံးနှင့် ဆေးရုံအထောက်အကူပြုပစ္စည်းတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မတ် ၂၂ ရက် နံနက် ၉ နာရီက စေတနာရှင်တို့က လှူဒါန်းသည်။

ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အဆိုပါ လေအေးပေးစက်ကို Zaw Electrical & Electronics Production Co.,Ltd. က လှူဒါန်းပြီး ဆေးတက္ကသိုလ် (၂) ၁၉၈၃–၁၉၈၈ ခုနှစ် ကျောင်းသား ကျောင်းသူတို့က ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၃၄ ဘူး၊ ဒေါက်တာမြင့်နိုင် မိသားစုက ငွေကျပ် ၆၃၀၀၀၀ တန်ဖိုးရှိ Oxygen concertrator (Air Sep) တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး ဒေါက်တာရီရီမြင့်နှင့် ဆေးရုံအုပ် ဒေါက်တာ မြင့်မြင့်အေးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို (ဝဲပုံ) ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်၊**
**ဓာတ်ပုံ – သန်းစိုး**

❑ *ကျောဖုံးမှ*

လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၀ ကို ကျင့်သုံး၍ လုပ်ငန်းဌာနများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များကို ထောက်ရှု၍ ဥပဒေနှင့်အညီ ခံစားခွင့်အချို့ကို ဖြေလျှော့ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း အဆိုပါအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

ယင်းကြော်ငြာစာအရ အလုပ်လက်မဲ့ဖြစ်သည့်နေ့မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုရန်၊ အလုပ်လက်မဲ့ဖြစ်သည့်နေ့မှစ၍ ဆေးဖိုးနှင့် ခရီးစရိတ်များကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုရန်တို့ကို အလုပ်လက်မဲ့ဖြစ်နေသည့် အလုပ်သမားများ ရရှိခံစားနိုင်မည်ဖြစ်သည်။ ယင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန်သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် စတင်၍ ရရှိခံစားနိုင်မည်ဟု သိရှိရသည်။

**ခင်ရတနာ**

## မန္တလေး၌ အခြေခံစားသောက်ကုန်များ ရောင်းချပေး

**မန္တလေး မတ် ၂၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ နဂါးပရိယတ္တိစာသင်တိုက်၌ ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများ ပူးပေါင်း၍ အခြေခံစားသောက်ကုန်များ ရောင်းချပေးကြသည်။

အခြေခံစားသောက်ကုန်ရောင်းချပေးရာတွင် MRCCI အသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်အတူ ကာလပေါက်ဈေး ငွေကျပ် ၃၇၅၀ တန်ဖိုးရှိသည့် ဆန်တစ်ပြည်၊ ကြက်ဥ ခြောက်လုံး၊ ပဲဆီ ၁၅ ကျပ်သား၊ လက်ဖက်နှင့် အကြော်စုံ၊ ငရုတ်သီးမှုန့်တို့ ပါရှိလျက် မူလတန်ဖိုးထက် လျှော့ချပြီး ပါကင်တစ်စုံ တစ်ထုပ်လျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လူဦးရေ ၅၀၀ ကို ရောင်းချပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၆ မှ*

(၁၄) **ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) ကို ဘယ်လိုတပ်ရမလဲ၊ ချွတ်ရမလဲ၊ ဘယ်လို စွန့်ပစ်ရမလဲ?**

- ပါးစပ်နှင့် နှာခေါင်းစည်းကို မဝတ်ခင် လက်ကိုဆပ်ပြာနှင့် စနစ်တကျ သေချာစွာဆေးပါ။ (သို့မဟုတ်) Alcohol ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ပါးစပ်နှင့် နှာခေါင်းစည်းတွင် အပေါက်အပြဲများ ရှိ/မရှိ စစ်ဆေးပါ။
- အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ။
- ကော်ချောင်း (သို့မဟုတ်) သတ္တုချောင်းရှိသည့်ဘက်သည် အပေါ်ဘက်ဖြစ်သည်။
- ပါးစပ်နှင့် နှာခေါင်းနှစ်ခုလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (gap)မရှိစေရပါ။
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ။
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ် ဖယ်ရှားပါ။
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏လက်ကို စနစ်တကျပြန်လည် ဆေးကြောပါ။
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက အသစ်တစ်ခုနှင့် လဲလှယ် အသုံးပြုပါ။
- အသုံးပြုပြီးသား Mask ကို ပြန်လည်၍ အသုံးမပြုရပါ။
- အသုံးပြုပြီးသား Mask ကို အမှိုက်ပုံးထဲသို့ စနစ်တကျ လွှင့်ပစ်ပါ။
- ချည်ထည်၊ ပိတ်စ အဝတ်တို့ဖြင့်ပြုလုပ်ထားတဲ့ Mask များကို အသုံးမပြုရပါ။

(၁၅) **(COVID–19) ရောဂါပျိုးချိန်က ဘယ်လောက်ကြာတာလဲ?**

– ရောဂါပျိုးချိန်ဆိုတာက ဗိုင်းရပ်စ်ပိုး ခန္ဓာကိုယ်ထဲကို ဝင်ရောက်တဲ့အချိန်ကနေ ရောဂါလက္ခဏာ ပေါ်ပေါက်တဲ့အချိန် ကြားကာလကို ခေါ်တာပါ။ အကြမ်းအားဖြင့်(COVID–19) ရောဂါရဲ့ ရောဂါပျိုးချိန်ကို (၁)ရက်မှ (၁၄) ရက်အတွင်း၊ များသောအားဖြင့် (၅)ရက် ပတ်ဝန်းကျင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားပါတယ်။

(၁၆) **(COVID–19)ရောဂါက တိရစ္ဆာန်ကတစ်ဆင့် လူကို ကူးစက်နိုင်ပါသလား?**

– (COVID–19)ရောဂါဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ်အပါအဝင် ကိုရိုနာဗိုင်းရပ်စ်အများစုကတော့ တိရစ္ဆာန်များရဲ့ ခန္ဓာကိုယ်ထဲမှာနေထိုင်ပြီး ရံဖန်ရံခါမှသာ လူတွေဆီကို ကူးစက်ခြင်းဖြစ်ပွားပါတယ်။ (၂၀၁၂) ခုနှစ် အရှေ့အလယ်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ MERS ရောဂါဟာ ကုလားအုတ်ကနေတစ်ဆင့် လူကို ကူးစက်ခဲ့တာဖြစ်ပြီး၊ (၂၀၀၂) ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ စတင်ဖြစ်ပွားခဲ့တဲ့ SARS ရောဂါကတော့ ကြောင်ကတိုးကနေတစ်ဆင့် လူကိုကူးစက်ခဲ့တာ ဖြစ်ပါတယ်။ ယခုလက်ရှိဖြစ်ပွားနေတဲ့ (COVID–19)ရောဂါကတော့ ဘယ်တိရစ္ဆာန်ကနေ လူကို ကူးစက်တယ်ဆိုတာ မသိရှိရသေးပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် တောရိုင်းတိရစ္ဆာန်အပါအဝင် ဖျားနာနေတဲ့ ခြံမွေးတိရစ္ဆာန်တွေကို အကာအကွယ်မပါဘဲ မကိုင်တွယ် မထိတွေ့ပါနဲ့။ အသားတွေကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီး စားသောက်ရပါမယ်။ အသားစိမ်းတွေ၊ ကလီစာတွေ တိရစ္ဆာန်ကထွက်တဲ့ နို့တွေကို သန့်သန့်ရှင်းရှင်းနဲ့ စနစ်တကျ ကိုင်တွယ်ရမှာဖြစ်ပြီး ကိုင်တွယ်ပြီးရင် စနစ်တကျ လက်ပြန်ဆေးရမှာ ဖြစ်ပါတယ်။

(၁၇) **(COVID–19) ရောဂါဖြစ်စေတဲ့ဗိုင်းရပ်စ်ဟာ ကိုယ့်ရဲ့အိမ်မွေးတိရစ္ဆာန်တွေကတစ်ဆင့် ကူးစက်နိုင်ပါသလား?**

– ဟောင်ကောင်မှာ ရောဂါရှိတဲ့ခွေးတစ်ကောင် တွေ့ရတဲ့ဖြစ်စဉ်တစ်ခု ရှိခဲ့ပေမယ့် (COVID–19) ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ဟာ ခွေး၊ ကြောင်စတဲ့ အိမ်မွေးတိရစ္ဆာန်တွေကတစ်ဆင့် ကူးစက်ပျံ့နှံ့ကြောင်း ယခုအချိန်အထိ အထောက်အထား မတွေ့ရှိရသေးပါဘူး။

(၁၈) **(COVID–19) ရောဂါကိုဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ်က အရာဝတ္ထုမျက်နှာပြင်တွေပေါ် မှာ ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်တာလဲ?**

– အတိအကျ မသိရသေးပေမယ့် တခြား ကိုရိုနာဗိုင်းရပ်စ်တွေလိုပဲ ဖြစ်မယ်လို့ ယူဆရပါတယ်။ တွေ့ရှိချက်တွေအရ အရာဝတ္ထုတွေရဲ့ မျက်နှာပြင် အမျိုးအစား၊ ပတ်ဝန်းကျင်၊ အပူချိန်၊ စိုထိုင်းဆတို့ အပေါ်မူတည်ပြီး မျက်နှာပြင်တွေပေါ်မှာ နာရီအနည်းငယ်မှ ရက်ပေါင်းများစွာအထိ ရှိနေနိုင်ပါတယ်။

– မျက်နှာပြင် ညစ်ပတ်နေကာ ကူးစက်နိုင်မယ်လို့ထင်ပါက ရိုးရိုးပိုးသတ်ဆေးရည်နဲ့ သန့်ရှင်းပါ။ မိမိရဲ့လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်း (သို့မဟုတ်) Alcohol အရက်ပြန်ပါဝင်တဲ့ လက်သန့်စင်ဆေးရည်နဲ့ ဆေးကြောခြင်းကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကို လက်ဖြင့်ကိုင်တွယ်ခြင်းတွေကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

(၁၉) **(COVID–19) ရောဂါဖြစ်ပွားနေတဲ့ ဒေသတွေက ပို့တဲ့ပစ္စည်းတွေ၊ ပါဆယ်ထုပ်တွေကို လက်ခံတဲ့အခါ ဘေးကင်းရဲ့လား?**

– လက်ခံလို့ ရပါတယ်။ ကူးစက်နိုင်ခြေ အလွန်နည်းပါတယ်။

(၂၀) **(COVID–19) ရောဂါကာကွယ်ရေးမှာ လွဲမှားနေတဲ့ အယူအဆတွေက ဘာတွေလဲ?**

– ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ရေနွေးကြမ်းသောက်ခြင်း
– Mask များကို နှစ်ခုသုံးခုထပ်၍ သုံးခြင်း
– ပဋိဇီဝဆေးများကို မိမိသဘောဖြင့် သုံးစွဲခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒီနည်းတွေက (COVID–19) ရောဂါကူးစက်ခြင်းကို မကာကွယ်နိုင်တဲ့အပြင် (COVID–19) ရောဂါဖြစ်ပွားပါက ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းတို့ကြောင့် ပိုမိုပြင်းထန်စွာ ခံစားရနိုင်ပါတယ်။

**(COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခံရသည် (သို့မဟုတ်) ကူးစက်ခံရသည့်သူကို တွေ့ရှိသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပြီး ကုသမှုခံယူပါ။**

**မိမိ၏ခရီးသွားရာဇဝင်ကို ကျန်းမာရေးစောင့်ရှောက်သူထံ ပြောပြရပါမည်။**

**သတင်းပို့ရန် ဖုန်းနံပါတ်(Hotline) 067–3420802**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၈/၂၀၂၀) ကျင်းပ

## ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံသို့ ကူးစက်ပြန့်ပွားနေပြီး သေဆုံးမှုရာခိုင်နှုန်း ၄ ဒသမ ၂ အထိ မြင့်တက်

နေပြည်တော် မတ် ၂၂

**COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၈/၂၀၂၀)ကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၈/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအခါ COVID-19 ရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၅ နိုင်ငံသို့ ကူးစက်ပြန့်ပွားနေပြီး ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အများအပြားသည် ပြည်တွင်းသို့ ဝင်ရောက်နေပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်းသို့ ရောဂါဝင်ရောက်ဖြစ်ပွားနိုင်ခြေသည် ပိုမိုမြင့်မားလာပါကြောင်း၊ ပြန်လည်ဝင်ရောက် လာကြသူများသည် အလွန်များပြားသဖြင့် ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်ခြင်း (Facility Quarantine) ကို ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ နေအိမ်များတွင် အသွားအလာကန့်သတ်ခြင်း (Home Quarantine) ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသူများအနေဖြင့် သတ်မှတ်ထားသည့်အချက်များကို အသိစိတ်ဓာတ်ရှိစွာဖြင့် တိကျစွာလိုက်နာကာ ၁၄ ရက်တာ ကာလအထိ နေအိမ်တွင် အသွားအလာ ကန့်သတ်နေထိုင်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါဖြစ်ပွားမှု ရှိပါက ချက်ချင်းသိရှိကာ လျင်မြန်စွာကုသမှုပေးနိုင်မည်ဖြစ်ပြီး မိမိ၏ မိဘ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများကို ရောဂါမကူးစက်စေရန် ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်မည် ဖြစ်ကြောင်းကို ၎င်းတို့အား သေချာစွာပြောကြား အသိပေးရမည်ဖြစ်ပါကြောင်း၊ နေအိမ်များတွင် အသွားအလာ ကန့်သတ်နေထိုင်သူများအနေဖြင့် နေ့စဉ် သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ တယ်လီဖုန်းဖြင့် မဖြစ်မနေသတင်းပေးပို့ရမည်ဖြစ်ပါကြောင်း၊ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်း ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### စောင့်ကြပ်ကြည့်ရှု

ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ညှိနှိုင်းပြီးသည်ဖြစ်၍ ဟိုတယ်အချို့ကို အသွားအလာကန့်သတ်ပြီး စောင့်ကြပ်ကြည့်ရှုမည့် နေရာအဖြစ် သတ်မှတ်ကာ ဟိုတယ်များ၌ ထားရှိ၍ အသွားအလာကန့်သတ်ခြင်းကို ဆောင်ရွက်ရန် စတင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရန်နေရာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်နေမှုများကို အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)နှင့် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)တို့ ပါဝင်သည့်အဖွဲ့မှ ကွင်းဆင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ကြေညာထားသော COVID-19 ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ကုလသမဂ္ဂအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို သက်ဆိုင်ရာ နေအိမ်များတွင်သာ နေထိုင်စေ၍ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လိုက်နာရန် အချက်များကို တိတိကျကျလိုက်နာရန် မှာကြားထားပြီး ဖြစ်ပါကြောင်း။

### ပိုမိုအားစိုက်ဆောင်ရွက်

COVID-19 ရောဂါကြောင့် သေဆုံးမှုရာခိုင်နှုန်းသည် စတင်ဖြစ်ပွားစဉ်ကာလ၌ ၂ ဒသမ ၁ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ယခုအခါ ရောဂါကြောင့် သေဆုံးမှုရာခိုင်နှုန်းသည် ၄ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရ၍ မိမိတို့အနေဖြင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများကို တွေ့ရှိပါက ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ပိုမိုအားစိုက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများ၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများနှင့် ဤရောဂါနှင့် ပတ်သက်၍ အရေးကြီးသည့် ကိစ္စများကို ပိုမိုတိကျစွာ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်နိုင်စေရေးအတွက် “ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုဌာနများကို ဝန်ကြီးဌာန၊ ရုံးအမှတ် (၄) တွင် တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနတွင် တစ်ခု၊ နယ်စပ်ဝင်၊ ထွက်ပေါက်နေရာများအတွက် တစ်ခု ထားရှိကာ မတ် ၂၃ ရက်မှ စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အများအပြားသည် ပြည်တွင်းသို့ ဝင်ရောက်နေပြီ ဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်းသို့ ရောဂါဝင်ရောက်ဖြစ်ပွားနိုင်ခြေသည် ပိုမိုမြင့်မားလာ**

အဆိုပါ (Command Center)များတွင် ခေတ်မီဆက်သွယ်ရေးနည်းပညာများအသုံးပြု၍ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန စသည့်ကဏ္ဍများမှ တာဝန်ရှိသူများ အပါအဝင် အထောက်အကူပြုအဖွဲ့များ ပါဝင်ကာ တစ်ရက်လျှင် အဆိုင်း သုံးဆိုင်းဖြင့် အလှည့်ကျတာဝန်ထမ်းဆောင်တော့မည် ဖြစ်ပါကြောင်း၊ ဝယ်ယူဖြန့်ဖြူးရေးကဏ္ဍအနေဖြင့် (က) လက်ဝယ်တွင်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ၊ (ခ) မှာယူရရှိရန်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ၊ (ဂ) လှူဒါန်းရရှိမှုမှရရှိသော ဆေးနှင့်ဆေးပစ္စည်းခွဲဝေချထားမှုများကို စနစ်တကျ ဆန်းစစ်သုံးသပ်နိုင်ရေးအတွက် Dashboard များ ပြုလုပ်ထားရှိ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အချိန်နှင့်တစ်ပြေးညီ စတင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရန်မှာ အချိန်နှင့် အမျှအရေးကြီးသဖြင့် မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့်ကို ယမန်နေ့က စတင်၍ အပြည့်အဝ ပေးအပ်ထားပါကြောင်း၊ ဆုံးဖြတ်ချက်ချ လုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်ပြီး ဗဟိုအဆင့် (Command Center) သို့ သတင်းပေးပို့ရမည် ဖြစ်ပါကြောင်း။

### အသိပညာပေးနှိုးဆော်

ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်တို့မှာ တစ်နိုင်ငံလုံးသို့ ရောက်ရှိရန်ခက်ခဲသဖြင့် တစ်နိုင်ငံလုံးမှ ပြည်သူများသိရှိရန်အတွက် မြို့နယ်နှင့် ကျေးလက်တောရွာများတွင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ လက်ကိုင်အသံချဲ့စက်ငယ်များအသုံးပြုကာ ကျန်းမာရေး အသိပညာပေးနှိုးဆော်မှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ နေရပ်နိုင်ငံများသို့ ပြန်လည်သွားရောက်လိုသည့် သံရုံးဝန်ထမ်းများနှင့် ကုလသမဂ္ဂဝန်ထမ်းများအတွက် ယခုလက်ရှိတွင် COVID-19 ရောဂါလက္ခဏာများ မရှိကြောင်း ထောက်ခံချက်ကိုလည်း ပြုလုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ဖွံ့ဖြိုးတိုးတက်မှုအမြင့်မားဆုံးသော အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားသေဆုံးနှုန်းများ မြင့်မားနေသည်ကို တွေ့ရှိနေရပါကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှာလည်း ယခုရက်ပိုင်းအတွင်း ရောဂါကူးစက်ပြန့်ပွားမှုများ များပြားလာကာ သေဆုံးမှုများလည်း မြင့်တက်လာသဖြင့် မိမိအနေဖြင့် မိမိတို့နိုင်ငံသို့ ဝင်ရောက်လာမည်ကို အထူးစိုးရိမ်မိပါကြောင်း၊ ပြည်သူများအနေဖြင့် COVID-19 ရောဂါ၏ မိမိတို့နိုင်ငံအပေါ် ရိုက်ခတ်နိုင်သော အခြေအနေ အတိမ်အနက်ကိုသိရှိကာ ပေါ့လျော့ခြင်းလုံးဝမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် Coronavirus Disease 2019-(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ ထုတ်ပြန်ထားသည့် အချက်များကို စနစ်တကျ လိုက်နာကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ကွင်းဆင်းဆောင်ရွက်

အစည်းအဝေးတွင် နိုင်ငံတကာ၌ ရောဂါဖြစ်ပွားကူးစက်မှု၊ သေဆုံးမှုအခြေအနေများ၊ နိုင်ငံတကာတွင် အခြားနိုင်ငံများမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာကြသူများကို ဝင်ရောက်ခွင့်ပိတ်ပင်မှု၊ အသွားအလာကန့်သတ်ခြင်းဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံတကာကုသရေး ကုထုံးဆိုင်ရာ လေ့လာတွေ့ရှိမှုနှင့် မိမိတို့နိုင်ငံအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကရင်ပြည်နယ် မြဝတီမြို့သို့ ဗဟိုကွင်းဆင်းအဖွဲ့၏ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (PPE) များ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်းလက်ခံရရှိမှု၊ ဆေးနှင့်ဆေးပစ္စည်းများ ချိတ်ဆက်ဝယ်ယူမှု၊ လှူဒါန်း လက်ခံရရှိမှု၊ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များ၊ စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ထိုင်း-မြန်မာနယ်စပ်၊ မဲဆောက်-မြဝတီချစ်ကြည်ရေးတံတား အမှတ် (၂)နှင့် မယ်ဆိုင်-တာချီလိတ် အမှတ်(၂) မယ်ဆိုင်ချောင်းကူးတံတားတို့မှ COVID-19 ရောဂါကင်းရှင်းသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တစ်ဦးစီသာ ဖြတ်သန်းခွင့်ပြုမည်

**နေပြည်တော် မတ် ၂၂**

ထိုင်း-မြန်မာနယ်စပ်ရှိ မဲဆောက်-မြဝတီချစ်ကြည်ရေးတံတား အမှတ်(၁) အား မတ် ၂၁ ရက် ညသန်းခေါင်အချိန်မှစ၍ လူ၊ ယာဉ် ဖြတ်သန်းမှု တရားဝင်ပိတ်ခဲ့ပြီး ချစ်ကြည်ရေးတံတားအမှတ်(၂) ကို ဖွင့်လှစ်ခဲ့ရာမှ မတ် ၂၃ ရက်မှစတင်၍ အဆိုပါ ချစ်ကြည်ရေးတံတား အမှတ်(၂) အား ကုန်တင်ယာဉ်၊ COVID-19 ရောဂါ ကင်းရှင်းကြောင်း လက်မှတ်ရရှိထားသူ ယာဉ်မောင်းတစ်ဦးနှင့် ယာဉ်နောက်လိုက်တစ်ဦးတို့ကိုသာ ဖြတ်သန်းခွင့်ပြုပြီး လူဖြတ်သန်းမှုများကို တရားဝင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ တာ့ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ မတ် ၂၁ ရက် ရက်စွဲဖြင့် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

**မော်တော်ယာဉ်နှင့် ယာဉ်မောင်းတစ်ဦးသာ ဖြတ်သန်းနိုင်မည်**

ထို့ပြင် ထိုင်းနိုင်ငံ ချင်းရိုင်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ကြေညာချက်အရ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့အကြား ဖွင့်လှစ်ထားသော အမှတ်(၁) ချစ်ကြည်ရေးတံတားအား မတ် ၂၃ ရက်မှစ၍ လူ၊ ယာဉ်၊ ယန္တရားနှင့်ကုန်စည်များ ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်း၊ ဝင်ထွက်သွားလာခြင်းအားလုံးကို ယာယီဆိုင်းငံ့ထားပြီး မတ် ၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ကြေညာချက်အရ ယာယီဆိုင်းငံ့ခဲ့သည့် အမှတ်(၂) မယ်ဆိုင်ချောင်းကူးတံတားအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုချက် ရရှိပြီးသည့် ကုန်စည်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်နှင့် ယာဉ်မောင်းတစ်ဦးသာ ဖြတ်သန်းနိုင်မည်ဖြစ်ပြီး အခြား လူ၊ ယာဉ်၊ ယန္တရားနှင့် ကုန်စည်များဖြတ်သန်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဝင်ထွက်ခြင်းအား ဆိုင်းငံ့ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၈ : ၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၂၁-၃-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂-၃-၂၀၂၀) ရက်နေ့လယ် (၁၂:၀၀) နာရီအထိ စောင့်ကြည့်လူနာအသစ် (၅) ဦး ရှိပါသည်။ **(ဇယား -၁)**

၃။ ယနေ့ (၂၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်အထိ စောင့်ကြည့်လူနာ (၁၆) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက် ရှိပါသည်။

၄။ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးမှုအဖြေများကို သီးခြား ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၅။ (၂၂-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၈၅) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(ဇယား -၁)

COVID-19 ရောဂါ စောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါ လက္ခဏာများ စတင်ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင် တွေ့ရှိသည့် နေရာ | COVID-19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁ | ၄၂ နှစ် | ကျား | ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၈-၃-၂၀၂၀ | ထိုင်း | ၁၆-၃-၂၀၂၀ | သီပေါမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန | ထိတွေ့မှု မရှိပါ | ပြည်သူ့ဆေးရုံ၊ သီပေါမြို့ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |
| ၂ | ၂၇ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၁၉-၃-၂၀၂၀ | မကာအို | ၁၃-၃-၂၀၂၀ | မန္တလေးပြည်သူ့ဆေးရုံကြီး | ထိတွေ့မှု မရှိပါ | ကန်တော်နဒီဆေးရုံ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |
| ၃ | ၅၄ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ | ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း | ၂၀-၃-၂၀၂၀ | ဗီယက်နမ် | ၉-၃-၂၀၂၀ | ပုဂ္ဂလိက ဆေးခန်း | ထိတွေ့မှု မရှိပါ | ကန်တော်နဒီဆေးရုံ ၂၁-၃-၂၀၂၀ | ဂျပန် နိုင်ငံသား |
| ၄ | ၂၄ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၉-၃-၂၀၂၀ | ထိုင်း | ၁၄-၃-၂၀၂၀ | ရန်အောင် တိုက်နယ်ဆေးရုံ | ထိတွေ့မှု မရှိပါ | ရန်အောင် တိုက်နယ်ဆေးရုံ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |
| ၅ | ၃၆ နှစ် | ကျား | ချင်းပြည်နယ်၊ တီးတိန်မြို့ | ဖျားခြင်း | ၁၉-၃-၂၀၂၀ | အမေရိကန် | ၁၃-၃-၂၀၂၀ | မြို့နယ်ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ထိတွေ့မှု မရှိပါ | မြို့နယ်ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ ၂၁-၃-၂၀၂၀ | မြန်မာ နိုင်ငံသား |

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်

(၄-၁-၂၀၂၀ ရက်နေ့မှ ၂၂-၃-၂၀၂၀ ရက်နေ့ထိ) (၂၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၁-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၃၀) နာရီအချိန် ရရှိသောသတင်းအချက်အလက်များအရ ထုတ်ပြန်ချက်) ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင် တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အခြားသတင်းဌာနများ၌ ဖော်ပြသောအချက်အလက်များနှင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့် နယ်မြေဒေသစုစုပေါင်း - (၁၈၄) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၂၆၇,၀၁၃) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၁၁,၂၀၁) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၂) %
- **ဖြစ်ပွား/သေဆုံးမှုများသောနိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူစုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၄၁၆ | ၃,၂၆၁ |
| ၂ | အီတလီ | ၄၇,၀၂၁ | ၄,၀၃၂ |
| ၃ | စပိန် | ၁၉,၉၈၀ | ၁,၀၀၂ |
| ၄ | အီရန် | ၁၉,၆၄၄ | ၁,၄၃၃ |
| ၅ | ဂျာမနီ | ၁၈,၃၂၃ | ၄၅ |
| ၆ | အမေရိက | ၁၅,၂၁၉ | ၂၀၁ |
| ၇ | ပြင်သစ် | ၁၂,၄၇၅ | ၄၅၀ |
| ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၇၉၉ | ၁၀၂ |
| ၉ | ဆွစ်ဇာလန် | ၄,၈၄၀ | ၄၃ |
| ၁၀ | အင်္ဂလန် | ၃,၉၈၃ | ၁၇၇ |
| ၁၁ | နယ်သာလန် | ၂,၉၉၄ | ၁၀၆ |
| ၁၂ | သြစတြီးယား | ၂,၆၄၉ | ၆ |
| ၁၃ | ဘယ်လ်ဂျီယံ | ၂,၂၇၅ | ၃၇ |
| ၁၄ | နော်ဝေး | ၁,၇၄၂ | ၇ |
| ၁၅ | ဆွီဒင် | ၁,၆၃၃ | ၁၆ |
| ၁၆ | ဒိန်းမတ် | ၁,၂၅၅ | ၉ |
| ၁၇ | သြစတြေးလျ | ၁,၀၈၁ | ၇ |
| ၁၈ | မလေးရှား | ၁,၀၃၀ | ၃ |
| ၁၉ | ပေါ်တူဂီ | ၁၀၂၀ | ၆ |
| ၂၀ | ဂျပန် | ၁၀၀၇ | ၃၅ |
| ၂၁ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၉၀၄ | ၀ |
| ၂၂ | ကနေဒါ | ၈၄၆ | ၉ |
| ၂၃ | အစ္စရေး | ၇၁၂ | ၁ |
| ၂၄ | အိုင်ယာလန် | ၆၈၃ | ၃ |
| ၂၅ | တူရကီ | ၆၇၀ | ၉ |
| ၂၆ | ဘရာဇီး | ၆၂၁ | ၄ |

**မှတ်ချက်။ ဓာတ်ခွဲအတည်ပြုလူနာ (၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ်ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။**

- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း(၉၈) နိုင်ငံ/ ဒေသ ရှိပါသည် -
  - (၁) ဥရောပဒေသ - ၄၀ နိုင်ငံ
  - (၂) အမေရိကဒေသ - ၁၇ နိုင်ငံ
  - (၃) အနောက်ပစိဖိတ်ဒေသ - ၁၁ နိုင်ငံ
  - (၄) အရှေ့အလယ်ပိုင်းဒေသ - ၁၂ နိုင်ငံ
  - (၅) အာဖရိကဒေသ - ၉ နိုင်ငံ
  - (၆) အရှေ့တောင်အာရှဒေသ - ၆ နိုင်ငံ
  - (၇) နယ်မြေဒေသ - ၃ ဒေသ
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၁၀) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၂-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၂၀၄) ဦးနှင့် သံသယလူနာ (၂) ဦး အပါအဝင် စုစုပေါင်း (၂၀၆) ဦးရှိပြီး ၎င်းတို့အနက် -
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၈၇) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ - (၁၉) ဦး
  - ရောဂါသက်သာ ပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၁၆) ဦး
  - COVID-19 ရောဂါပိုးမတွေ့ရှိရသော် လည်း အခြားရောဂါများဖြင့် သေဆုံးသူ - (၁၂) ဦး
  - ၎င်းတို့အနက် နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် ကျောက်ကပ်ရောဂါဖြင့်သေဆုံးသူ (၂) ဦး၊ နာတာရှည် အဆုတ်ပွ ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည်အသည်း ရောဂါအခံရှိသူ (၁) ဦး၊ ဗက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦးနှင့် လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁) ဦး တို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၂-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၈၅) ဦး၊ မန္တလေး တိုင်းဒေသကြီးတွင် (၃၆) ဦး၊ ရှမ်းပြည်နယ်တွင် (၃၀) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၅၅) ဦး၊ စုစုပေါင်း (၂၀၆) ဦးတို့ ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၂-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) ပြုလုပ်ထားသူ စုစုပေါင်း(၂၄၃)ဦးမှာ-

- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး - (၁၁၁) ဦး
- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - (၆၇) ဦး
- ဝေဘာဂီအထူးကုဆေးရုံ - (၄၁) ဦး
- ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများ - (၂၄)ဦးတို့ဖြစ်ကြပြီး
- အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) (၁၄) ရက်ပြည့်၍ ဆေးရုံမှဆင်းသွားသူ - (၁၄၂) ဦး ရှိပါသည်။

- ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများတွင် အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၈၁) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်သူလူထုအတွင်း မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လူတိုင်းလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဝိုင်းမော်၊ လွိုင်လင်နှင့် ကျောက်မဲမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု မခါယန် ကျေးရွာ ဘုရားကုန်းအနီးတွင် တွေ့ရှိသူ မနန်းလွမ်(ခ)မယု(ခ)နှင်းယုစိုး၊ မမြနန္ဒာအောင်နှင့် မမေဇင်ထွန်း တို့အား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၉၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ နန်းလွမ်(ခ) မယု(ခ) နှင်းယုစိုးနှင့် မမေဇင်ထွန်းတို့ နေထိုင်သည့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အုပ်စု မခါယန်ကျေးရွာ ရွှေအင်းတောသဲကျောက်ကွင်း (ပျံကျတဲ) ကို ဆက်လက်ရှာဖွေရာ ၎င်းတို့နှစ်ဦးအိပ်သည့် အိပ်ရာခြေရင်းရှိ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၀၊ ဘိန်းဖြူ ၀ ဒသမ ၀၂၄၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။



မနန်းလွမ်(ခ)မယု(ခ)နှင်းယုစိုး၊ မမြနန္ဒာအောင်၊ မမေဇင်ထွန်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ ပွန်ချောင်းတံတားအနီး မိုင်းပွန်-တောင်ကြီးသွား ကားလမ်းတွင် စိုင်းမြင့်စိုး(ခ)စိုင်းနောင့် မောင်းနှင်လာသည့် ရှိုင်ရယ်ဆလွန်း ခရောင်းယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀၊ ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် ကျောက်မဲမြို့နယ် နားခေါ် ကျေးရွာအုပ်စု ဗူးခါးကျေးရွာ မူဆယ်-မန္တလေးသွား ကားလမ်းတွင် စိုင်းလှထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မင်းတုန်းမြို့နယ်တွင် တရားမဝင်သယ်ဆောင်လာသည့် နွားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မြောက်ပြင်ရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် မတ် ၂၁ ရက် ည ၉ နာရီခွဲက တရားမဝင် သယ်ဆောင်လာသော နွားများသိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့များသည် ယမန်နေ့ညက ကြပ်ဝကျေးရွာအဝင်လမ်း၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ကံမမြို့နယ် အလယ်ချောင်းကျေးရွာနေ ရဲလွင်ညီ(၄၀ နှစ်)မောင်းနှင်ပြီး တစ်ရွာတည်းနေ ဝင်းတင်(၄၅ နှစ်)၊ ကျော်ဆန်း(၅၀ နှစ်)၊ ရဲမင်းထွန်း(၃၅ နှစ်)၊ တင်ထွန်း(၄၄ နှစ်)တို့ လိုက်ပါလာသည့် BGO 2J/----- ဒိုင်နာ ခြောက်ဘီးယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ခိုင်းနွားအထီး ၁၀ ကောင်အား မြို့နယ်ကျော် သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသည်။ ထို့ကြောင့် ရဲလွင်ညီပါခြောက်ဦးအား မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# စလင်းတွင် ဆိုင်ကယ်ခိုးမှုကျူးလွန်သူအား ဆိုင်ကယ်ခုနစ်စီးနှင့်အတူ ဖမ်းမိ

**နေပြည်တော် မတ် ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မတ် ၂၀ ရက်က ဆိုင်ကယ်ခိုးမှု ကျူးလွန်သူအား စစ်ဆေးဖော်ထုတ်ချက်အရ ဆိုင်ကယ်ခုနစ်စီး သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အေးခင်မောင်နှင့် တပ်ဖွဲ့ဝင်များက ခိုးမှုကျူးလွန်သူ နောင်ချိုမြို့နယ် ဒိုးပင်ကျေးရွာနေ သန့်ဇင်ဦး (ခ)သာထူး(၂၇ နှစ်)ကို စစ်ဆေးဖော်ထုတ်ခဲ့ရာ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် အတွင်း ဆိုင်ကယ်အမျိုးအစား အစုံခုနစ်စီးအား ခိုးယူခဲ့ကြောင်း၊ အဆိုပါ ဆိုင်ကယ်များအား နောင်ချိုမြို့နယ် ဘန်ဘွေးကျေးရွာနေ သာထက်ဘို (၂၀ နှစ်) ထံ ရောင်းချခဲ့ကြောင်း ထွက်ဆို၍ သက်သေခံဆိုင်ကယ်များကို လိုက်လံ သိမ်းဆည်းရမိသဖြင့် သန့်ဇင်ဦး(ခ)သာထူးအား တညင်နယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# ဆောမြို့နယ်တွင် တောမီးမှတစ်ဆင့် လူနေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံး

**ဆော မတ် ၂၂**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ပေါက်ချောင်းကျေးရွာ၌ မတ် ၂၁ ရက် ညနေ ၄ နာရီခွဲခန့်က တောမီးမှ တစ်ဆင့် လူနေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ **(အောက်ပုံ)**

ဆောမြို့နယ် လောင်းရှည် (မြို့ဟောင်း) အနောက်တောင်ဘက် ၁၆ မိုင်ခန့်အကွာ ပေါက်ချောင်း ကျေးရွာတွင် မီးလောင်မှုဖြစ်ရာ လောင်းရှည်ဒေသ မီးသတ်တပ်ဖွဲ့ဝင်များက ဆောမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း ဆောမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် စုစုပေါင်း နေအိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး မီးဘေးသင့်ပြည်သူများအား အဆိုပါ ကျေးရွာ စာသင်ကျောင်းတွင် ယာယီ နေရာချထားပေးပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးသန့်(ဆော)**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၀၆၃ စီး၊ သွင်းကုန် ၁၇၃၀ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၈၀ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ် ကုန်ပစ္စည်းဖြစ်သော Chang Beer (330 ml) (1x24) (90) Pkgs အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြည့်မြင်တိုင်မြို့နယ်ရဲစခန်းတွင် မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းမောင်က ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေကာ အသိပညာပေး ဟောပြောစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



# တန့်ဆည်မြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်

**တန့်ဆည် မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တပ်သစ်ကျေးရွာ၌ မတ် ၂၁ ရက် ညနေပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ခဲ့ကြောင်း ရွှေဘိုခရိုင် မီးသတ် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

မီးလောင်မှုဖြစ်သည့်နေရာသို့ တန့်ဆည်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးခင်မောင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက် စစ်ဆေးခဲ့ရာ မီးလောင်မှုအား ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဦးကြည်ဝင်း၏သားဖြစ်သူ အောင်ထွန်းဝင်းက မိခင်ဖြစ်သူနှင့် စကားများ၍ နေအိမ် အနောက်ဘက်ရှိ မြေပဲရိုးပုံအား မီးရှို့ခဲ့ရာမှ နေအိမ်မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နှစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် အောင်ထွန်းဝင်းကို တန့်ဆည်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

# ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)မြို့နယ်တို့တွင် လုယက်မှုကျူးလွန်သူတစ်ဦးကို ဖမ်းမိ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှတပ်ဖွဲ့ဝင်များသည် မတ်လပထမပတ်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက် ပေါ်ဆန်းမွှေး(၁)လမ်း အမှတ်(၁၂)နေ ဝင်းထိုက်အောင်အား ဖုန်းတစ်လုံး၊ ငွေကျပ် ၂၀၀၀၀ နှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် အမျိုးသမီးတစ်ဦးထံမှ လုယူလာခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အမှုဖွင့်ဖမ်းဆီးခဲ့သည်။

၎င်းသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အတွင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းမှ ရွှေနားကပ်တစ်ရန်၊ ရွှေနားကွင်းတစ်ရန်နှင့် အခြားဖုန်း ၂၅ လုံးတို့ကို လုယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဖုန်းနှင့် ရွှေထည် ပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ လုယက်မှုကျူးလွန်သူ ဝင်းထိုက်အောင်ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# မြန်မာ့ရုပ်မြင်သံကြား

၂၃-၃ -၂၀၂၀(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်၏ ပရိတ်တရားတော် (ရတနသုတ်)
- ၈:၃၅ - "COVID -19 အသိပညာပေး ဆွေးနွေးပွဲ " (STOP THE VIRUS) (အပိုင်း- ၁)
- ၉ :၁၀ - "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိသာရ၊ မဇ္ဈိမာရုံ၊ ပါရမီစာသင်တိုက်၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလ ခံယူ ဆောက်တည်ခြင်း"
- ၁၀:၃၅ - မွေးမြူရေးရာအဖြာဖြာ "စီးပွားဖြစ်ဥစားကြက်မွေးမြူရေး"(မြိတ်မြို့)
- ၁၂:၃၅ - တိပိဋကရေတိပိဋက ကောဝိဒဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၏ "ဘဝကိုခြယ်ကံနှစ်သွယ်" တရားတော်

**ညပိုင်း**

- ၁၆:၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
  - တတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
- ၁၈:၃၀ - "မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အာရှရန်ကုန်ဘဏ် လီမိတက်အား ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်း"
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၃၁) (၁)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
  - "၂၀၂၀ ပြည့်နှစ်၊ မတ်လ(၂၃) ရက်နေ့တွင် ကျရောက်သည့် (၄)နှစ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့ ဂုဏ်ပြုအစီအစဉ်"

Don't Use Cell Phone While Driving
အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့

# ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေချိန် ဗြိတိန်ရှိ စူပါမားကက်များဆက်လက်ဖွင့်နိုင်ရေး အလုပ်သမားသစ်များ ခေါ်ယူခန့်ထားရန် စီစဉ်နေရ



လန်ဒန်မြို့ရှိ စူပါမားကက်တွင် ပစ္စည်းများ ပြတ်လပ်နေသည်ကို မတ် ၂၁ ရက်က တွေ့ရစဉ်။

**လန်ဒန် မတ် ၂၂**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေချိန်တွင် ဗြိတိန်ရှိ အဓိက စူပါမားကက်ကြီးများ ဆက်လက်ဖွင့်ထားနိုင်ရေးအတွက် အလုပ်သမား ထောင်နှင့်ချီ၍ ခေါ်ယူခန့်ထားရန် စီစဉ်နေရသည်ဟု သိရသည်။

ဗြိတိန်နိုင်ငံတွင် မတ် ၂၁ ရက်က လူပေါင်း ၇၂၈၁၈ ဦးကို ဆေးစစ်မှုများ ပြုလုပ်ပေးခဲ့ပြီး ၎င်းတို့ထဲမှ ၆၇၈၀၀ ဦးမှာ ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်း မရှိကြောင်း အတည်ပြုခဲ့သည်။ ၅၀၁၈ ဦးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

ဗြိတိန်နိုင်ငံတစ်လွှားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူများထဲမှ ၂၃၃ ဦးမှာ သေဆုံးခဲ့ပြီးဖြစ်သည်။

Aldi၊ Asda နှင့် Lidl အစရှိသည့် စူပါမားကက်ကြီးများသည် အလုပ်သမားပေါင်း ၁၆၅၀၀ ကို ခေါ်ယူခန့်အပ်သွားမည်ဟု ကြေညာခဲ့သည်။

၎င်းတို့ထဲမှ အလုပ်သမား ၄၀၀၀ ကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်သွားမည်ဖြစ်သည်။ ကုန်ပစ္စည်းများ ပြန်လည်ဖြည့်တင်းရန်နှင့် ဝန်ထမ်းများကို ကူညီရန် Lidl စူပါမားကက်မှ အလုပ်သမား ၂၅၀၀ ကိုလေးပတ်ကြာ အလုပ်ခန့်အပ်မည့် စာချုပ် ချုပ်ဆိုသွားမည်ဟု သိရသည်။

Aldi စူပါမားကက်မှာမူ အလုပ်သမားပေါင်းအသစ် ၉၀၀၀ လိုအပ်နေပြီး အိမ်သာစက္ကူနှင့် ကလေးသေးခံများကို ဝယ်သူတစ်ဦးလျှင် ပစ္စည်းနှစ်မျိုးသာ ရောင်းချတော့မည်ဟု နောက်ထပ်ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

မော်ရစ်ဆင် စူပါမားကက်သည်လည်း အလုပ်နေရာပေါင်း ၃၅၀၀ ကို ဖန်တီးပေးရန် အစီအစဉ်ရှိပြီး အိမ်အရောက် ပစ္စည်းပို့သည့် ဝန်ဆောင်မှုကိုလည်း တိုးချဲ့သွားရန်ရှိသည်။

ဗြိတိန်နိုင်ငံတစ်လွှား အရက်ဆိုင်များ၊ ဘားများ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များကို ပိတ်ထားရန် အမိန့်ထုတ်ထားသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု ဆက်လက်မြင့်တက်ဆဲဖြစ်

**တိုကျို မတ် ၂၂**

ဂျပန်နိုင်ငံ အိုဆာကာစီရင်စုတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တစ်ဦးသေဆုံးပြီး ဟီရိုရှီးမား၊ ကာနာဂါဝါနှင့် အိုအီတာစီရင်စုတို့တွင် နောက်ထပ် ကူးစက်ခံရသူအရေအတွက်ခြောက်ဦးအထိ ရှိလာကြောင်းသိရသည်။

နောက်ထပ်အသစ်တွေ့ရှိမှုများကြောင့် မတ် ၂၂ ရက်တွင် ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရှိသူ စုစုပေါင်း ၁၀၆၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသခံအစိုးရက ပြောသည်။

Diamond Princess သင်္ဘောပေါ်တွင် ကူးစက်ခံရသူ၇၁၂ ဦးကိုပါ ထည့်တွက်လျှင် ဂျပန်နိုင်ငံတွင် ကူးစက်ခံရသူ အရေအတွက်မှာ စုစုပေါင်း ၁၇၇၂ ဦးအထိ ရှိနေဆဲဖြစ်သည်။



တိုကျိုမြို့လမ်းမထက်တွင် နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာ ၄၅ ဦးရှိကာ Diamond Princess သင်္ဘောပေါ်တွင် ကူးစက်ခံရပြီး သေဆုံးသူအရေအတွက်မှာ ရှစ်ဦးရှိသည်။ ကူးစက်ခံရသူများကိုကြည့်လျှင် ဟော်ကိုင်းဒိုးတွင် ၁၅၉ ဦး၊ အာအီချီတွင် ၁၄၁ ဦး၊ တိုကျိုတွင် ၁၃၆ ဦး၊ အိုဆာကာတွင် ၁၂၅ ဦး ဟယိုဂိုတွင် ၁၀၇ ဦး၊ ကန်နာဂါဝါတွင် ၇၅ ဦး၊ ချီဘာတွင် ၄၂ ဦး၊ ဆိုင်တာမာတွင် ၄၅ ဦးစီ အသီးသီး ရှိကြသည်။

၎င်းတို့ထဲမှ ကူးစက်ခံရသူ ၁၄ ဦးမှာ တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ ပြန်လာသူများဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ ၂၆ဦးမှာလည်း ဗိုင်းရပ်စ် ကူးစက်ခံထားရသည်။

ဂျပန်နိုင်ငံအတွင်းမှ ကူးစက်ခံရသူ ၂၁၅ ဦးနှင့် Diamond Princess သင်္ဘောပေါ်မှ ကူးစက်ခံရသူ ၅၅၁ ဦးမှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည့်အတွက် မတ် ၁၉ ရက်တွင် ဆေးရုံမှ ဆင်းသွားကြပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အာဖရိကနိုင်ငံပေါင်း ၄၀ တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၁၁၄ ဦးအထိရှိလာ

**အဒစ်အဘာဘာ မတ် ၂၂**

အာဖရိကနိုင်ငံပေါင်း ၄၀တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ မတ်၂၁ ရက်တွင် ၁၁၁၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ CDC မှ ဒုတိယညွှန်ကြားရေးမှူး အာမက်အော်ဝဲလ်က အတည်ပြုပြောကြားခဲ့သည်။

အာဖရိကတစ်လွှားတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာ ၂၈ ဦးအထိ ရှိလာခဲ့သည်။ မတ် ၂၁ ရက်တွင် နောက်ထပ် ကူးစက်ခံရသူ ၁၀၀ ခန့် တိုးလာကြောင်း CDC မှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။ အီဂျစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ ၂၈၅ ဦး၊ တောင်အာဖရိကတွင် လူပေါင်း ၂၄၀ နှင့် အယ်လ်ဂျီးရီးယားတို့တွင် ၁၀၂ ဦး ရှိပြီး အဆိုပါနိုင်ငံများမှာ အာဖရိကတွင် ကူးစက်ခံရမှုမြင့်မားသည့် နိုင်ငံများပင်ဖြစ်သည်။

မတ်၂၁ ရက် နံနက်ပိုင်းတွင် တောင်အာဖရိက၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၈ ဦးထပ်တွေ့ပြီး အယ်လ်ဂျီးရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀ ထပ်တွေ့ခဲ့ကြောင်း သိရသည်။

အာဖရိကတစ်လွှားတွင် တစ်နေ့တည်းမှာပင် ကူးစက်ခံရသူ အရေအတွက်မှာ ၃၁၉ ဦးအထိ ရှိလာခဲ့သည်ဟု မတ်၂၀ ရက်တွင် CDCမှ အစီရင်ခံတင်ပြထားသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ခြိမ်းခြောက်မှုရှိနေသော်လည်း တိုကျိုအိုလံပစ် မီးရှူးတိုင်ကို လူထောင်ပေါင်းများစွာ လာရောက်ကြည့်ရှု

**တိုကျို မတ် ၂၂**

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ခြိမ်းခြောက်မှုရှိနေသော်လည်း အိုလံပစ်မီးရှူးတိုင်ကို ကြည့်ရှုရန် ဂျပန်နိုင်ငံမြောက်ပိုင်းသို့ လူထောင်ပေါင်းများစွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

အိုလံပစ်မီးရှူးတိုင်မှာ မတ် ၂၀ ရက်က ဂျပန်နိုင်ငံသို့ရောက်ရှိခဲ့ပြီး တစ်ကမ္ဘာလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်ခံနေရ၍ ၂၀၂၀ တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲမှာ သတ်မှတ်ထားသည့်အတိုင်း ဆက်လက်ကျင်းပနိုင်ခြင်းရှိမရှိ သံသယများ မြင့်တက်လျက်ရှိသည်။ ကူးစက်ရောဂါကြောင့် ကမ္ဘာ့အားကစားပြိုင်ပွဲများကို အနှောင့်အယှက်ဖြစ်စေပြီး အဓိကအားကစားပြိုင်ပွဲကြီးများ၊ ဘောလုံးပြိုင်ပွဲများကို ရွှေ့ဆိုင်းထားရသည်။

မတ် ၂၁ ရက်က လူပေါင်း ၅၀၀၀၀ ခန့်သည် အိုလံပစ်မီးရှူးတိုင်ကို ကြည့်ရှုရန် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ မီတာ ၅၀၀ ရှည်သည့် လူတန်းကြီးသည် နာရီပေါင်းများစွာကြာအောင် စောင့်ဆိုင်းခဲ့ကြသည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြထားသည်။

လူအများစုမှာ နှာခေါင်းစည်းများ တပ်ဆင်ထားကြသည်။ သုံးနာရီကျော်ကြာ စောင့်ဆိုင်းခဲ့ရသော်လည်း အိုလံပစ်မီးရှူးတိုင်ကို ကြည့်ရှုရခြင်းမှာ စိတ်အားထက်သန်ဖွယ်ကောင်းသည်ဟု အသက် ၇၀ အရွယ်အမျိုးသမီးတစ်ဦးက အင်န်အိတ်ချ်ကေသို့ ပြောသည်။

မျှော်လင့်ထားသည်ထက် လာရောက်ကြည့်ရှုသူ များပြားနေသည့်အတွက် ပွဲစီစဉ်သူများက စိုးရိမ်နေကြသည်။ ကြည့်ရှုသူ လူအုပ်များပြားလာပါက ကြည့်ရှုပွဲအခမ်းအနားကို ရွှေ့ဆိုင်းသင့်သည်ဟု ဒေသတွင်းမီဒီယာများက ပြောသည်။

**အေအက်ဖ်ပီ**



အိုလံပစ်မီးရှူးတိုင်ကို လာရောက်ကြည့်ရှုကြသည့် ပြည်သူများအား တွေ့ရစဉ်။

## တရုတ်နိုင်ငံမှပေးပို့သည့် ဆေးဝါးပစ္စည်းနှင့် နှာခေါင်းစည်းများ ချက်သမ္မတနိုင်ငံသို့ ရောက်ရှိ

**ပရာ့ဂ် မတ် ၂၂**

တရုတ်နိုင်ငံမှ ပေးပို့လိုက်သည့် တန်ချိန်၁၀၀ အလေးချိန်ရှိ ဆေးဝါးပစ္စည်းများနှင့် သန်းနှင့်ချီသည့် နှာခေါင်းစည်းများကို တင်ဆောင်လာသည့် ပစ္စည်းတင်လေယာဉ်ကြီးသည် ချက်သမ္မတနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ချက်သမ္မတနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၄၇ ဦးရှိပြီး သေဆုံးသူမရှိသေးပေ။ သို့သော် ပိုးသတ်ဆေးနှင့် နှာခေါင်းစည်းမှာ ပြတ်လပ်လျက်ရှိသည်။ ယင်းသို့ပြတ်လပ်မှုကြောင့် ထောင်ပေါင်းများစွာသော ချက်ပြည်သူများသည် နေအိမ်များတွင် နှာခေါင်းစည်းများ ပြုလုပ်နေရသည်။ ချက်သမ္မတနိုင်ငံတွင် နှာခေါင်းနှင့်ပါးစပ်ကို ဖုံးအုပ်ခြင်းမရှိဘဲ အပြင်သို့ မထွက်ရန် အမိန့်ထုတ်ထားသောကြောင့်ဖြစ်သည်။

ယခုတရုတ်နိုင်ငံမှ ပေးပို့လိုက်သည့် ပစ္စည်းများတွင် နှာခေါင်းစည်း ငါးသန်း၊ အသက်ရှူကိရိယာ နှစ်သန်းနှင့် အခြားသောဆေးပစ္စည်းများ ပါဝင်ကြောင်း ချက်မီဒီယာများတွင် ဖော်ပြကြသည်။

**အေအက်ဖ်ပီ**

# ထိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၈၈ ဦးရှိလာပြီး စုစုပေါင်း ကူးစက်ခံရသူ ၅၉၉ ဦးရှိနေ

ဗန်ကောက် မတ် ၂၂

ထိုင်းနိုင်ငံ၌ မတ် ၂၂ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၈၈ ဦး ပေါ်ထွက်လာခဲ့ပြီး နေ့စဉ်ကူးစက်မှုစံချိန်တင် အမြင့်ဆုံးနေ့တစ်နေ့ ဖြစ်လာခဲ့ကြောင်း သိရသည်။

ယခုအခါ နိုင်ငံအတွင်း၌ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၅၉၉ ဦးရှိပြီဖြစ်ကြောင်း အစိုးရအဖွဲ့ အကြီးတန်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။



ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အခြေအနေကို ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် ၁၈၈ ဦးအထိ ထပ်မံပေါ်ထွက်လာမှုကို ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ သာဗီစစ် ဗီဆနူယိုသင်က သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့သည်။

ရောဂါကူးစက်ခံရသူ ၁၈၈ ဦး အနက် ၆၅ ဦးမှာ အစောပိုင်းတွင် ရောဂါကူးစက်မှု ဖြစ်ပွားခဲ့သည့် လမ်ပီနီ လက်ဝှေ့အားကစားရုံ၊ သောင်လော်ရှိ ဘားဆိုင်အချို့တို့မှ လူများ၊ ဗန်ကောက်မြို့ရှိ ရမ်ခမ်ဟန် ဧရိယာများမှ လူများနှင့်နီးကပ်စွာ ဆက်ဆံခဲ့သူများဖြစ်ကြောင်း သိရသည်။

၎င်းတို့သည် ယခုလအစောပိုင်းတွင် အဆိုပါ လက်ဝှေ့အားကစားရုံနှင့် ဘားဆိုင်များမှ ထွက်ခွာလာခဲ့ပြီးနောက် ဗန်ကောက်မြို့ရှိ နေရာများနှင့် ပြည်နယ်အချို့သို့ ခရီးသွားလာခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ မကြာသေးမီက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် ထိုင်းနိုင်ငံ၌ လူတစ်ဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးထိခိုက်မှုများကို ဒေါ်လာ နှစ်ထရီလီယံ အကူအညီပေးရန် ဒေါ်နယ်ထရမ့် အရိပ်အမြွက်ဆို

ဝါရှင်တန် မတ် ၂၂

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအရ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေါ်လာ နှစ်ထရီလီယံခန့် တန်ကြေးရှိသည့် အစီအမံများ လုပ်ဆောင်ရန် စီစဉ်နေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အရိပ်အမြွက် ပြောကြားခဲ့သည်။

အိမ်ဖြူတော်၌ မတ်၂၁ ရက်က သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားခဲ့ရာတွင် သမ္မတထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရမ့်က ၎င်းအနေဖြင့် ဒီမိုကရက်တစ်များနှင့် ရီပတ်ဘလစ်ကန်များထံမှ အထောက်အကူဖြစ်စေမည့် အစီအစဉ်တစ်ခု ပေါ်ထွက်လာလိမ့်မည်ဟု တွေးထင်မိကြောင်းနှင့် ယင်းကိစ္စနှင့်ပတ်သက်၍ လူတိုင်းကို တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်၍ တစ်ဖုံ အကြိမ်ကြိမ် ပြောဆိုလာခဲ့ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

စီးပွားရေးအရ အထောက်အကူပြုမည့်အစီအစဉ်တွင် တစ်ဦးချင်းစီကို ဒေါ်လာ ၁၀၀၀ စီပေးအပ်ရန်၊ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့သည့် လေကြောင်းကုမ္ပဏီများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေကြေးအကူအညီပေးအပ်ရန် အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

ရောဂါကူးစက်မှုကြောင့်စီးပွားရေး ထိခိုက်မှု ပိုမိုကြီးမားလာနေသည့် နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုကို ရင်ဆိုင်ရန် သမ္မတထရမ့်အနေဖြင့် ငွေကြေးအမြောက်အမြား အသုံးပြုသွားဖွယ်ရှိကြောင်း လေ့လာသူများက ခန့်မှန်းသုံးသပ်လျက်ရှိသည်။

စီးပွားရေးဆိုင်ရာ အထောက်အကူဖြစ်စေမည့် အဆိုပါငွေကြေး အစီအစဉ်သည် ကွန်ဂရက်လွှတ်တော်၏ အတည်ပြုချက် လိုအပ်မည်ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်အတွင်း၌ အချေအတင်ဖြစ်မှုများ ပိုမို ပြင်းထန်လာနိုင်ဖွယ်ရှိနေကြောင်း ကျွမ်းကျင်သူများက ပြောသည်။

**အေအက်ဖ်ပီ**

# ကိုလံဘီယာ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် လူသေဆုံးမှုစတင်ဖြစ်ပွား

ဘိုဂိုတာ မတ် ၂၂

ကိုလံဘီယာနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပထမဆုံးလူသေဆုံးမှုရှိလာကြောင်း ကိုလံဘီယာ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။ လက်တင်အမေရိကနိုင်ငံတစ်ခုဖြစ်သည့် ကိုလံဘီယာ၌ ရောဂါကူးစက်ခံရသူ အရေအတွက် ၂၁၀ ရှိလာပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် အမျိုးသားမှာ အသက် ၅၈ နှစ်ရှိပြီဖြစ်ပြီး တက္ကစီဒရိုင်ဘာတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းက ၎င်း၏ အငှားယာဉ်ဖြင့် ပြည်ပနိုင်ငံသားနှစ်ဦးကို တင်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားသည် မတ် ၁၆ ရက်က သေဆုံးခဲ့သော်လည်း ရက်အနည်းငယ်ကြာသည်အထိ သေဆုံးရခြင်းအကြောင်းရင်းကို မသိရှိခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီး ဖာနန်ဒိုရွစ်က ပြောသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန်အတွက် ပြီးခဲ့သည့် အင်္ဂါနေ့ညနေပိုင်းမှစတင်ကာ ကိုလံဘီယာနိုင်ငံသားများကို ရက်သတ္တသုံးပတ်ကြာသည်အထိ အလုံပိတ်နေထိုင်ရန် အမိန့်ထုတ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အာရပ်စော်ဘွားများ ပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှု စတင်ဖြစ်ပွား

ဒူဘိုင်း မတ် ၂၂

အာရပ်စော်ဘွားများပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် လူနှစ်ဦး သေဆုံးမှုစတင်ဖြစ်ပေါ်ခဲ့ကြောင်း မတ်၂၀ ရက်က သတင်းဖော်ပြခဲ့သည်။

အဘူဒါဘီ၌ မကြာသေးမီကပင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၀ အထိ ရှိလာခဲ့ပြီး ၎င်းတို့အနက် ၃၁ ဦးမှာ ပြန်လည်သက်သာလာခဲ့ကာ ယင်းအချိန်က သေဆုံးသူမရှိခဲ့ပေ။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူနှစ်ဦး သေဆုံးမှု စတင်ဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးနှင့် ကာကွယ်တားဆီးရေးဝန်ကြီးဌာနက ကြေညာခဲ့မှုကို အီမရိတ်သတင်းအေဂျင်စီက ဖော်ပြခဲ့ သည်။

### နှလုံးရပ်သွား

သေဆုံးသူ နှစ်ဦးအနက် တစ်ဦးမှာ အသက် ၇၈ နှစ်အရွယ် အာရပ်နိုင်ငံသားတစ်ဦးဖြစ်ပြီး ဥရောပမှ ရောက်လာခဲ့သူဖြစ်ကြောင်း သိရသည်။ သေဆုံးရသည့်အကြောင်းမှာ နှလုံးရပ်သွားခြင်းကြောင့်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဖြစ်ပေါ်သည့် နောက်ဆက်တွဲ လက္ခဏာများနှင့် တူညီနေကြောင်း ကျန်းမာရေးနှင့် ကာကွယ်တားဆီးရေးဝန်ကြီးဌာန၏ ဖော်ပြချက်ကို ကိုးကားလျက် အီမရိတ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

### အာရှနိုင်ငံသား တစ်ဦးဖြစ်

သေဆုံးသူ နောက်တစ်ဦးမှာ အသက် ၅၈ နှစ်အရွယ် အာရှနိုင်ငံသားတစ်ဦးဖြစ်ပြီး ယခင်က နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါ နာတာရှည်ခံစားနေရသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

### အများပြည်သူဆိုင်ရာ နေရာများကို ဖွင့်လှစ်ထားဆဲဖြစ်

အခြားနိုင်ငံများကဲ့သို့ပင် အာရပ်စော်ဘွားများပြည်ထောင်စု၌ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ထားသော်လည်း ဈေးဝယ်ကုန်တိုက်များ၊ စားသောက်ဆိုင်များနှင့် အများပြည်သူဆိုင်ရာ နေရာများကို ဖွင့်လှစ်ထားဆဲဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကူးစက်ရောဂါဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ရန် မြောက်ကိုရီးယားကို သမ္မတထရမ့် ကမ်းလှမ်း

ဝါရှင်တန် မတ် ၂၂

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို ထိန်းချုပ်ရာတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အမေရိကန်နှင့် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဖော်ပြထားသည့် ပေးစာတစ်စောင်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းထံသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်က ပုဂ္ဂိုလ်ရေးပေးစာတစ်စောင်ကို ကင်ဂျုံအန်းထံသို့ ပေးပို့ခဲ့ကြောင်း အမေရိကန်အစိုးရအဖွဲ့ အကြီးတန်းအာဏာပိုင်တစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ သမ္မတထရမ့်အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဆက်ဆံရေး ဆက်လက်တည်တံ့စေရန် မျှော်လင့်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။

ခေါင်းဆောင်ကင်၏ ညီမဖြစ်သူ ကင်ယိုဂျောင်က မတ် ၂၂ ရက် အစောပိုင်းတွင် ထုတ်ပြန်ချက်တစ်စောင်ကို နိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီမှတစ်ဆင့် ထုတ်ပြန်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တိုက်ဖျက်ရာတွင် အကူအညီပေးရန် ကမ်းလှမ်းမှုအပါအဝင် နှစ်နိုင်ငံအကြား ဆက်ဆံရေးရှေ့ဆက်ရန် ကြိုးပမ်းမှုအပေါ် အသိအမှတ်ပြုကြောင်း ဖော်ပြခဲ့သည်။

သို့ရာတွင် ပြုံယမ်းအနေဖြင့် ကပ်ရောဂါတိုက်ဖျက်ရေး အတူတကွ ဆောင်ရွက်ရန် အမေရိကန်၏ ကမ်းလှမ်းမှုကို လက်ခံရန်ရှိမရှိနှင့်ပတ်သက်၍ ထုတ်ပြောခဲ့ခြင်းမရှိကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသည် မတ် ၂၁ ရက်က တာတိုပစ်ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



စစ်ရေးလေ့ကျင့်မှုတစ်ခုကို ကြည့်ရှုနေသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။

# ကိုရိုနာဗိုင်းရပ်စ်ကို အပြင်းအထန်တွန်းလှန်နေကြတဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံများ

ခြူးစန္ဒီနွေး

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုအတွက် တစ်ကမ္ဘာလုံးရဲ့ စိုးရိမ်ပူပန်မှုတွေဟာ အခုအခါမှာတော့ ဥရောပအပေါ်မှာ ကျရောက်နေပါတယ်။ အီတလီနိုင်ငံမှ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှုန်းဟာလည်း ကြောက်ခမန်းလိလိပါပဲ။ တစ်ရက်တည်းမှာပဲ လူပေါင်း ၇၉၃ ဦးဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ရပါတယ်။ အခုဆိုရင် အီတလီနိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူ အရေအတွက်ဟာ ၄၈၀၀ အထိ ရှိလာပြီပဲဖြစ်ပါတယ်။



နယူးဂျာစီပြည်နယ် ပါရာမတ်စ်မြို့တွင် တစ်ကိုယ်ရည်ရောဂါကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ထားကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## နမူနာယူစရာ

ဥရောပတိုက်မှာ သေဆုံးမှုနှုန်းမြင့်တက်နေတဲ့ အချိန် အီတလီဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီဖြစ်ရပ်ကြောင့် ဥရောပနဲ့အမေရိကန်တို့က ကိုရိုနာဗိုင်းရပ်စ် နှိမ်နင်းရေးကြိုးပမ်းနေကြတဲ့ ကျန်းမာရေးအာဏာပိုင်တွေအတွက် နမူနာယူစရာ ဖြစ်ခဲ့ပါတယ်။ အခုဆိုရင် အီတလီနိုင်ငံမှာ တစ်နိုင်ငံလုံးအနှံ့ ဝင်ခွင့်ထွက်ခွင့်ပိတ်ဆို့ထားတာ ၁၁ ရက်မြောက်နေ့ကို ရောက်လာပါပြီ။ အီတလီနိုင်ငံမှာ အခုလိုရုန်းကန်နေရစဉ် အမေရိကန်က ကျန်းမာရေးဝန်ထမ်းတွေ ကြောက်ရွံ့ကြတာကတော့ အသက်ရှူကိရိယာတွေ၊ အခြေခံဆေးဝါးကိရိယာတွေနဲ့ အထူးကုသရေးလူနာဆောင်မှာ ခုတင်တွေ မလုံလောက်မှာကို စိုးရိမ်ကြပါတယ်။

## အသင့်စောင့်ဆိုင်းနေ

အီဘိုလာရောဂါကို နှိမ်နင်းရေးတုန်းက အတွေ့အကြုံရှိခဲ့တဲ့ ကျူးဘားဆရာဝန် ၆၅ ဦးဟာဆိုရင်လည်း အခု ဆိုရင် အီတလီမြောက်ပိုင်းကို လာရောက်ပြီး ကူညီမှုတွေ ပြုလုပ်နေပါပြီလို့ အီတလီကျန်းမာရေး အာဏာပိုင်တွေက ပြောပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ဆိုးဆိုးရွားရွား ကူးစက်ခံနေရတဲ့နေရာတွေမှာဆိုရင် စစ်ဘက်ဆိုင်ရာ ထရပ်ကားတွေဟာ ဆေးရုံအပြင်ဘက်မှာ ရပ်ထားကြပါတယ်။ သေဆုံးသွားတဲ့လူနာအလောင်းတွေကို အဝေးကို သယ်ဆောင်သွားဖို့ အသင့်စောင့်ဆိုင်း နေကြတာပဲဖြစ်ပါတယ်။

## ဥရောပတစ်လွှား ကူးစက်ခံနေရမှုများ

စပိန်နိုင်ငံမှာတော့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူ ၅၀၀၀ ကို မတ်၂၁ ရက်က အသစ်ထပ်မံတွေ့ရှိခဲ့ပါတယ်။ စပိန်နိုင်ငံတစ်ဝန်း သေဆုံးမှုနှုန်းကတော့ မတ် ၂၁ ရက်မှာ ၁၀၀၀ ခန့်ရှိပါတယ်။ စပိန်တပ်ဖွဲ့ဟာ မက်ဒရစ်မြို့ ကွန်ဗင်းရှင်းစင်တာကို ခုတင် ၅၅၀၀ ဆံ့ ဆေးရုံအဖြစ် အသွင်ပြောင်းခဲ့ပါတယ်။

နယ်သာလန်နိုင်ငံမှာ သေဆုံးသူအရေအတွက်ကတော့ ၁၃၆ ဦးရှိပြီး မတ် ၂၁ ရက်မှာ ၃၀ ထပ်မံ သေဆုံးခဲ့ပါတယ်။

အိုင်ယာလန်နိုင်ငံမှာ ကူးစက်ခံရသူအရေအတွက်ဟာ ၇၈၅ ဦးရှိပြီး မတ် ၂၁ ရက်မှာတော့ နောက်ထပ်ရောဂါကူးစက်ခံထားရသူ ၂၁ ဦးကို တွေ့ရှိခဲ့ရပါတယ်။

ဗြိတိန်မှာတော့ လူပေါင်း ၅၀၀၀ မှာ ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရပြီး ၂၃၃ ဦး သေဆုံးခဲ့ပြီးပါပြီ။ ဥရောပတစ်လွှားမှာတော့ နယ်စပ်တွေကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားပြီး နေအိမ်အတွင်း၌သာနေရန် ဥပဒေကိုချိုးဖောက်တဲ့ ပြည်သူတွေကို ဒဏ်တပ်ဖို့ ရဲတပ်ဖွဲ့ဝင်တွေကို တပ်ဖြန့်ချထားပါတယ်။

## လူတိုင်းဆေးစစ်ဖို့မလို

အမေရိကန်မှာတော့ ပြည်သူ့ကျန်းမာရေးအရာရှိတွေဟာ ဥရောပကဖြစ်ရပ်တွေကို မျက်ခြည်မပြတ်စောင့်ကြည့်နေပါတယ်။

ပြည်သူတွေအနေနဲ့ ကိုရိုနာဗိုင်း ရပ်စ်ကူးစက်ခံထားရကြောင်း ရောဂါလက္ခဏာတွေ မပေါ်ဘဲနဲ့ စစ်ဆေးရေးကိရိယာနဲ့ မစစ်ဆေးကြဖို့ အမေရိကန်အာဏာပိုင်တွေက ပြောထားပါတယ်။ အမေရိကန်မှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ လူတိုင်းလူတိုင်းစစ်ဆေးကြည့်ဖို့မလိုဘူးလို့ အမျိုးသားကူးစက်ရောဂါကာကွယ်ရေး အင်စတီကျူက ညွှန်ကြားရေးမှူး အန်သိုနီအက်စ်ဖော်စီက ပြောပါတယ်။ မလိုအပ်ဘဲနဲ့ စစ်ဆေးခြင်းကြောင့် ကျန်းမာရေးလုပ်သားတွေမှာ လိုအပ်တဲ့ နှာခေါင်းစည်း၊ ဝတ်စုံ အပါအဝင် ပစ္စည်းကိရိယာ ပြတ်လပ်မှုတွေနဲ့ ကြုံတွေ့လာရနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

## ဗဟိုချက်မဖြစ်လာ

နယူးယောက်မြို့ကတော့ အမေရိကန်အတွက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားရာ ဗဟိုချက်မလိုဖြစ်နေပါတယ်။ အီလီနွိုက်၊ နယူးယောက်၊ ကယ်လီဖိုးနီးယားတို့မှာတော့ ပြည်သူတွေအနေနဲ့ နေအိမ်အတွင်း၌သာ နေထိုင်ကြရန် အာဏာပိုင်တွေက သတိပေးထားပါတယ်။ နောက်ပြီးခရီးသွားလာမှုတွေကိုလည်း ကန့်သတ်ထားပါတယ်။

အမေရိကန်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၀၆ ဦးရှိပါတယ်။ ဗိုင်းရပ်စ်တွေ့ရှိရတဲ့ လူအရေအတွက်ကတော့ မတ် ၂၁ ရက်မှာ ၂၀၀၀၀ အထိ ရှိလာပါပြီ။ ဒုတိယအများဆုံး ကူးစက်ခံရတဲ့ပြည်နယ်ကတော့ ဝါရှင်တန်ပါပဲ။ ဝါရှင်တန်မှာ လူပေါင်း ၁၇၉၃ ဦး ကူးစက်ခံထားရပါတယ်။ အနောက်ဗာဂျီးနီးယားမှာတော့ ကူးစက်ခံရမှု အနိမ့်ဆုံးပါပဲ။ အရေအတွက်အားဖြင့် ရှစ်ဦးသာ ကူးစက်ခံထားရပါတယ်။

## ဘဏ္ဍာရေးအကူအညီ ပေးဖို့ပြင်

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်နစ်နာရတဲ့ စီးပွားရေးလုပ်ငန်းတွေကို အကူအညီပေးဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အစိုးရအဖွဲ့က ဘဏ္ဍာရေးအရ အကူအညီတွေပေးဖို့ ပြင်ဆင်နေပါတယ်။ ထရမ့်ရဲ့ စီးပွားရေးဆိုင်ရာ အဆင့်မြင့် အကြံပေးပုဂ္ဂိုလ်ဖြစ်သူ လာရီကတ်လိုးကတော့ ကယ်ဆယ်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၂ ထရီလီယံကျော်အထိ အသုံးပြုသွားဖို့ရှိတယ်လို့ ပြောပါတယ်။ သမ္မတထရမ့်ကတော့ အမေရိကန်ဟာ အဆိုးရွားဆုံး ကမ္ဘာ့ကူးစက်ရောဂါနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ ထပ်ခါထပ်ခါ သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

## ဒုတိယသမ္မတကို ဆေးစစ်ဆေး

အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်ရဲ့ ရုံးကဝန်ထမ်းတစ်ဦးမှာလည်း ကိုရိုနာဗိုင်းရပ်ကူးစက်ခံထားရတာကို တွေ့ရှိရတာကြောင့် ဒုတိယသမ္မတအတွက် စိုးရိမ်စရာဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီဝန်ထမ်းဟာ သမ္မတထရမ့်၊ ဒုတိယသမ္မတ မိုက်ပန့်စ်တို့နဲ့ ထိတွေ့ဆက်ဆံမှုမရှိတာကြောင့် အလွန်စိုးရိမ်စရာမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း မိုက်ပန့်စ်နဲ့ ဇနီးဖြစ်သူတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ရှိမရှိ စစ်ဆေးခံဖို့ ဖြစ်လာခဲ့ပါတယ်။ မတ် ၂၁ ရက် ညပိုင်းမှာတော့ ဒုတိယသမ္မတနဲ့ ဇနီးဖြစ်သူတို့မှာ ကိုရိုနာဗိုင်းရပ်စ်မတွေ့ရှိရဘူးလို့ ကြေညာခဲ့ပါတယ်။ အိမ်ဖြူတော်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ ဆရာဝန်တွေနဲ့ သူနာပြုတွေဟာ N95 နှာခေါင်းစည်းတွေ ပိုပြီးလိုအပ်တယ်လို့ ရှင်းပြခဲ့တဲ့အတွက် ထရမ့်အစိုးရအဖွဲ့ဟာ ဒါတွေကို ဖြည့်ဆည်းပေးမယ်လို့ ပြောကြားခဲ့ပါတယ်။

## ဗိုင်းရပ်စ်ပြန်ပေါ်လာနိုင်

အစောပိုင်းကာလတုန်းက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မခံရခင် ဆေးတွေကြိုတင်သောက်သုံးဖို့ သမ္မတ ထရမ့်က တိုက်တွန်းတာမျိုး ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း အမေရိကန် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက မည်သည့်ဆေးဝါးကိုမှ ကိုဗစ် -၁၉ ကုသရေးအတွက် ဆေးဝါးဆိုပြီး ထောက်ခံချက်မပေးခဲ့ပါဘူး။ ပြည်နယ်အရာရှိတွေနဲ့ ကျန်းမာရေးအာဏာပိုင်တွေက အရေးပေါ် အကဲဖြတ်မှုတွေကို ပြုလုပ်ခဲ့ကြပါတယ်။

အကယ်၍ အမေရိကန်နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကို လျှော့ချနိုင်ခဲ့ရင်တောင် ဒီနှစ်နှောင်းပိုင်းလောက်ကျရင် ဒီဗိုင်းရပ်စ်ဟာ ပြန်ပြီးပေါ်လာနိုင်တယ်လို့ ပြောကြားခဲ့ကြပါတယ်။

## အာရှနိုင်ငံတွေလည်း ခံစားရ

ကိုရိုနာဗိုင်းရပ်စ်ကို ခံစားနေရတဲ့အထဲမှာ အာရှနိုင်ငံတွေလည်း အပါအဝင်ပါပဲ။ မလေးရှားနိုင်ငံမှာတော့ မတ် ၂၁ ရက်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူငါးဦး ထပ်မံသေဆုံးခဲ့ပါတယ်။ စင်ကာပူမှာတော့ မတ် ၂၁ ရက်မှာ နောက်ထပ်ကူးစက်ခံရသူ ၄၇ ဦး ထပ်မံတွေ့ရှိခဲ့ရပါတယ်။ လူကိုးဦးကတော့ သက်သာတဲ့အတွက် ဆေးရုံကနေဆင်းသွားရပြီဖြစ်ပြီး ပြန်လည်သက်သာတဲ့ အရေအတွက်ဟာ ၁၄၀ အထိ ရှိလာပြီလို့ ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းနိုင်ရေး နိုင်ငံတိုင်းက အပြင်းအထန် ကြိုးစားနေကြပါတယ်။ **ကိုးကား -ဝါရှင်တန်ပို့စ်**

---

# နိုင်ငံတကာသတင်းတိုထွာ

## တောင်ကိုရီးယား၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၈၈၉၇ ဦး ရှိလာ

ဆိုးလ် မတ် ၂၂

တောင်ကိုရီးယား၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ နောက်ထပ် ၉၈ ဦး တွေ့ရှိခဲ့ရာ ကူးစက်ခံရသူ စုစုပေါင်း အရေအတွက်မှာ ၈၈၉၇ ဦးအထိရှိလာခဲ့သည်။ အသစ်ကူးစက်ခံရသည့်နှုန်းမှာ ၁၀၀ အောက်လျော့ကျခဲ့သည်။ နောက်ထပ် နှစ်ဦးထပ်မံသေဆုံးခဲ့သည့်အတွက်သေဆုံးသူအရေအတွက်မှာမူ ၁၀၄ ဦးအထိ ရှိလာခဲ့သည်။

စုစုပေါင်း သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၁၇ ရာခိုင်နှုန်းရှိသည်။ လူပေါင်း ၂၉၇ ဦးမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ပြီး အပြည့်အဝ ပြန်လည်နေကောင်းသည်အထိ သီးခြားခွဲကာ နေထိုင်ရမည်ဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှစတင်ကာ တောင်ကိုရီးယားနိုင်ငံတွင် လူပေါင်း ၃၃၁၀၀၀ ကို ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းရှိ မရှိစစ်ဆေးပေးခဲ့ပြီး ထိုအထဲမှ ၃၀၈၃၄၃ ဦးမှာ ဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းမရှိကြောင်း အဖြေထွက်သည်။ ၁၄၅၄၀ ကိုမူ စစ်ဆေးမှုများ လုပ်ဆောင်ဆဲဖြစ်သည်။

ဆင်ဟွာ

## ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်ရှိသွားပြီ

ဂျီနီဗာ မတ် ၂၂

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူအရေအတွက်မှာ ၁၀၀၀၀ ကျော်ရှိသွားပြီဖြစ်ပြီး အီတလီတစ်နိုင်ငံတည်းမှ သေဆုံးသူအရေအတွက် ၄၈၀၀ ရှိသည်။ ကမ္ဘာတစ်ဝန်း သေဆုံးသူအရေအတွက်မှာ ၁၃၄၄ ဦး တိုးမြင့်လာသဖြင့် စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၁၁၁၈၄ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပြောသည်။

အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက အစိုးရအနေဖြင့် နောက်ထပ်တင်းကျပ်မှုများ ထပ်မံလုပ်ဆောင်သွားမည်ဟု မတ်၂၁ ရက်က ပြောကြားခဲ့သည်။ လိုအပ်သည့်ကုန်ပစ္စည်းများ ဝယ်ယူရန်မှအပ စီးပွားရေးလုပ်ငန်းများအားလုံးကို ပိတ်ထားကြောင်း အီတလီဝန်ကြီးချုပ်က ပြောသည်။

စပိန်ဝန်ကြီးချုပ် ပီထရိုဆန်ချက်ဇ်ကလည်း အဆိုးဆုံးအခြေအနေများ ရောက်မလာသေးသော်လည်း ဗိုင်းရပ်စ်မှာ ဆက်လက်ပျံ့နှံ့နေဦးမည်ဟု ပြောကြားခဲ့သည်။ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့တွင် နောက်ထပ်ကူးစက်ခံရသူ ၁၀၀၀ ခန့် ရှိလာသည်။

အင်န်အိတ်ချ်ကေ



# မန္တလေးမြို့၏ လေထုအရည်အသွေးသိရှိနိုင်ရန် လိုက်လံတိုင်းတာ

**မန္တလေး မတ် ၂၂**

မန္တလေးမြို့၏ လေထုအရည်အသွေးကို သိရှိနိုင်ရန် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာနနှင့် တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့တွင်း ၄၇ နေရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သုံးလစီမံချက် သတ်မှတ်ပြီး လေထုအရည်အသွေး တိုင်းတာစက်ဖြင့် လိုက်လံတိုင်းတာနေကြောင်း မန္တလေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထံမှ သိရသည်။

"မန္တလေးတစ်မြို့လုံးရဲ့ လေထုအရည်အသွေးကို သိရှိနိုင်ဖို့ အခြေခံ အချက်အလက်သတ်မှတ်ချက် ရရှိရေး အတွက် စီမံချက်အနေနဲ့ ပူးပေါင်းပြီး မြို့နယ်အလိုက် ပွိုင့်တွေသတ်မှတ်ပြီး တိုင်းတာနေပါတယ်။ လေထုတိုင်းတဲ့ ပွိုင့် ၄၀ ကျော်မှာ မြို့တော်စည်ပင်သာယာရေးကော်မတီက အဓိက လုပ်ဆောင်နေတာပါ။ ကျွန်မတို့ဌာနက ပွိုင့်လေးခု တိုင်းဖို့ တာဝန်ယူထားပါတယ်။ ရလာတဲ့အချက်အလက်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကို ပို့ပေးတယ်။ စီမံချက်ပြီးသွားရင် တစ်မြို့လုံးရဲ့ လေထုအခြေအနေကို သိရပါမယ်" ဟု တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းက ပြောသည်။

အဆိုပါဌာနအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှုဇုန် (၁) နှင့် စက်မှုဇုန် (၂)၊ ချမ်းမြသာစည်မြို့နယ်ရှိ ကျွန်းလုံးဥဿျှောင်ရပ်ကွက်နှင့် မန္တလာသီရိ ဘောလုံးကွင်းတို့တွင် လေထုအရည်အသွေးတိုင်းစက် (AQM 65) စက်ဖြင့် အလှည့်ကျတိုင်းတာနေသည့်အပြင် ငါန်းဇွန်မြို့နယ်ရှိ မြို့သာ စက်မှုဇုန်တွင်လည်း သုံးလတစ်ကြိမ် တိုင်းတာနေကြောင်း သိရသည်။

"ရုံးမှာလည်း အထိုင်စက်တစ်လုံးနဲ့ လေထုအရည်အသွေးကို PM-2.5 နဲ့ တိုင်းတာတယ်။ PM-2.5 ဆိုတာက လေထုထဲက အမှုန်အရွယ်အစားပါ။ တိုင်းတာရရှိတဲ့ အချက်အလက်က နေရာနဲ့ ရာသီဥတုပေါ်မူတည်ပါတယ်။ ဆောင်းရာသီမှာ နှင်းနဲ့ မြူဆိုင်းချိန်နှင့် ပွင့်လင်းရာသီမှာတိုင်းရင် မတူပါဘူး" ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနရုံး အတွင်း၌ ဂျပန်နိုင်ငံ Asia Centre for Air Pollution Research (ACAP) ၏ အကူအညီရယူ၍ PM-2.5 Analyzer ဖြင့် ပတ်ဝန်းကျင် လေထုအရည်အသွေးကို တိုင်းတာပြီး လစဉ်တိုင်းတာမှုများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့ကာ နှစ်ချုပ်အစီရင်ခံစာကို ဂျပန်နိုင်ငံ ACAP သို့ ပေးပို့လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## မလှိုင်မြို့၌ COVID-19 ရောဂါ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ၊ ဗီနိုင်းထောင်ခြင်းများဆောင်ရွက်

**မလှိုင် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် COVID-19 ရောဂါ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာထောင်ခြင်းများကို မတ် ၂၁ ရက်က စုပေါင်းဆောင်ရွက်ကြသည်။**(အောက်ပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အမျိုးသမီးရေးရာကော်မတီအဖွဲ့များက မလှိုင်မြို့ မြို့မစည်ပင်သာယာဈေးတွင် COVID-19 ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ သိရှိရန် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အချက်အလက်များအား သိရှိစေရန် အသံချဲ့စက်ဖြင့် ထပ်ဆင့်ဖွင့်လှစ်ဟောပြောခြင်းများ ဆောင်ရွက်ကာ လက်ဆေးဆပ်ပြာနှင့် လက်ဆေးနည်း သရုပ်ပြကာ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အများသိရှိစေရန် ဗီနိုင်းထောင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းထံမှ သိရသည်။

**ဘိုဘို (မလှိုင်)**



## မြန်မာ-ထိုင်းနယ်စပ် ကော့သောင်းမြို့တွင် COVID-19 ရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**ကော့သောင်း မတ် ၂၂**

မြန်မာ-ထိုင်းနယ်စပ် အဝင်/အထွက် ဂိတ်ရှိသည့် ကော့သောင်းမြို့တွင် တာဝန်ရှိသူများက COVID - 19 ရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်မားလာနေသဖြင့် မတ် ၂၁ ရက် ညပိုင်းက ကော့သောင်းခရိုင် COVID-19 ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၏ ညွှန်ကြားမှုဖြင့် ကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပူးပေါင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် NGO အဖွဲ့များ ပူးပေါင်းကာ နေ့စဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကူးသန်းသွားလာမှုနှင့် လူအသွားအလာများပြားရာ နေရာများဖြစ်သည့် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြို့မတံတား၊ ဓမ္မရုံကူးတို့ဆိပ်၊ မြို့မဈေးပတ်လမ်းနှင့် ကမ်းနားလမ်းတစ်လျှောက်၊ ပိတောက်ရွှေဝါရပ်ကွက်၊ အဝိုင်းပတ်လမ်းတစ်လျှောက်၊ မြို့ခံပြည်သူများ နေ့စဉ်ရောင်းဝယ်ဖောက်ကားများပြားသည့် နေရာများဖြစ်သည့် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် လဟာပြင်ဈေး သား/ငါး ရောင်းချသည့်နေရာများ၊ ရွှေဇင်ယော်ရပ်ကွက် နန္ဒဝန်ဈေးတို့တွင် မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်များဖြင့် လမ်းနှင့် ဈေးကြမ်းပြင်များအား ဆေးကြောသန့်စင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။


ထို့နောက် ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဈေးသည်များနှင့် ဈေးဝယ်သူများအား COVID-19 ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်ဆေးနည်း သရုပ်ပြခြင်းနှင့် ဈေးဆိုင်များတွင် လက်ဆေးစင်၊ တစ်ရှူး၊ လက်ဆေးဆပ်ပြာရည်များ ထားရှိရေးနှင့် သတိပေးဗီနိုင်းများ ချိတ်ဆွဲသတိပေးမှုများဆောင်ရွက်ကြရန် နှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ကျော်စိုး (ကော့သောင်း)**

## မင်းဘူးမြို့နယ် ကျောက်တန်းရေတွင်းကုန်းလမ်းပေါ်မှ ဆားဗွက်ချောင်းတံတား တံတားအထူးအဖွဲ့ (၃) က တာဝန်ယူတည်ဆောက်လျက်ရှိ

**ရန်ကုန် မတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းရေတွင်းကုန်း ကျေးလက်ကားလမ်း ဆားဗွက်ချောင်းပေါ်ရှိ ရေမြုပ်တံတားကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၃)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။




တံတားအမျိုးအစားမှာ အရှည်ပေ ၃၃၄ ဒသမ ၆၆ ပေ၊ တံတားအကျယ် ၁၄ ဒသမ ၁ ပေ၊ တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန်မှာ မော်တော်ယာဉ်တစ်စီးချင်း တန် ၂၀ ဖြစ်သည်။ တံတားတစ်စင်းလုံး၏ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သန်း ၄၀၀ ဖြစ်ပြီး အဆိုပါ ရေမြုပ်ငုတ်ရှိုးတံတားကို ၃၀-၉-၂၀၂၀ တွင် အပြီးတည်ဆောက်သွားမည် ဖြစ်သည်။

အဆိုပါ တံတားပြီးသွားလျှင် တံတားတစ်ဖက်ကမ်းရှိ ကျေးရွာများဖြစ်သည့် စင်လမ်းကြီး၊ ချောင်းဖြူ၊ ဖုန်းတောင်၊ သီးကုန်း၊ ဓာတ်ကုန်း၊ ကျွန်းပြား၊ ပေါက်ပင်၊ ညှင်းရွာ၊ ရေပေါ်ရွာ အစရှိသောကျေးရွာများ မင်းဘူးနှင့် မကွေးသို့ လွယ်ကူစွာသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ မတ် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုကယ်ဆယ်ရေးအဖွဲ့များ အားလုံးပါဝင်၍ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ ကာကွယ်ရေး အမြင့်ဆုံးအစီအမံအဖြစ် ဈေးအတွင်း အထူးသန့်ရှင်းခြင်းနှင့် ဆေးဖျန်းခြင်းတို့ကို ဈေးသူဈေးသားများ၊ ဈေးသာယာရေးအဖွဲ့များ၊ ဈေးဌာနများမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (ကြည့်မြင်တိုင် ဗဟိုငါးဈေးကြီးသည် တစ်နိုင်ငံလုံးသို့ ငါးများတင်ပို့ရောင်းချရာ လက်ကားဈေးကြီးဖြစ်သည့်အလျောက် COVID-19 ရောဂါ မဖြစ်ပွားစေရေး အပတ်စဉ် အထူးသန့်ရှင်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။) **အာကာစိုး**

## မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများရှိ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

**မန္တလေး မတ် ၂၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများရှိ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကား ပြောကြားကာ ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နှင့် တိုင်းဒေသကြီး ခရိုင်ခုနစ်ခုအတွင်းရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ အဝေးသင်၊ ဆေး တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့တွင် တက်ရောက်နေကြသည့် ဝန်ထမ်းသားသမီး စုစုပေါင်း ၁၄၄၈ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။

ယင်းနေ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ငွေများတွင် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၂၉၈၀၀၀၀၊ မန္တလေးခရိုင်အတွက် ငွေကျပ် ၆၈-၃၀၀၀၀၊ ပြင်ဦးလွင်ခရိုင်အတွက် ငွေကျပ် ၆၁၁-၀၀၀၀၊ ကျောက်ဆည်ခရိုင်အတွက် ငွေကျပ် ၇၁၇၀၀၀၀၊ မိတ္ထီလာခရိုင်အတွက် ငွေကျပ် ၇၅၂-၀၀၀၀၊ ရမည်းသင်းခရိုင်အတွက် ငွေကျပ် ၄၄၇-၀၀၀၀၊ မြင်းခြံခရိုင်အတွက် ငွေကျပ် ၇၀၄၀၀၀၀၊ ညောင်ဦးခရိုင်အတွက် ငွေကျပ် ၄၀၉၀၀၀၀ တို့ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်**

## မန္တလေး-မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် လေအေးစက်ပါအမြန်ရထား စတင်ပြေးဆွဲမှု မြစ်ကြီးနားဘူတာ၌ ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မတ် ၂၂**

မန္တလေး-မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၁)အဆန်၊(၃၂) အစုန်အမြန်ရထားအား လေအေးပေးစက်ပါ ကိုရီးယားလေအိတ်တွဲဆိုင်းအသစ်ဖြင့် ယမန်နေ့က စတင်ပြေးဆွဲပြီဖြစ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် စတင်ပြေးဆွဲမည့် အမှတ်(၃၂)အစုန်အမြန်ရထားကို ကြည့်ရှုစစ်ဆေးသည်။



လေအေးပေးစက်ပါ ကိုရီးယားလေအိတ်တွဲဆိုင်းအသစ်ဖြင့် စတင်ပြေးဆွဲမည့် အမြန်ရထားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ရာ မြန်မာ့မီးရထား(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ (သွားလာရေး) ဦးအောင်မြင့်လှိုင်၊ အထွေထွေမန်နေဂျာ (စစ်ဆေး) ဦးထောင်ရှန်ကန်းတို့နှင့် အမှတ်(၁) မြစ်ကြီးနားမှ တိုင်းတာဝန်ခံ ဦးဇော်နှင့် အင်ဂျင်နီယာမှူးများ၊ မြစ်ကြီးနားရုံပိုင်ချုပ်နှင့် တာဝန်ရှိသူများက တွဲဆိုင်းသစ်ရထားကို လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့တို့သည် အသစ်ပြေးဆွဲမည့် ရထားတွင် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား နှုတ်ဆက်ခဲ့ကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။(**အပေါ်ပုံ**)

အဆိုပါ အမြန်ရထားသစ်ကို ကိုရီးယားနိုင်ငံ Dawonsys Co.,Ltd. စက်ရုံမှ ဝယ်ယူခဲ့ပြီး တွဲတစ်တွဲတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀၀၀၀ ဖြစ်ကာ မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် တွဲဆိုင်း ၁၂ တွဲ ပါဝင်ပြီး စားသောက်တွဲတစ်တွဲ အပါအဝင် အထက်တန်း ၁၀ တွဲ၊ ရိုးရိုးတန်း တစ်တွဲတို့ဖြင့် အထက်တန်းတွဲ တစ်တွဲလျှင် ခရီးသည် ၃၃ ဦးနှင့် ရိုးရိုးတန်းလူစီးဘရိတ်တွဲတွင် ၄၄ ဦး တို့ဖြင့် စုစုပေါင်း ခရီးသည် ၃၇၄ ဦး သယ်ဆောင်ကာ နေ့စဉ် မြစ်ကြီးနား ဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး လမ်းခရီးတစ်လျှောက် မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း၊ နဘား၊ ကောလင်း၊ ကန့်ဘလူ၊ ရွှေဘို ဘူတာခုနစ်ဘူတာသာရပ်နားပေးမည် ဖြစ်ကြောင်းနှင့် မန္တလေးသို့ နံနက် ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်မြို့နယ်အတွင်း တန်ဖိုးသင့်အိမ်ရာတည်ဆောက်ရေး လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

**ပဲခူး မတ် ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ပြည်မြို့နယ်အတွင်း တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်နိုင်ရေးလုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ မတ် ၂၀ ရက်က Golden Zenith Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်သန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လူဦးရေတိုးပွားလာသည်နှင့်အမျှ မြို့ပြအိုးအိမ်လိုအပ်ချက်သည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စနစ်ကျသည့် မြို့ပြအိမ်ရာတစ်ခုဖြစ်စေရန် လမ်း၊ ဈေး၊ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ဝန်ဆောင်မှုပေးမည့် အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ ပြည်သူများအတွက် အပန်းဖြေရန်နေရာ စသည်တို့ ပါဝင်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်ကတည်းက စနစ်ကျသော မြို့ပြများတည်ဆောက်ရန် လျာထားစီမံထားမှသာ အနာဂတ်တွင် အသုံးဝင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ရရှိသည့်ဘဏ္ဍာငွေအပေါ် မူတည်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေရသည့် အချိန်ဖြစ်၍ ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အခက်အခဲရှိကြောင်း၊ ယခုလို ပြည်သူအတွက် တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်၍ ငါးနှစ်အရစ်ကျစနစ်ဖြင့် ဘဏ်နှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးမည်ကို သိရ၍ ဝမ်းမြောက်စွာ ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးခင်မောင်ဆန်းက အစိုးရနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ လိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းသက်နိုင်မိုးက မြို့ပြအိမ်ရာတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ဒီဇိုင်းရေးဆွဲမှုနှင့် ပါဝင်ရမည့် အခြေခံအချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်သန်းဦးက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်က တည်ဆောက်မည့် အဆောက်အအုံဒီဇိုင်းများ၊ လမ်း၊ ဆေးခန်း၊ ဈေး၊ ပြည်သူအပန်းဖြေနေရာ စသည်တို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## COVID-19 ရောဂါဖြစ်ပွားမှုမရှိစေရေး ညှိနှိုင်းစည်းဝေး

**တောင်ကြီး မတ် ၂၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်၊ ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန(လားရှိုး)ဦးစီးမှူး ဒေါက်တာတင်မောင်ညွန့်၊ ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကျိုင်းတုံ) ဒေါက်တာ ဘစိုးသက်၊ အမျိုးသမီးနှင့် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်ခိုင်တို့က COVID-19 ရောဂါဖြစ်ပွားမှုများအကြောင်း ရှင်းပြပြီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် COVID-19 ရောဂါသံသယလူနာ တွေ့ရှိမှုအခြေအနေ၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်**

### သစ်ပင်စိုက်မှအရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းဖြေ၏

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၁၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၆၁၀ | ကျပ် | ၅၈၀/၆၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၂၀ | ကျပ် | ၅၉၅/၆၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၄၀/၅၄၀ | ကျပ် | ၅၄၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၇၀/၆၆၀ | ကျပ် | ၆၇၅/၆၈၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၈ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၉ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၉ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၄၆ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၀၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၉၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၉၄၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၆၆၃ | ၁၈၅၈၀၅၀၀ |
| MTSH | ၃၈၀၀ | ၃၉၀၀ | ၂၃၁၄ | ၈၈၆၇၈၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁၈၀ | ၁၄၇၆၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၂၆ | ၄၉၇၂၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၇ | ၁၅၉၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးစကားဝိုင်းကျင်းပ

## တာရာ၊ ကေကေ၊ ဓာတ်ပုံ-သူရဇော်

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးစကားဝိုင်းတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် ကျော်ဝင်းသိန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**အစီအစဉ်မှူး။** ။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းပြီး နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာကို ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ စီးပွားရေးနဲ့ ပတ်သက်ပြီး တံခါးဖွင့်ဝါဒကို ကျင့်သုံးလာတာနဲ့အမျှ အခွင့်အလမ်းတွေ ပေါ်ပေါက်လာသလို စိန်ခေါ်မှုတွေလည်း ရှိလာပါတယ်။ လက်ရှိမှာ ဘယ်လိုအခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေ ရှိနေတယ်ဆိုတာ ဒုတိယဝန်ကြီးအနေနဲ့ အရင်ဆုံး ဆွေးနွေးပေးစေလိုပါတယ်။

**ဒုတိယဝန်ကြီး။** ။ ဘယ်နိုင်ငံပဲဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အမြဲတမ်းလိုလို ကြုံတွေ့ရတာက စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အမြဲတမ်းယှဉ်တွဲပြီး ကြုံတွေ့ရတဲ့ စိန်ခေါ်မှုကတော့ တည်ငြိမ်မှုကို ထိပါးလာတဲ့ စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ ဥပမာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက လိုတာထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားလာတယ်ဆိုရင် ငွေကြေးဖောင်းပွမှု (Inflation) ကလည်း လိုက်လာတတ်ပါတယ်။ ငွေကြေးဖောင်းပွမှု လိုက်လာရင် စီးပွားရေးဝန်းကျင် တည်ငြိမ်မှုကို ထိပါးလာတဲ့သဘောရှိပါတယ်။ အဲဒီလိုပဲ စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးလိုက်တဲ့အခါမှာ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ အများကြီးရလာပါတယ်။ တစ်ပြိုင်တည်းမှာပဲ စိန်ခေါ်မှုတွေ အများကြီးကြုံလာရတတ်ပါတယ်။

ဥပမာဆိုရရင် နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေအတွက် တံခါးဖွင့်လိုက်တယ်ဆိုရင် နိုင်ငံတကာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တစ်ဟုန်ထိုးဝင်လာတတ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဝင်လာတဲ့အခါ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှု (Responsible Investment) တွေ ဝင်လာနိုင်သလို တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်လာနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အမြဲတမ်းပြောနေတာကတော့ တံခါးဖွင့်လိုက်ရင် လေကောင်းလေသန့် ဝင်လာနိုင်တာဖြစ်သလို ယင်ကောင်တွေလည်း ဝင်လာနိုင်တာပဲ၊ ယင်ကောင်ဝင်လာမှာကြောက်တဲ့အတွက် တံခါးပိတ်လိုက်ရင် လေကောင်းလေသန့် ရလာမှာမဟုတ်ပါဘူး။

အဲဒီလို တံခါးဖွင့်လိုက်ပြီဆိုတာနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာသလို နိုင်ငံတကာ အထောက်အပံ့အကူအညီတွေလည်း ဝင်လာပါတယ်။ အဲဒါကို Development Assistant လို့ ခေါ်ပါတယ်။ နိုင်ငံတကာ အထောက်အပံ့အကူအညီတွေကို နိုင်ငံအများစု ပေါင်းစပ်ထားတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ (Multilateral Development Partner) လို့လည်းခေါ်တဲ့ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် စတဲ့အဖွဲ့အစည်းတွေရှိသလို နိုင်ငံတစ်ခုချင်းက အကူအညီပေးတဲ့ Bilateral Development Partner တွေလည်း ရှိပါတယ်။ ဒီလို အကူအညီတွေကို ပေးတဲ့အခါ အကောင်အထည်ဖော်ရမယ့် အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေရှိပါတယ်။ ဒီအဖွဲ့အစည်းတွေကတော့ NGO၊ INGO နဲ့ CSO လို့ခေါ်တဲ့ လူမှုအဖွဲ့အစည်းတွေ ပါပါတယ်။

တံခါးဖွင့်လိုက်တဲ့အခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတယ်၊ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ ဝင်လာတယ်။ ဒီအကူအညီ အထောက်အပံ့တွေကို အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက အကောင်အထည်ဖော်ပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းတွေ အများကြီးရလာတယ်ဆိုပေမယ့် စိန်ခေါ်မှုတွေကလည်း ပါလာပါတယ်။ အဲဒီစိန်ခေါ်မှုတွေက ဘာတွေလဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အခွင့်အရေးယူ အသုံးချပြီး အလွဲသုံးစားလုပ်ပြီး ဖွံ့ဖြိုးမှုအကူအညီတွေကို အကောင်အထည်ဖော်နေတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ NGO၊ INGO နဲ့ CSO တွေကိုလည်း အသုံးချပြီး နိုင်ငံတကာ ရာဇဝတ်မှုတွေကို ကျူးလွန်နေတဲ့၊ ငွေကြေးခဝါချမှုနဲ့အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှု ကျူးလွန်နေတဲ့အဖွဲ့တွေက အသုံးချဆောင်ရွက်နေတာကိုလည်း ကြုံရတတ်ပါတယ်။

အဲဒီလို အသုံးချခံ ဖြစ်မသွားအောင်၊ ကျွန်တော်တို့ကို အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေကို အသုံးမချနိုင်အောင်လို့ ကာကွယ်တားဆီးရမယ့် လုပ်ငန်းစဉ်ဟာလည်း ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါတယ်။ နိုင်ငံတကာမှာ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအတွက် ဘယ်လို အားနည်းချက်တွေရှိသလဲ၊ ဘယ်လို ကုစားနိုင်မလဲဆိုတာ စောင့်ကြည့်နေတဲ့ Financial Action Task Force(FATF) လို့ခေါ်တဲ့ ငွေကြေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးအရေးယူမှုတွေကို ဆောင်ရွက်နေတဲ့ အဖွဲ့ရှိပါတယ်။ ဒီအဖွဲ့အောက်မှာမှ ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Asia Pacific Group ဆိုတာ ရှိပါတယ်။ ဒီအဖွဲ့က ကျွန်တော်တို့ဆီမှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲခတ်မှု (Mutual Evaluation) ဆိုတဲ့ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ပြီး ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေမှာ လိုက်နာမှုအားကောင်းဖို့အတွက် Action Plan လုပ်ငန်းစဉ် ၉၉ ခုကို ချပေးခဲ့ပါတယ်။ ဒါတွေ ဆောင်ရွက်နိုင်မှသာ စိန်ခေါ်မှုကြီးတစ်ရပ်ကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။




နိုင်ငံတော်အနေနဲ့ ဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ဖို့ တော်တော်လေး ကြိုးစားခဲ့ရပါတယ်။ ကြိုးစားတဲ့အခါမှာလည်း ဒုတိယသမ္မတ ဦးဆောင်တဲ့ Steering Committee လို့ခေါ်တဲ့ ဦးဆောင်ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ ဦးဆောင်ကော်မတီကနေ လိုအပ်တဲ့ အမိန့်ကြေညာစာတွေကို နိုင်ငံတော် သမ္မတရုံးကနေ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒါအပြင် သက်ဆိုင်တဲ့ဌာန အဖွဲ့အစည်းတွေကနေ လိုအပ်တဲ့ညွှန်ကြားချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ ဆောင်ရွက်ရမယ့်ကိစ္စတွေကိုလည်း လုပ်ငန်းစဉ်များနဲ့ ဆောင်ရွက်ခဲ့ရပါတယ်။ ဆောင်ရွက်ခဲ့တဲ့အခါ ဒုတိယသမ္မတတစ်ဦး ဦးစီးဆောင်ရွက်တာဖြစ်တဲ့အတွက် Technical Compliance လို့ခေါ်တဲ့ ဥပဒေပိုင်းဆိုင်ရာ အားနည်းချက်တော်တော်များများကို ကျော်လွှားနိုင်ခဲ့ပါတယ်။

ဒါ့ပြင် Implementation Effectiveness (ထိရောက်မှုဆိုင်ရာ အကောင်အထည်ဖော်မှု) ကိုလည်း Immediate Outcomes-IO (လက်ငင်းရလဒ်) အပေါ် မူတည်တိုင်းတာတဲ့ စံနှုန်းတွေရှိပါတယ်။ အဲဒီလို ထိရောက်မှုဆိုင်ရာ အကောင်အထည်ဖော်မှုမှာလည်း သိသာတဲ့ ရလဒ်တွေ နိုင်ငံတော်ကနေ အများကြီးရခဲ့ပါတယ်။ အဲဒီလိုရခဲ့တဲ့အတွက် အဖွဲ့ဝင်အချင်းချင်း အပြန်အလှန်အကဲခတ် အစီရင်ခံစာမှာ ပါဝင်တဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ၉၉ ခုကနေ နောက်ဆုံး ရှစ်ခုအထိသာ ကျန်တဲ့အထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီ ရှစ်ခုကိုလည်း အချိန်မီ ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းကို တံခါးဖွင့် ဝင်လာတယ်ဆိုရင် နိုင်ငံတကာစံနှုန်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။ အဲဒီလို လိုက်နာနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ အဆင်သင့်ဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာစံနှုန်းတွေ လိုက်နာရန် အဆင်သင့်ဖြစ်ဖို့ကလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။

အဲဒီတော့ တိုင်းပြည်တံခါးဖွင့်ရင် အခွင့်အလမ်းတွေ ပေါ်လာတယ်၊ အဲဒီအခွင့်အလမ်းတွေနဲ့အတူ စိန်ခေါ်မှုလည်း ပေါ်လာတယ်။ ဒီစိန်ခေါ်မှုတွေကို အခက်အခဲအဖြစ် မယူဆဘဲ စွမ်းအားဖြစ်စေတဲ့ တွန်းအားတစ်ရပ်ဖြစ်တယ်လို့ ခံယူကြိုးစားနိုင်မယ်ဆိုရင် နိုင်ငံတကာစံနှုန်းနဲ့ညီတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဝင်ဆံ့နိုင်တဲ့စနစ်တစ်ခုကို တည်ဆောက်သွားနိုင်မယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒုတိယအနေနဲ့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို မေးမြန်းလိုပါတယ်။ NGO၊ INGO အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့နေရာမှာ ပါဝင်နေတဲ့အတွက် သူတို့ အသုံးချခံမဖြစ်အောင် ကာကွယ်မှု ဘယ်လိုရှိတယ် ဆိုတာ မျှဝေစေလိုပါတယ်။**

**ဦးမင်းထွဋ်။** ။ အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ သူတို့ရရှိတဲ့ ဝင်ငွေကိုလည်း ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး သက်သက်ကိုပဲ ပြန်သုံးမယ်ဆိုရင် အဲဒီဝင်ငွေအပေါ်မှာ အခွန်ကောက်ခံခြင်း မရှိပါဘူး။ အခွန်ကင်းလွတ်ခွင့် ပေးထားပါတယ်။ အခွန်ထမ်းတွေအနေနဲ့လည်း အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေကို လှူဒါန်းတယ်ဆိုရင် အဲဒီအခွန်ထမ်းတွေရဲ့ စုစုပေါင်းဝင်ငွေကနေ ၂၅ ရာခိုင်နှုန်းထက် မပိုတဲ့ငွေကို စရိတ်အဖြစ် ခွင့်ပြုပါတယ်။ သို့သော်လည်း ကန့်သတ်ချက်တော့ ရှိပါတယ်။ ကန့်သတ်ချက်က အဲဒီအကျိုးအမြတ် ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းဆိုတာ နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်ကနေ ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အသိအမှတ်ပြုတဲ့ အဖွဲ့အစည်းဖြစ်ဖို့ လိုပါတယ်။ ဒါကတော့ အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ဝင်ငွေခွန်နဲ့ ပတ်သက်ပြီး အခွန်ကင်းလွတ်ခွင့် ပေးထားတာပါ။

ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူး။ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ပတ်သက်ပြီးတော့ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈ (ခ) (၁) မှာ ပြည်ထောင်စုအစိုးရက အောက်ဖော်ပြပါကိစ္စများနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးခြင်းပြုလုပ်နိုင်တယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။

ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊ နောက်တစ်ခုက အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် ၅ အရ ပြည်တွင်း ပြည်ပအလှူရှင်များမှ ပြည်တွင်း၌ လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များအပေါ်မှာ ကင်းလွတ်ခွင့်ပေးထားပါတယ်။

ဒါကို ပြန်ပြောရရင် နိုင်ငံတော်အနေနဲ့ အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေကို အခွန်ဆိုင်ရာကင်းလွတ်ခွင့်ပေးခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း တချို့သောသူတွေက ဒီအဖွဲ့အစည်းတွေကို အကာအကွယ်ယူပြီးတော့ ငွေကြေးခဝါချမှုလည်း ဖြစ်လာနိုင်ပါတယ်။

အဲဒီတော့ ၂၀၁၉ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့ အခွန်စီမံအုပ်ချုပ်မှုဥပဒေဆိုတာလည်း အတည်ပြုပြီးဖြစ်ပါတယ်။ အဲဒီဥပဒေက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်ကစပြီး အသက်ဝင်နေပါပြီ။ အဲဒီဥပဒေ ပုဒ်မ ၃(က) မှာ အခွန်ထမ်းနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ရှိပါတယ်။

အဲဒီမှာအခွန်ထမ်းဆိုတာ အခွန်ဥပဒေတစ်ရပ်ရပ်အရ ကျသင့်တဲ့ အခွန်ကို ပေးဆောင်ရန် တာဝန်ရှိသူအပြင် ပင်ရင်းက နုတ်ယူပြီး ဦးစီးဌာနကို ပေးသွင်းရန် တာဝန်ရှိသူလို့လည်းပါတယ်လို့ ပြောထားပါတယ်။ ဆိုလိုတဲ့ သဘောက ကိုယ်တိုင်အခွန်ပေးဖို့ တာဝန်ရှိသူလည်း ဖြစ်မယ်။ ဒါမှမဟုတ် ကိုယ်က အခွန်ပေးဖို့ တာဝန်မရှိဘူး။ သို့သော်လည်း ပင်ရင်းကနေနုတ်ယူပြီး ငွေပေးချေတဲ့အချိန်မှာ အခွန်ပေးသွင်းရမယ်ဆိုရင်လည်း အခွန်ထမ်းလို့ ဆိုပါတယ်။

ဥပမာနဲ့ တင်ပြရမယ်ဆိုရင် အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေမှာ ဝန်ထမ်းတွေ ရှိပါတယ်။ အဲဒီဝန်ထမ်းတွေကို လစာတွေ ပေးထားရပါတယ်။ တစ်နှစ် ဝန်ထမ်းတွေရဲ့ လစာသည် ၄၈ သိန်းကျော်တယ်ဆိုရင် ဝင်ငွေခွန်ပေးဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီဝင်ငွေခွန်ပေးဆောင်ရမယ့် ဝန်ထမ်းတွေကို လစာပေးတဲ့အချိန်မှာ နုတ်ယူပေးသွင်းပြီးတော့ ပြည်တွင်းအခွန်များဦးစီးဌာနကို ပေးသွင်းရမှာဖြစ်ပါတယ်။ အခုလည်း ပေးသွင်းလျက် ရှိပါတယ်။ ကျွန်တော်တို့ ရရှိတဲ့ စာရင်းဇယားအရဆိုရင် အကျိုးအမြတ်ရယူခြင်းမရှိတဲ့ အဖွဲ့အစည်းတွေကနေ နှစ်စဉ်လစာပေါ်မှာ ဝင်ငွေခွန်ပေးဆောင်တာ ကျပ် ၁၀ ဘီလီယံလောက် ရှိပါတယ်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

နောက်တစ်ခုကတော့ အခွန်စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၉ မှာ အခွန်ထမ်းတစ်ယောက်ချင်းကို အခွန်မှတ်ပုံတင်နံပါတ်တွေ ထုတ်ပေးရမယ်ဆိုတာလည်း ပါပါတယ်။ နောက် ပုဒ်မ ၂၂ မှာကတော့ အဲဒီအခွန်ထမ်းတွေက ဝင်ငွေနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်းမှာ ကျွန်တော်တို့ဆီကို ဝင်ငွေကြေညာလွှာတင်သွင်းဖို့ လိုပါတယ်။ ဆိုလိုတဲ့သဘောကတော့ ကျွန်တော်တို့မှာ ပုံစံလည်း ရှိပါတယ်။ ဥပမာ အဖွဲ့အစည်းတွေက ရရှိတဲ့ငွေတွေက ဘာဖြစ်တယ်၊ သုံးတာက ဘာဖြစ်တယ်၊ လက်ကျန်ရှိတယ်၊ မရှိဘူး၊ ပြီးတော့ ပုံသေပိုင်ပစ္စည်းက ဘာတွေပါဆိုတာ၊ လှူဒါန်းတဲ့ ငွေဆိုရင်လည်း စာရင်းပူးတွဲပေးရင် အခါအားလျော်စွာ စစ်ဆေးပြီး ငွေကြေးခဝါချမှုတွေကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။

ဒါနဲ့ ပတ်သက်ပြီးတော့လည်း လုပ်ထုံးလုပ်နည်းကို အမိန့်ကြေညာစာထုတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ရွေးချယ်တင်မြှောက်တဲ့ အစိုးရတွေ ပေါ်ပေါက်လာပြီးတဲ့နောက် ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေကနေ မြန်မာနိုင်ငံကို လှူဒါန်းတာ၊ ထောက်ပံ့တာ အများကြီး ရှိလာပါတယ်။ အဲဒီထဲမှာ တချို့က နိုင်ငံခြားငွေနဲ့ ထောက်ပံ့တာလည်း ရှိပါတယ်။ နိုင်ငံခြားငွေနဲ့ ထောက်ပံ့တာတွေမှာ လိုအပ်တဲ့ စိစစ်မှုတွေကို ဆောင်ရွက်ပေးရတဲ့အတွက် တချို့လည်း အနည်းငယ်ကြန့်ကြာမှုရှိတယ်ဆိုတဲ့ သတင်းတွေလည်း ကြားရပါတယ်။

**အစီအစဉ်မှူး။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ရော ပြည်ပက လှူဒါန်းမှုတွေအပေါ် စိစစ်တဲ့အခါမှာ ကြန့်ကြာမှုတွေဖြစ်ပေါ်နေတာ ဘာကြောင့်ဆိုတာ ဆွေးနွေးပေးပါ။**

**ဒေါ်မေတိုးဝင်း။** ။ ကျွန်မ ပထမဦးစွာ ဆွေးနွေးလိုတာက ကျွန်မတို့နိုင်ငံရဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုအကြောင်းပါ။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားသုံးငွေကို စီမံခန့်ခွဲတာက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေနဲ့ တစ်ဆက်တည်း စည်းမျဉ်းဆိုတာလည်း ထုတ်ပြန်ထားပါတယ်။ ဒီဥပဒေနဲ့ စည်းမျဉ်းကို ကိုင်တွယ်ကျင့်သုံးတဲ့ အဖွဲ့အစည်းကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဖြစ်ပါတယ်။

ဒီဥပဒေနဲ့စည်းမျဉ်းအရ သာမန်အသုံးစရိတ်လို့ခေါ်တဲ့ Current Account Transaction တွေဖြစ်တဲ့ Trade နဲ့ ပတ်သက်ပြီး ကုန်သွယ်မှုအတွက် ပေးချေမှုတွေ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ပြန်ရချက်တွေ၊ နိုင်ငံသို့ ဝင်တာထွက်တာတွေကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ဒီကိစ္စတွေကို ဗဟိုဘဏ်ကို တင်ပြစရာမလိုပါဘူး။ ဒီနေ့ဆွေးနွေးတဲ့ အကြောင်းအရာဖြစ်တဲ့ အမြတ်အစွန်းကို အဓိကမထားတဲ့ အဖွဲ့အစည်းတွေရဲ့ လှူဒါန်းငွေတွေနဲ့ပတ်သက်လို့ ဥပဒေအရ တစ်ဖက်သတ်လွှဲပြောင်းမှုများလို့ခေါ်ပါတယ်။

အဖွဲ့အစည်းတွေကို အမျိုးမျိုးသော လှူဒါန်းငွေတွေ နိုင်ငံခြားငွေတွေနဲ့ ဝင်လာပါတယ်။ အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် အောက်နဲ့ညီမျှတဲ့ ပမာဏဆိုရင် ဗဟိုဘဏ်ကို တင်ပြစရာ မလိုပါဘူး။ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင်ပေးထားတဲ့ဘဏ်များ (AD ဘဏ်) တွေက တစ်ဆင့် လွတ်လပ်စွာဆောင်ရွက်နိုင်ပါတယ်။ ဘဏ်တွေက စိစစ်စရာရှိတာတော့ စိစစ်ရပါတယ်။

အမေရိကန်ဒေါ်လာ တစ်သောင်းအထက်နှင့် ညီမျှတဲ့ ပမာဏဆိုရင်တော့ ဗဟိုဘဏ်ကို တင်ပြရပါတယ်။ ကျွန်မတို့ဆီကို တင်လာပြီဆိုရင်တော့ အရင်ဦးဆုံး ဘဏ်တွေက ငွေကိုလက်ခံမယ့်သူရဲ့ အချက်အလက်တွေကို စိစစ်ရတာတွေရှိပါတယ်။ Know Your Customer တို့၊ Customer Due Diligence တို့အရ စစ်ဆေးရပါတယ်။ ပြီးလို့ ကျွန်မတို့ဗဟိုဘဏ်ကို တင်ပြလာပြီဆိုရင်လည်း စိစစ်ပါတယ်။ ဘယ်လိုစိစစ်သလဲဆိုတော့ ဒီငွေတွေကို သူတို့ပြောတဲ့ လုပ်ငန်းစီမံချက်တွေမှာ တကယ်သုံးစွဲနေခြင်း ရှိ/မရှိ၊ ငွေရရှိရာ ဇာစ်မြစ်ဟာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုတို့ကနေ ကင်းရှင်းခြင်း ရှိ/မရှိ တို့ကို စစ်ပါတယ်။

ဘာဖြစ်လို့ ဒီလို စိစစ်ရသလဲဆိုတော့ တရားမဝင်တဲ့ လုပ်ရပ်တွေဖြစ်တဲ့ ငွေကြေးခဝါချတာတို့ အကြမ်းဖက်ငွေကြေးထောက်ပံ့တာတွေက ဘဏ်လုပ်ငန်းစနစ်ကို အသုံးပြုပြီး ဝင်ရောက်လာမှာစိုးလို့ ဖြစ်ပါတယ်။ အဓိကကတော့ ဒီငွေတွေကိုသုံးပြီး အကြမ်းဖက်ငွေကြေးထောက်ပံ့တာကို ကျူးလွန်ကြမှာစိုးတဲ့အတွက် တားဆီးဖို့အတွက် စိစစ်ရတာဖြစ်ပါတယ်။ အဲဒီလို စိစစ်ရတဲ့အတွက် အချိန်နည်းနည်း ကြာပါတယ်။ အများဆုံး နှစ်ပတ်လောက် ကြာပါတယ်။

ကျွန်မတို့ သုံးသပ်ရရှိတာကတော့ အမြတ်အစွန်းမရတဲ့ အဖွဲ့အစည်းတွေက မွန်မြတ်တဲ့လုပ်ငန်းတွေကို ကျွန်မတို့နိုင်ငံမှာ လုပ်နေကြတာ ဖြစ်ပါတယ်။ အဲဒီအတွက် သူတို့လှူဒါန်းငွေတွေကိုလည်း ကျွန်မတို့က အားပေးပါတယ်။ ဒါပေမယ့် ဒီလှူဒါန်းငွေတွေကို အသုံးချပြီး တရားမဝင်တဲ့ လုပ်ရပ်တွေ ဆောင်ရွက်တာကို တားဆီးနိုင်ဖို့အတွက် ဒီလိုစိစစ်တာတွေ လုပ်ရတာ ဖြစ်ပါတယ်။

ဒီအဖွဲ့အစည်းတွေက မွန်မြတ်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် သူတို့ကို သေသေချာချာ သတ်သတ်မှတ်မှတ် အသိအမှတ်ပြုတဲ့ အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်ပြီးပြီဆိုရင်တော့ ဒီအဖွဲ့အစည်းတွေဟာ ပိုပြီးထင်သာမြင်သာရှိသွားမှာဖြစ်တဲ့အတွက် စိစစ်ရတာ ပိုမြန်ပြီး ပိုလွယ်ကူပါတယ်။ ဒီလိုအဖွဲ့အစည်းတွေကို အသိပညာပေးတာ၊ စည်းရုံးလှုံ့ဆော်တာတွေကို ဆောင်ရွက်သွားဖို့တော့ လိုအပ်ပါတယ်။

**အစီအစဉ်မှူး။ ။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေနဲ့ရော ငွေကြေးခဝါချသူတွေနဲ့ အကြမ်းဖက်သူတွေအပေါ် ငွေကြေးထောက်ပံ့သူတွေက အကျိုးအမြတ်တွေ ရယူခြင်းမရှိတဲ့ NGO၊ INGO တွေအပေါ် ဘယ်လိုအသုံးချနေပါသလဲ။ ဘယ်လိုစိစစ်တွေ့ရှိရပါသလဲ။**

**ရဲမှူးချုပ်ကျော်ဝင်းသိန်း။** ။ ပထမဦးဆုံးအနေနဲ့ ဒုတိယဝန်ကြီး ပြောသွားတဲ့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ FATF က ထုတ်ထားတဲ့ စံနှုန်းတွေ (Standard) ရှိပါတယ်။ အဲဒီဟာ အချက် ၄၀ ရှိပါတယ်။ ကျွန်တော်တို့ကလည်း FATF ရဲ့ Regional Body ဖြစ်တဲ့ (APG – Asia Pacific Group) က အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့က ဒီစံနှုန်းတွေကို လေးစားလိုက်နာရမယ်။ အကောင်အထည်ဖော်ရမယ်ဆိုတဲ့ ကတိကဝတ်တွေရှိပါတယ်။

အဲဒီအကြံပြုချက် ၄၀ က အချက် ၈ မှာ NPO လို့ခေါ်တဲ့ အကျိုးအမြတ်မယူတဲ့အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး သီးခြားထုတ်ပြန်ထားတာ ရှိပါတယ်။ အချက် ၈ က ဘာတွေ ပြောထားသလဲဆိုတော့ ပရဟိတအဖွဲ့တွေဟာ နိုင်ငံတွေ တစ်နံတစ်လျားမှာ ကောင်းရာကောင်းကျိုးတွေ လုပ်ကြတယ်။ သို့သော် သူတို့သည် အကြမ်းဖက်မှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့တဲ့ ကိစ္စတွေ၊ ငွေကြေးခဝါချခြင်းတွေအပေါ်မှာ အမြတ်ထုတ်နိုင်၊ အလွဲသုံးခံရနိုင်တဲ့ အန္တရာယ်ရှိတဲ့အဖွဲ့တွေဖြစ်တယ်လို့ သူတို့က သုံးသပ်ထားတယ်။

ဘယ်လိုအချက်တွေလဲဆိုရင် ပုံမှန်အားဖြင့်ဆိုရင် နံပါတ် ၁ က သူတို့အဖွဲ့တွေ အားလုံးဟာ အကြမ်းဖက်အဖွဲ့အစည်းတွေက တရားဝင်အဖွဲ့အစည်းတွေအဖြစ် ထူထောင်ထားတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဆိုလိုတာက အကြမ်းဖက်အဖွဲ့အစည်းပဲ သို့သော် သူက မှတ်ပုံတင်ပြီး တရားဝင်ဖွဲ့စည်းထူထောင်ထားတယ်။ ဥပမာပြောပါဆိုရင် ကမ္ဘာကျော် Mumbai Attack မှိုင်းမှာ တိုက်ခိုက်သွားတဲ့ Lashkar – e – Taiva ဆိုရင် အရင်တုန်းက ပါကစ္စတန်မှာ ထူထောင်ထားတယ်။ NGO အဖွဲ့အစည်းဖြစ်တယ်။ လူမှုရေးလုပ်ငန်းတွေလုပ်တယ်။ စိုက်ခင်းတွေ၊ မွေးမြူရေးခြံတွေလုပ်တယ်။ နောက်ပိုင်းတော့ သူက အကြမ်းဖက်မှုတွေကို အင်နဲ့အားနဲ့ ထောက်ပံ့နေတဲ့အကြမ်းဖက် Second Lineup လို့ အယ်လ်ကိုင်းဒါးရဲ့ Successor လို့တောင် သတ်မှတ်ထားတဲ့ အဖွဲ့အစည်းဖြစ်လာခဲ့တယ်။

နောက်တစ်ချက်က သူက ပိုင်ဆိုင်မှုကို ထိန်းချုပ်တာတွေကို လွတ်ကင်းအောင်၊ အကြမ်းဖက် ငွေကြေးထောက်ပံ့တဲ့ လမ်းကြောင်းကို ဖုံးကွယ်ဖို့အတွက်ကို တရားဝင်ပရဟိတအသင်းတွေကို သူက အသုံးချတယ်။ ဆိုလိုတာက အကြမ်းဖက်မှုကို ထောက်ပံ့ချင်တဲ့အတွက် တရားဝင်ပရဟိတအသင်းတစ်ခုကို ငွေလှူတယ်။ ဒီငွေကို ဘယ်နေရာမှာ သုံးရမယ်ဆိုပြီး ချည်နှောင်တယ်။ သုံးစေချင်တဲ့နေရာသည် သူပေးချင်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်မယ့်အဖွဲ့တွေ၊ လူပုဂ္ဂိုလ်တွေ ဖြစ်နေတယ်။ အဲဒါမျိုးကို အသုံးချလေ့ရှိတယ်။

**မြန်မာနိုင်ငံက ဒီလိုငွေကြေးခဝါချမှုနဲ့ ပတ်သက်တာ၊ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတွေနဲ့ ပတ်သက်လာရင် အရင်တုန်းကတော့ နိုင်ငံတကာမှာလည်း Recommendation ၄၀ ပဲ ရှိတယ်။ နောက်ပိုင်းမှာ နိုင်ငံတကာကလည်း ပိုပြီးတော့တင်းကျပ်လာတာဖြစ်တဲ့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ကျွန်တော်တို့က ဆက်လက်ပြီးတော့ ဆောင်ရွက်နေရတဲ့အခြေအနေပဲ ဖြစ်ပါတယ်။**

တတိယအပိုင်းအနေနဲ့ကတော့ ဆောင်ရွက်တဲ့အခါမှာ ရည်ရွယ်တုန်းကတော့ တရားဝင်လုပ်ငန်းတွေဆောင်ရွက်ဖို့ ရည်ရွယ်ပြီး လှူဒါန်းတဲ့ငွေကို တခြားအကြမ်းဖက်တဲ့ လုပ်ငန်းတွေမှာ အသုံးချတယ်။ အဲဒီလို အသုံးချတာတွေကို ရှိနိုင်တယ်လို့ လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတွေဟာ ကိုယ့်နိုင်ငံထဲမှာရှိတဲ့ ပရဟိတအသင်းတွေ(NPO) တွေကို သေသေချာချာ သုံးသပ်စစ်ဆေးတဲ့စနစ် (Supervision)၊ စောင့်ကြပ်စစ်ဆေးတဲ့စနစ် (Monitoring) တွေ၊ သူတို့ရဲ့ Registration တွေကို ကြပ်မတ်ဆောင်ရွက်ရမယ်။ သူတို့ရဲ့ လုပ်ငန်းနဲ့ ဘဏ္ဍာရေးကိစ္စတွေအားလုံးကိုလည်း ထင်သာမြင်သာရှိအောင် လုပ်ရမယ်ဆိုပြီး ပြဋ္ဌာန်းပါတယ်။ အဲဒီပြဋ္ဌာန်းချက်တွေနဲ့အညီ ကျွန်တော်တို့ကလည်း အကောင်အထည်ဖော်ဆောင်ရွက်ရတယ်။

ကျွန်တော်တို့ဟာ APG အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် APG က ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံကိုလာပါတယ်။ APG ရဲ့ စံနှုန်းတွေထဲမှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်တဲ့ လုပ်ငန်းစဉ်တွေဆိုတာ ရှိတယ်။ သူတို့ နိုင်ငံတွေကိုသွားပြီး အဖွဲ့ဝင်အဖြစ် အကဲဖြတ်ခဲ့ရတယ်။ သူတို့ကလည်း ကျွန်တော်တို့နိုင်ငံကို လာပြီး အကဲဖြတ်တယ်။ အဲဒီလိုအကဲဖြတ်ချက်တွေထဲမှာ ကျွန်တော်တို့နိုင်ငံရဲ့ (Recommendation 8– R 8) မှာလည်း ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ပြဋ္ဌာန်းဥပဒေထဲမှာ စနစ်တကျ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်တာ၊ စစ်ဆေးတာတွေ၊ လုပ်ငန်းနဲ့ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိတာတွေ၊ နောက်ပြီး လေးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်တင်တဲ့ အစီရင်ခံစာတွေ၊ နှစ်ချုပ်စာရင်းစစ်ဆေးတာတွေကို ခိုင်ခိုင်မာမာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေမှာ အားနည်းတာတွေရှိတယ်လို့ သူတို့က ထောက်ပြတာတွေရှိတယ်။

သူတို့ရဲ့ ထောက်ပြချက်ကို စောစောက ဒုတိယဝန်ကြီးပြောတဲ့ အချက် ၉၉ ချက်မှာ တစ်ချက်ပါတဲ့အတွက် ဒါကိုလည်း Recover လုပ်တဲ့အနေနဲ့ အကုန်လုံးလုပ်ရမယ့်လုပ်ငန်းတွေ စုစည်းပြီး အမျိုးသားအဆင့်မဟာဗျူဟာကို ရေးဆွဲလိုက်တယ်။ ရေးဆွဲတဲ့ အထဲမှာ အပိုဒ် 1.3.3 မှာ ထည့်ထားတယ်။ အခုဆိုရင် ကျွန်တော်တို့မှာ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဥပဒေ ၂၀၁၄ ရှိပါပြီ။ အဲဒါကို ပြန်ပြီး သုံးသပ်နေတယ်။ ဒါနဲ့ ပတ်သက်ပြီး FATF က သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့အညီ ကျွန်တော်တို့ရဲ့ Legal Framework တွေ၊ အဖွဲ့အစည်းကြီးကြပ်စစ်ဆေးတာတွေ၊ စောင့်ကြည့်တာတွေ၊ စနစ်တကျမှတ်ပုံတင်ဖို့ ပျက်ကွက်တဲ့အခါ ဘယ်လိုအရေးယူဆောင်ရွက်တယ်ဆိုတာတွေ ပါဝင်အောင် ကျွန်တော်တို့ ပြန်ပြီး ဆောင်ရွက်နေပါတယ်။

အဓိက Focal အနေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်တယ်။ Support Institution တွေကတော့ ရှေ့နေချုပ်ရုံး၊ ပြီးတော့ ကျွန်တော်တို့ FIU ဖြစ်ပါတယ်။ ကျွန်တော်တို့ပေါင်းပြီး ဒါကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

**ဦးဆက်အောင်။** ။ အဓိက ရဲမှူးချုပ်ပြောသွားသလိုပါပဲ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုတာ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံတည်း လုပ်ရတဲ့ကိစ္စမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာ၊ နိုင်ငံပေါင်းစုံမှာ လုပ်နေရတဲ့ ဆောင်ရွက်မှုတစ်ခု ဖြစ်ပါတယ်။ အဲဒီဆောင်ရွက်မှုမှာပါတဲ့ အဖွဲ့ဝင်နိုင်ငံအချင်းချင်းကို အပြန်အလှန်အကဲဖြတ်တဲ့ Mutual evaluation ကလည်း မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကို လာလုပ်တာ မဟုတ်ပါဘူး။

အခြားနိုင်ငံတွေ Mutual evaluation လုပ်တဲ့အခါမှာလည်း မြန်မာနိုင်ငံကလည်း ပါဝင်ဆောင်ရွက်နိုင်တဲ့သဘောပါ။ ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်းကို အပြန်အလှန်အကဲဖြတ်ခြင်းကို ဆောင်ရွက်သွားတာက ၂၀၁၇ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ Mutual evaluation Report ထွက်လာပါတယ်။

မကြာခင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှာပဲ Mutual evaluation Report ကို တရုတ်နိုင်ငံမှာလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒေသတွင်းနိုင်ငံတွေတင်မဟုတ်ဘဲ အနောက်နိုင်ငံတွေမှာပါ အနည်းဆုံး ၅ နှစ်၊ ၆ နှစ်မှာ တစ်ကြိမ် Mutual evaluation ကို ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတွေကို ဘယ်လိုတိုက်ဖျက်မယ်၊ တိုက်ဖျက်မှုလုပ်ငန်းစဉ်တွေက ဘယ်နေရာတွေ အားနည်းနေတယ်၊ အားနည်းနေတာတွေကို အားကောင်းအောင်ပြန်လုပ်ဖို့ Action Plan တွေကို ချမှတ်တာ ဖြစ်ပါတယ်။

အဲဒီလို လုပ်တဲ့အချိန်မှာ FATF လို့ ခေါ်တဲ့အဖွဲ့က Recommendation ၄၀ ချမှတ်ထားပါတယ်။ ဒီ Recommendation ၄၀ ကတော့ မြန်မာတစ်နိုင်ငံတည်း မဟုတ်ဘူး။ နိုင်ငံတကာက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီ ၄၀ ကတော့ ဥပဒေဆိုင်ရာအားနည်းချက်တွေကို ပြုပြင်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါ်တာတော့ Technical Compliance – TC လို့ ခေါ်ပါတယ်။ ဒါပေမယ့် ငွေကြေးခဝါချမှုတွေ၊ အကြမ်းဖက်မှုအပေါ် ငွေကြေးတိုက်ဖျက်မှုတွေက နိုင်ငံတကာမှာ ပုံစံအမျိုးမျိုး ပြောင်းလာတဲ့အတွက် ဥပဒေအားကောင်းအောင် လုပ်ရုံနဲ့မရတော့ဘဲ အကောင်အထည်ဖော်တဲ့နေရာမှာလည်း အားကောင်းအောင် နောက်ပိုင်းမှာ FATF က သူ့ရဲ့ စံချိန်စံညွှန်းကို ပိုပြီးတော့ တိုးမြှင့်တဲ့ စံချိန်စံညွှန်းကို ဆောင်ရွက်ခဲ့ပါတယ်။

ဥပဒေပိုင်းဆိုင်ရာ အားနည်းချက်တွေကို အားကောင်းအောင် ဆောင်ရွက်ရုံ တင်မကဘဲ Implementation Effectiveness ကို Immediate Outcome– IO ဆိုပြီး လက်ငင်းရလဒ် ၁၁ ခု ကိုလည်း အားကောင်းအောင် ဆောင်ရွက်ရမယ်ဆိုတဲ့အပိုင်းတွေ ပါရှိလာပါတယ်။

အဲဒီတော့ တဖြည်းဖြည်းနဲ့ နိုင်ငံတကာမှာ ကျူးလွန်တဲ့ရာဇဝတ်မှုတွေကလည်း ပုံစံတစ်မျိုးပြီးတစ်မျိုး ပြောင်းလာတာဖြစ်သလို နိုင်ငံတကာကြီးကြပ်ရေးအဖွဲ့ဖြစ်တဲ့ FATF ကလည်း နိုင်ငံတကာက ဆောင်ရွက်ရမယ့် တိုက်ဖျက်ရေးလုပ်ငန်းတွေကိုလည်း တဖြည်းဖြည်း ပိုမိုတင်းကျပ်တဲ့ ဆောင်ရွက်မှုတွေ ဆောင်ရွက်ရအောင် တင်းကျပ်လာပါတယ်။

အဲဒီတော့ ကျွန်တော်တို့တွေကလည်း နှစ်တိုင်းနှစ်တိုင်း ပိုပြီးတော့ ကောင်းအောင် ဆောင်ရွက်နေရတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံအတွက် ၂၀၁၇ ခုနှစ်မှာ Mutual evaluation ကို ဆောင်ရွက်ခဲ့တယ်။ Mutual evaluation Report ကို ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့တယ်။

အဲဒီမှာ ကျွန်တော်တို့ အားနည်းချက်တွေကို ထောက်ပြခဲ့တယ်။ ဆောင်ရွက်ရမယ့် Action Plan ၉၉ ခုကို သတ်မှတ်ခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့က ဆောင်ရွက်နေတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း Technical Compliance အပိုင်းမှာရော IO အပိုင်းမှာပါ ဆောင်ရွက်နိုင်တာ ဖြစ်တဲ့အတွက် အခုကျွန်တော်တို့ ၈ ခုကျန်တယ်။ အဲဒီ ၈ ခုကိုလည်း ကျွန်တော်တို့ အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြိုးစားပါမယ်။

အဓိက ပြောချင်တာက ဒါတွေအကုန်လုံးက နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံက ဒီလို ငွေကြေးခဝါချမှုနဲ့ ပတ်သက်တာ၊ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုတွေနဲ့ ပတ်သက်လာရင် အရင်တုန်းကတော့ နိုင်ငံတကာမှာလည်း Recommendation ၄၀ပဲ ရှိတယ်။ နောက်ပိုင်းမှာ နိုင်ငံတကာကလည်း ပိုပြီးတော့ တင်းကျပ်လာတာဖြစ်တဲ့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ကျွန်တော်တို့က ဆက်လက်ပြီးတော့ ဆောင်ရွက်နေရတဲ့အခြေအနေပဲ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါရှင်၊ အခုလို ပြည်သူတွေ သိသင့်သိထိုက်တဲ့ အကြောင်းအရာနဲ့ ပတ်သက်တာတွေကို ပြည့်ပြည့်စုံစုံ လာရောက်ဆွေးနွေးပေးသွားတဲ့ ဒုတိယဝန်ကြီးနဲ့အဖွဲ့ကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ။**

# ခုခံအားကျဆင်းမှုရောဂါပိုးရှိသူများနှင့် ဆက်နွယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

(င) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေပြု၍ ဆောင်ရွက်စေခြင်း၊

(စ) ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုး ကူးစက်ခံရရန် အန္တရာယ် ပိုမိုမြင့်မားသူများ၏ အခွင့်အရေးအား အကာအကွယ်ပေးနိုင်မည့်စီမံချက်ကို ထိရောက်စွာ အကောင် အထည်ဖော်ရန် နည်းလမ်းအတွေ့အကြုံများ မျှဝေပေးခြင်း၊ အထိမ်းအမှတ်ပွဲများ ပြုလုပ်စေခြင်းနှင့် စွမ်းဆောင်ရည်မြှင့် တင်မှုများ ပြုလုပ်စေခြင်း၊

(ဆ) မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စီမံချက်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက် ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ် ပိုမိုမြင့်မားသူများ ပါဝင်စေရန် အားပေးမြှင့်တင်ခြင်း၊

(ဇ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင် သူတို့အကြား ညှိနှိုင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊

(ဈ) ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့် ရှောက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ရန်ပုံငွေများနှင့် လူ့စွမ်းအားအရင်းအမြစ် ပံ့ပိုးမှုများ၊ နည်းပညာများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ည) ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံကိန်းအကောင်အထည်ဖော်မှု သုံးသပ်ချက်များအပေါ် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဋ) ရဲတပ်ဖွဲ့ဝင်များနှင့် အကျဉ်းထောင်ဝန်ထမ်းများအပါအဝင် ဤဥပဒေနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများကို ရောဂါကာကွယ် ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေး ဆိုင်ရာ သင်တန်းများပေးခြင်း၊ လိုအပ်သည့် စွမ်းဆောင်ရည် မြှင့်တင်မှုအတွက် ပံ့ပိုးပေးခြင်း၊

(ဌ) ရောဂါပိုးရှိသူများအား ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း၊

(ဍ) လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ သတ်မှတ်ပေးခြင်း။

(ဎ) ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်ချုပ်အစီရင်ခံစာ တင်ပြခြင်း။

၆။ အမျိုးသားကော်မတီသည် –

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်နှင့် မြို့နယ်များတွင် ခုခံအားကျဆင်းမှု ရောဂါ တားဆီးကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများ၊ ဆက်နွယ်ထိခိုက် ခံရသူများဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေး အပ်ရမည်။

(ခ) ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ကော်မတီ အလိုက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးဖြင့် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ကော်မတီအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ် ပေးရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီအဆင့်ဆင့်ကို လိုအပ်ပါ က ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)
## တာဝန်နှင့် ရပိုင်ခွင့်များ

၇။ ရောဂါပိုးရှိသူသည် အောက်ပါအတိုင်း တာဝန်ရှိသည်–

(က) မိမိတွင် ရောဂါပိုးရှိသည်ဟု သိရှိပြီးနောက် နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းကို ခံယူခြင်း။

(ခ) ရောဂါပိုး၏သဘာဝနှင့် ကူးစက်ပျံ့နှံ့ပုံကို သိရှိပြီး အခြားသူများသို့ ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် သတ်မှတ်ချက်နှင့် အညီ ရောဂါပိုးကူးစက်မှုအန္တရာယ် လျှော့ချရေးနည်းလမ်းများကို လိုက်နာခြင်း။

(ဂ) ရောဂါကူးစက်မှုတားဆီးကာကွယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက် မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

(ဃ) ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာတွင် လိုအပ်ပါက မိမိတွင် ရောဂါပိုးကူးစက်ခံနေရကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း။

(င) မိမိတွင် ရောဂါပိုးကူးစက်ခံရကြောင်း စစ်ဆေးမှုရလဒ်ကို ဇနီး သို့မဟုတ် ခင်ပွန်း၊ ဇနီးလောင်း သို့မဟုတ် ခင်ပွန်းလောင်းသို့ အသိပေးခြင်း။

(စ) ရောဂါပိုးထိန်းဆေးကုထုံးနှင့် ပတ်သက်သော ညွှန်ကြားချက် များကို လိုက်နာခြင်း။

(ဆ) အခြားသူများအား ကူးစက်စေလိုသော ရည်ရွယ်ချက်ဖြင့် ပြုမူ ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၈။ (က) ရောဂါပိုးရှိသူသည် အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်–

(၁) မိမိဆန္ဒအလျောက်နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူပြီး ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးခွင့်၊

(၂) ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် ကွန်ဒုံးအသုံးပြုခြင်း အပါအဝင် ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူ သုံးစွဲခွင့်၊

(၃) ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြန့်ဝေခြင်း၊ သိမ်းဆည်းပေးခြင်း အစီအစဉ်နှင့် မူးယစ်ဆေး အစားထိုးကုထုံးအပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေး ဝန်ဆောင်မှုများ ရယူသုံးစွဲခွင့်၊

(၄) ရောဂါပိုးရှိသော မိခင်မှ သန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများကို ရပိုင်ခွင့်၊

(၅) ခုခံအားကျဆင်းမှု အခြေအနေကြောင့် ဝင်ရောက်လာသော ရောဂါ (Opportunistic Infection) များအတွက် ဆေးဝါးများ ရယူသုံးစွဲခွင့်၊

(၆) အာဟာရဆိုင်ရာ ဖြည့်စွက်အစာများ ရယူသုံးစွဲခွင့်၊

(၇) ရောဂါပိုးထိန်းဆေး (Antiretroviral drugs)၊ အခြားလိုအပ် သော ဆေးဝါးများနှင့် ရောဂါရှာဖွေရေးဆိုင်ရာ နည်းပညာ အကူအညီများ ရပိုင်ခွင့်၊

(၈) ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အများနည်းတူ ရပိုင်ခွင့်၊

(၉) ရောဂါပိုးရှိကြောင်းကို ဇနီး သို့မဟုတ် ခင်ပွန်း၊ ဇနီးလောင်း သို့မဟုတ် ခင်ပွန်းလောင်းတို့မှအပ အခြားသူများသို့ ဖွင့်ဟ ပြောဆိုခြင်းမပြုဘဲ မိမိဆန္ဒအလျောက် အတွင်းရေးအဖြစ် ထားပိုင်ခွင့်။

(ခ) ဆက်နွယ်ထိခိုက်ခံရသူများနှင့် ရောဂါပိုးကူးစက်ခံရရန် အန္တရာယ် ပိုမို မြင့်မားသူများသည် အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်–

(၁) မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှု ခံယူပြီး ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးသုံးစွဲခွင့်၊

(၂) ရောဂါပိုးကူးစက်မှု ကာကွယ်ရေးအတွက် ကွန်ဒုံးအသုံးပြုခြင်း အပါအဝင် ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူ သုံးစွဲခွင့်၊

(၃) ဆေးထိုးအပ်၊ ဆေးထိုးပြွန်ဖြန့်ဝေခြင်း၊ သိမ်းဆည်းပေးခြင်း အစီအစဉ်နှင့် မူးယစ်ဆေးအစားထိုးကုထုံးအပါအဝင် မူးယစ် ဆေးဝါးသုံးစွဲသူများအတွက် အန္တရာယ်လျှော့ချရေးဝန်ဆောင် မှုများ ရယူသုံးစွဲခွင့်၊

(၄) ရောဂါပိုးရှိသော မိခင်မှ သန္ဓေသား သို့မဟုတ် ကလေးသို့ ရောဂါပိုးကူးစက်မှု ကာကွယ်တားဆီးရေး ဝန်ဆောင်မှုများ ကို ရပိုင်ခွင့်၊

(၅) ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အများနည်းတူ ရပိုင်ခွင့်။

၉။ သို့ရာတွင် အချုပ် သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူများသည် ရောဂါပိုး ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို သတ်မှတ်ချက်များနှင့်အညီသာ ရပိုင်ခွင့်ရှိသည်။

## အခန်း (၆)
## သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်း

၁၀။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည်–

(က) ရောဂါပိုးစစ်ဆေးတွေ့ရှိချက်ကို အောက်ပါပုဂ္ဂိုလ်များထံ ထုတ်ဖော်ပြောဆိုနိုင်သည်–

(၁) ရောဂါပိုးစစ်ဆေးခံသူ၊

(၂) ရောဂါပိုး စစ်ဆေးရန် သဘောတူညီချက်ပေးသူ။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အခြားကျန်းမာရေး စောင့်ရှောက်မှုပေးသူထံသို့ ရောဂါပိုးနှင့်ဆက်စပ်သော သတင်း အချက်အလက်များကို ထုတ်ဖော်ပြောဆိုခွင့်ရှိသည်–

(၁) ရောဂါပိုး စစ်ဆေးခံသူ၏ အကျိုးငှာ ထုတ်ဖော်ပြောဆိုမှု ဖြစ်ခြင်း၊

(၂) ကုသမှု၊ ပြုစုစောင့်ရှောက်မှု၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှုနှင့် အခြားကျန်းမာ ရေးစောင့်ရှောက်မှုပေးအပ်ရန် လိုအပ်သည့် အခြေအနေဖြစ်ခြင်း၊

(၃) မိခင်မှ ကလေးသို့ ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် လိုအပ်သည့် အခြေအနေဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ အခြားကျန်းမာရေး စောင့်ရှောက်မှုပေးသူ တစ်ဦး ထံသို့ ရောဂါပိုးနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခြင်းမပြုမီ ရောဂါပိုးရှိသူ ကာယကံရှင်အား ကြိုတင်အသိပေးရမည်။

(ဃ) ရောဂါပိုးနှင့် ဆက်စပ်သော သတင်းအချက်အလက်များကို အောက်ပါအခြေအနေများတွင် ထုတ်ဖော်ပြောဆိုခွင့်ရှိသည်–

(၁) တရားစီရင်ရေးတွင် တရားမျှတမှုရှိစေရန်နှင့် အထောက်အကူ ဖြစ်စေရန် လိုအပ်ခြင်း၊

(၂) မည်သူ့ထံမှရရှိသော သတင်းအချက်အလက်ဖြစ်သည်ကို သိရှိနိုင်ခြင်းမရှိသော သုတေသန သို့မဟုတ် စစ်တမ်းကောက် ယူခြင်းမှ ရရှိသည့် သတင်းအချက်အလက်ဖြစ်ခြင်း။

၁၁။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေး ပညာပေး သူသည် ရောဂါပိုးရှိသူ၏ လိင်ဆက်ဆံဖက်အား ထိုသူရောဂါပိုးကူးစက်ခံ ထားရကြောင်း အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အသိပေးပြောကြား နိုင်သည်–

(က) ရောဂါပိုးရှိသူက စာဖြင့်ရေးသား သဘောတူခဲ့လျှင် သို့မဟုတ် ရောဂါပိုးရှိသူ သတိလစ်မေ့မြောနေလျှင် သို့မဟုတ် သတိပြန်လည် ရရှိနိုင်ဖွယ်မရှိလျှင် သို့မဟုတ် သဘောတူညီမှုပေးနိုင်စွမ်းမရှိ လျှင်၊

(ခ) ရောဂါပိုးရှိသူက ၎င်း၏ လိင်ဆက်ဆံဖက်အား အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် ကိုယ်တိုင်အသိမပေးလျှင် သို့မဟုတ် စာဖြင့် သဘောတူခွင့်ပြုချက် မပေးလျှင် –

(၁) အဆိုပါရောဂါပိုးရှိသူကို အပြုအမူဆိုင်ရာ ပြောင်းလဲစေရန် ဆွေးနွေးအကြံပေးသော်လည်း အောင်မြင်မှုမရရှိသည့် အခြေအနေ၊

(၂) ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ အပြုအမူဆိုင်ရာ စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ် များနှင့် ကိုက်ညီသည့် အခြေအနေ။

၁၂။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် နှစ်သိမ့်ဆွေးနွေးပညာပေး သူသည် တစ်ဦးတစ်ယောက်သောသူအား ယင်း၏ လိင်ဆက်ဆံဖက်တွင် ရောဂါပိုးရှိကြောင်းကို ပညာပေးဆွေးနွေးပြီးမှသာ အသိပေးရမည်။

## အခန်း (၇)
## မိမိဆန္ဒအလျောက်ပေးသော သဘောတူညီချက်

၁၃။ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ဦးသည် ဤဥပဒေပါကိစ္စရပ်များနှင့်သက် ဆိုင်သည့် သုတေသနလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် မိမိသဘောဆန္ဒအရ ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့် ရှိသည်။

၁၄။ အသက် ၁၈ နှစ် မပြည့်သူတစ်ဦးသည် –

(က) သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ နှင့်စပ်လျဉ်း၍ ၎င်းတို့၏ သဘောသဘာဝ၊ အကျိုးဆက်နှင့်ဘေး အန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ စစ်ဆေးသတ်မှတ်ခြင်း ခံရသူဖြစ်ပါက မိမိသဘောဆန္ဒအလျောက် ပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့်ရှိသည်၊

(ခ) သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ နှင့်စပ်လျဉ်း၍ ယင်းတို့၏ သဘောသဘာဝ၊ အကျိုးဆက်နှင့်ဘေး အန္တရာယ်များကို နားလည်သဘောပေါက်နိုင်လောက်သော အရည်အချင်းမရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ စစ်ဆေးသတ်မှတ်ခြင်း ခံရသူဖြစ်ပါက ထိုသူ၏မိဘ သို့မဟုတ် ၎င်းအား ထိန်းသိမ်းစောင့်ရှောက်သူက ၎င်းကိုယ်စားပါဝင်ခွင့် သို့မဟုတ် ငြင်းဆန်ခွင့် ပေးနိုင်သည်။

၁၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် အောက်ပါအခြေအနေ တစ်ရပ်ရပ် တွင် ရောဂါပိုးစစ်ဆေးခံမည့်သူ၏ကိုယ်စား ထိုသူ၏ အိမ်ထောင်ဖက်၊ မိဘ၊ အရွယ်ရောက်ပြီးသူ မိသားစုဝင်တစ်ဦးဦး၊ အနီးစပ်ဆုံးဆွေမျိုး၊ သေတမ်းစာအရ ဆောင်ရွက်ပိုင်ခွင့်ရှိသူ တစ်ဦးဦးထံမှ သဘောတူညီချက်ကို စာဖြင့်ရယူ၍ ရောဂါပိုး ရှိ မရှိ စစ်ဆေးရမည် –

(က) ရောဂါပိုး စစ်ဆေးခံမည့်သူသည် သေဆုံးသူဖြစ်ခြင်း၊

(ခ) ရောဂါပိုးစစ်ဆေးခံမည့်သူသည် အသက် ၁၈ နှစ် အောက်ဖြစ်ပြီး မိမိပြုလုပ်ရမည့် ရောဂါပိုးစစ်ဆေးမှု၏ သဘောသဘာဝ၊ အကျိုး ဆက်နှင့် ဘေးအန္တရာယ်များကို နားလည်သဘောပေါက်နိုင် လောက်သော အရည်အချင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ရောဂါပိုးစစ်ဆေးခံရမည့်သူသည် မသန်စွမ်းသူတစ်ဦးဖြစ်ခြင်း၊

(ဃ) ရောဂါပိုးစစ်ဆေးခံရမည့်သူသည် စိတ်ကျန်းမာရေး ချို့တဲ့သူ တစ်ဦးဖြစ်ခြင်း။

၁၆။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် တစ်ဦးတစ်ယောက် သတိလစ် မေ့မြောနေလျှင်ဖြစ်စေ၊ ထိုသူသည် သဘောတူညီချက်ပေးနိုင်စွမ်းမရှိလျှင်ဖြစ် စေ၊ ထိုသူ၏ကိုယ်စား သဘောတူခွင့်ပြုချက်ပေးနိုင်မည့်သူ မရှိလျှင်ဖြစ်စေ ထိုသူတွင် ရောဂါပိုး ရှိ မရှိ စစ်ဆေးနိုင်သည် သို့မဟုတ် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

## အခန်း (၈)
## ရောဂါပိုးစစ်ဆေးခြင်း

၁၇။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် –

(က) ရောဂါပိုးစစ်ဆေးမှုမပြုမီနှင့် စစ်ဆေးပြီးနောက် နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းတို့ကို ရောဂါပိုးစစ်ဆေးခြင်းဆိုင်ရာ ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရောဂါပိုးစစ်ဆေးရာတွင် ဝန်ကြီးဌာန၏ ရောဂါပိုးစစ်ဆေးခြင်း ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ရောဂါပိုး အတည်ပြုစစ်ဆေးခြင်းရလဒ်ကို ဆောလျင်စွာရရှိစေရန် ဆောင်ရွက်၍ စနစ်တကျ လျှို့ဝှက် ထိန်းသိမ်းရမည်။

၁၈။ သက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သွေးသွင်းရန် လှူဒါန်းသော သွေးနှင့် သွေးပစ္စည်းများကို ရောဂါပိုး ရှိ မရှိ စစ်ဆေးရာတွင် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# တိုက်ရိုက်ရောင်းချခြင်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အခန်း(၇)**
**စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ**

၁၅။ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရောင်းကိုယ်စားလှယ်နှင့် အရောင်းစာချုပ်ချုပ်ဆိုခြင်း၊
(ခ) အရောင်းစာချုပ်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း၊
(ဂ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဦးစီးဌာနသို့ တင်ပြခြင်း၊
(ဃ) ကုန်စည်ပြန်လည်အပ်နှံခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များကို အရောင်းကိုယ်စားလှယ်အား ရှင်းလင်းအသိပေးခြင်း၊
(င) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း၏ဖွဲ့စည်းပုံ၊ ဝင်ငွေရရှိမှုအခြေအနေနှင့် အရောင်းကိုယ်စားလှယ်များ ဖြန့်ဝေထားရှိမှုပုံစံတို့အား အရောင်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများထံ ကြိုတင်အသိပေးခြင်း၊
(စ) ကမ်းလှမ်းချက်တွင် ဖော်ပြထားသည့်အတိုင်း ရောင်းချသည့် ကုန်စည်၏အရည်အသွေးကို အာမခံချက်ပေးခြင်း၊
(ဆ) အရောင်းကိုယ်စားလှယ်၏ ဈေးကွက်လိုအပ်ချက်များ ပြည့်မီရန် ဆောင်ရွက်ပေးခြင်း၊
(ဇ) ကုန်စည်အမျိုးအစား၊ အရည်အသွေး၊ ကုန်စည်ရောင်းချရသည့် ဝင်ငွေနှင့် အခွန်အခပေးဆောင်ထားသည့် အရောင်းကိုယ်စားလှယ်၏စာရင်းမှတ်တမ်းထားရှိခြင်း၊
(ဈ) အရောင်းကိုယ်စားလှယ်က ကုန်စည်ပြန်လည်အပ်နှံခြင်းပြုပါက အရောင်းစာချုပ်ပါ စည်းကမ်းချက်နှင့်အညီ ငွေပြန်လည်ပေးချေခြင်း၊
(ည) အရောင်းကိုယ်စားလှယ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်အကျိုးအမြတ်ရရှိမှုအခြေအနေကို ဦးစီးဌာနသို့ တင်ပြခြင်း၊
(ဋ) အရောင်းကိုယ်စားလှယ်အပေါ် အရေးယူဆောင်ရွက်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ရယူခြင်း၊
(ဌ) မှတ်ပုံတင်ထားသောတိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို ပိတ်သိမ်းလိုပါက အရောင်းကိုယ်စားလှယ်အား စာရင်းရှင်းလင်းပေးခြင်းနှင့် ပိတ်သိမ်းခွင့်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားခြင်း။

**အခန်း(၈)**
**အရောင်းကိုယ်စားလှယ်၏တာဝန်နှင့် အခွင့်အရေးများ**

၁၆။ အရောင်းကိုယ်စားလှယ်၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း၊ ကြော်ငြာခြင်း ဆောင်ရွက်မည့်နေရာ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူထံမှ ခွင့်ပြုချက်ရယူခြင်းနှင့် မိမိကမ်းလှမ်းမည့်သူ သို့မဟုတ် ကြော်ငြာအသိပေးမည့်သူ၏ ခွင့်ပြုချက်ရယူခြင်း၊
(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း၊ ကြော်ငြာခြင်းပြုရာတွင် မိမိ၏အမည်၊ နေရပ်လိပ်စာ၊ အထောက်အထားနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို ထုတ်ဖော်ပြောဆိုခြင်း၊
(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိမှုအခြေအနေ၊ ဘေးထွက်ဆိုးကျိုး၊ အသေးစိတ်အချက်အလက်နှင့် ထပ်မံကုန်ကျနိုင်သည့်စရိတ်များကို စားသုံးသူထံ မရောင်းချမီ ကြိုတင်ရှင်းလင်းအသိပေးခြင်း၊
(ဃ) စားသုံးသူထံ ရောင်းချခဲ့သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စာရင်းမှတ်တမ်းထားရှိခြင်း၊
(င) အရောင်းစာချုပ်ပါ သဘောတူညီချက်အရ ဆုကြေးခံစားခွင့်ရှိခြင်း၊
(စ) မိမိအပေါ် စီးပွားရေးလုပ်ငန်းရှင်၏ အရေးယူမှုများကို ရှင်းလင်းတင်ပြခွင့်ရှိခြင်း သို့မဟုတ် ကျေနပ်မှုမရှိပါက ဦးစီးဌာနသို့ တင်ပြခြင်း။

**အခန်း(၉)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၁၇။ ဦးစီးဌာနသည် ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်သော စီးပွားရေးလုပ်ငန်းရှင်ကို အောက်ပါ စီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊
(ခ) သတ်မှတ်ဒဏ်ကြေးပေးဆောင်စေခြင်း၊
(ဂ) မှတ်ပုံတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ပိတ် သိမ်းခြင်း၊
(ဃ) မှတ်ပုံတင်လက်မှတ်ကို အမြဲတမ်းပိတ်သိမ်းခြင်း။

**အခန်း(၁၀)**
**အယူခံခြင်း**

၁၈။ ဦးစီးဌာန၏ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)အရ ချမှတ်သည့်ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၁၇ အရ ချမှတ်သည့်စီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ်ကိုလည်းကောင်း ကျေနပ်မှုမရှိသော စီးပွားရေးလုပ်ငန်းရှင်သည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၁၉။ (က) ဝန်ကြီးဌာနသည် ဦးစီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။
(ခ) ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

**အခန်း( ၁၁)**
**တားမြစ်ချက်များ**

၂၀။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ-

(က) ကုန်စည်ရောင်းချရန် အရောင်းကိုယ်စားလှယ်ကြေး၊ သင်တန်းကြေးနှင့် အခြားကုန်ကျစရိတ်ကို ဦးစီးဌာနက သတ်မှတ်သည်ထက် ပိုမိုကောက်ခံခြင်း၊
(ခ) အရောင်းကိုယ်စားလှယ်များအား အရောင်းစာချုပ်ပါ သတ်မှတ်ချက်ထက် ပိုမိုဝယ်ယူစေခြင်း၊
(ဂ) အရောင်းကိုယ်စားလှယ်ဖြစ်ရန်အတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အတင်းအကျပ် ဝယ်ယူစေခြင်း၊
(ဃ) ကုန်စည်ကို ရောင်းချရာတွင် ကုန်စည်နှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို ချဲ့ကားဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ဖော်ပြခြင်း၊
(င) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အရည်အသွေး ဖော်ပြထားသည်ထက်ကျော်လွန်၍ အလွန်အကျူး အာမခံရောင်းချခြင်း၊
(စ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန် မက်လုံးပေး၍ အတင်းအကျပ်စည်းရုံးခြင်း၊
(ဆ) ရောင်းချမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုမရှိဘဲ အဖွဲ့ဝင်သစ်စုဆောင်းခြင်းနှင့် ငွေကြေးလည်ပတ်မှုပြုလုပ်ခြင်း၊
(ဇ) တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းမှရရှိသည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးအပ်ခြင်း၊
(ဈ) မှတ်ပုံတင်လက်မှတ်မရှိဘဲ တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း၊
(ည) မှတ်ပုံတင်ထားသော တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းပိတ်သိမ်းခြင်း၊
(ဋ) မှတ်ပုံတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း၊ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းခံရသော ကာလအတွင်း တိုက်ရိုက်ရောင်းချခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း။

**အခန်း(၁၂)**
**ပြစ်မှုပြစ်ဒဏ်**

၂၁။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)၊ (ခ) ၊ သို့မဟုတ် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပုဒ်မခွဲ (ဃ)၊ သို့မဟုတ် (င) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (စ)၊ (ဆ) ၊သို့မဟုတ် (ဇ)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဈ)၊ (ည) ၊ သို့မဟုတ် (ဋ) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၁၃)**
**အထွေထွေ**

၂၅။ ဤဥပဒေအရ သိမ်းဆည်းထားသော သက်သေခံပစ္စည်းသည် ပုပ်သိုးပျက်စီးစေနိုင်လျှင် ဖြစ်စေ၊ အများပြည်သူကျန်းမာရေးအတွက် ဆက်လက်ထားရှိရန် သင့်လျော်မှုမရှိလျှင်ဖြစ်စေ၊ တရားရုံးက လွှဲပြောင်းပေးလျှင်ဖြစ်စေ ဦးစီးဌာနသည် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းပြုရမည်။

၂၆။ ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော ဒဏ်ကြေးငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သည့် ပြန်တမ်းဝင်အရာရှိ အဆင့်အောက်မနိမ့်သော အရာရှိသည် တည်ဆဲဥပဒေအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၈။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ကျူးလွန်ခြင်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ရှိသူတစ်ဦးဦးကို အရေးယူရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

# ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် YBS ယာဉ်အချို့၌ လက်သန့်စင်ဆေးရည်ဘူးများ တပ်ဆင်ပေး

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့မှ ဖြတ်သန်းသွားလာသော YBS ယာဉ်များပေါ်၌ လက်သန့်ဆေးရည်ဘူးများ တပ်ဆင်ပေးခြင်းနှင့် ခရီးသွားများအား လက်ဆေးရန် အသိပညာပေး စာစောင်များ ဖြန့်ဝေခြင်းကို မတ် ၂၀ ရက်က သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့ YBS မှတ်တိုင်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်အပါအဝင် ကိုယ်စားလှယ်အချို့နှင့် အလှူရှင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်လိုင်းပေါင်း ၁၃၇ လိုင်းရှိပြီး တစ်ရက်လျှင် ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းရှိကြောင်း၊ YRTA မှ ခန့်မှန်းထားရာ နေ့စဉ်ယာဉ်များဖြင့် ခရီးသွားလာသော ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို သိရှိစေရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကားများပေါ်တွင် လက်သန့်စင်ဆေးရည်များ အသုံးပြုနိုင်ရန်နှင့် အသိပညာပေးမှုများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

Clean Hands Sanitizer မှ အလှူရှင် ဒေါ်မေမီဖူးက "မနေ့က လက်သန့်စင်ဆေးအဆီ နှစ်လီတာဘူး ၁၅၀ ကျော် လှူခဲ့ပါ တယ်။ ဒီနေ့လည်း ဘူး ၁၀၀ ကျော်နဲ့ YBS ယာဉ်တွေပေါ်မှာ ခရီးသည်တွေ အသုံးပြုနိုင်အောင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဌာနဆိုင်ရာတွေ ပူးပေါင်းတပ်ဆင်ပေးပြီး အသိပညာပေးကြတာပါ။ တက္ကစီတွေကိုတော့ ဘူးအသေးတွေ ဖြန့်ဝေပါတယ်။ အသိပညာပေးပါတယ်။ ရန်ကုန်မှာ YBS ယာဉ်တွေကို ပထမဆုံးကျန်းမာရေး အသိပညာပေးပြီး လှူဒါန်းခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ အလှူရှင်တွေ ဆက်လက်လှူဒါန်းနိုင်ပါစေလို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသူတစ်ဦးကလည်း "ကိုရိုနာဗိုင်းရပ်စ်က ကမ္ဘာမှာ ပြန့်ပွားနေတာဆိုတော့ အခုလို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ကျန်းမာရေးဘက်မှာ ဒီလို ဝိုင်းဝန်းလုပ်ကိုင်တာ ကောင်းပါတယ်။ အခုချိန်မှာ ဒီရောဂါဟာ ကြောက်ဖို့ကောင်းနေပြီဆိုတာ အားလုံးလည်း ကျန်းမာရေးအသိ၊ သတိရှိဖို့ လိုနေပါပြီ။ ဆက်ပြီးတော့လည်း ခုလို ကာကွယ်ရေးလုပ်ဆောင်မှုတွေ လုပ်ဆောင်ပေးကြပြီး ပြည်သူတွေ အနေနဲ့လည်း တစ်ဦးချင်းစီ ကာကွယ်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ ပူးပေါင်း၍ သဃ်န်းကျွန်းမြို့နယ်၌ မတ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် စံပြဈေးနှင့် သဃ်န်းကျွန်းဈေး၊ ဒုတိယအကြိမ်အဖြစ် ရေနံ့သာဈေး၊ တတိအကြိမ်အဖြစ် ကားကြီးဂိတ်နှင့် ရတနာဈေးတို့တွင်



YBS ယာဉ်တစ်စီးပေါ်၌ လက်သန့်စင်ဆေးရည်ဘူးကို တပ်ဆင်ပေးစဉ်။

လက်သန့်စင်ဆေးရည်ဘူးများ ထားရှိပေးခဲ့ပြီးနောက် ယခု စတုတ္ထအကြိမ်အဖြစ် စံပြဈေးရှေ့ရှိ YBS မှတ်တိုင်၌ YBS ကားများနှင့် တက္ကစီများ၊ ခရီးသွားပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ပွင့်ဖြူမြို့နယ်၌ ပဲထောပတ်သီးနှံ သိမ်းဆည်းချိန် ဈေးနှုန်းများကျဆင်းသဖြင့် စိုက်ပျိုးသည့်တောင်သူများ အရှုံးပေါ်

**ပွင့်ဖြူ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တောင်သူများ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည့် ပဲထောပတ်သီးနှံများ စတင်သိမ်းဆည်းနေချိန်ဖြစ်ရာ ယခုနှစ်တွင် ပေါ်ဦးပေါ်ဖျား ပဲထောပတ်သီးနှံဈေးနှုန်းများ ကျဆင်းနေမှုကြောင့် စိုက်ပျိုးတောင်သူများ အရှုံးပေါ်နေကြောင်း ပဲထောပတ်သီးနှံ စိုက်ပျိုးတောင်သူများထံမှ သိရသည်။



ပဲထောပတ်သီးနှံ သိမ်းဆည်းနေစဉ်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က ရာသီဥတု သင့်တင့်မျှတပြီး စိုက်ပျိုးရေလည်း ပေါကြွယ်ဝတဲ့အတွက် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက စိုက်ပျိုးရေးလုပ်ငန်းကို ၁၂ လရာသီ စီးပွားဖြစ် လုပ်ကိုင်ကြပါတယ်။ သီးနှံများစိုက်ပျိုးရာတွင် ဆန်စပါး၊ နှမ်း၊ မြေပဲ၊ ကုလားပဲ၊နေကြာ၊ ပဲထောပတ်၊ ငှက်ပျော၊ ကြံသီးနှံနဲ့ အခြားသီးပင်စားပင်မျိုးစုံတို့ကို စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ အဲဒီသီးနှံတွေထဲမှာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးတဲ့ ပဲထောပတ်သီးနှံကိုတော့ တောင်သူအများစု အားထား စိုက်ပျိုးကြပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ပဲထောပတ်သီးနှံကတစ်တင်းကို ငွေကျပ် ၃၇၀၀၀ အထိ ရောင်းချရပါတယ်။ ဒါကြောင့် တောင်သူတွေက ဆောင်းသီးနှံဖြစ်တဲ့ ပဲထောပတ်သီးနှံကို အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်။ အခုနှစ်မှာတော့ ပဲထောပတ်သီးနှံက တောင်သူတွေ စိုက်ပျိုးရာသီမှာ မျိုးစေ့ကို တစ်တင်း ငွေကျပ်ငါးသိန်းပေး၍ ဝယ်ယူစိုက်ပျိုးခဲ့ရကာ သီးနှံပြန်လည်သိမ်းဆည်းချိန်တစ်တင်းကို ငွေကျပ် နှစ်သောင်းနှုန်းလောက်ပဲ ရောင်းချရလို့ စိုက်ပျိုးတဲ့ တောင်သူတွေအရှုံးနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ တောင်သူတချို့ဆိုရင် ပဲထောပတ်သီးနှံအရှုံးပေါ်လို့ စိုက်ပျိုးစရိတ် အရင်းအနှီးကာမိအောင် ကြက်ဟင်းခါးသီးနှံကို အလျင်စလို စိုက်ပျိုးလုပ်ကိုင်နေကြပါတယ်။ တချို့တောင်သူတွေဆိုရင်လည်း နွေသီးနှံနှမ်းစိုက်ပျိုးဖို့ ကြိုတင် ပြင်ဆင်လုပ်ကိုင်နေကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် ယောစုကျေးရွာမှ ပဲထောပတ်သီးနှံ စိုက်ပျိုးတောင်သူ ဦးသန်းထွန်းဦးက ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ပေါက်မြို့နယ် ယောချောင်းထွက်အာလူးများ ပခုက္ကူဈေးကွက်သို့ တစ်ရက်လျှင် ပိဿာခုနစ်သောင်းခန့်ဝင်ရောက်

**ပခုက္ကူ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ယောချောင်းထွက်အာလူးများ ပခုက္ကူဈေးကွက်သို့ နေ့စဉ် ပိဿာခုနစ်သောင်းခန့် ဝင်ရောက်လာကြောင်း မြနီလာပွဲရုံပိုင်ရှင် ဦးတင်ကိုထံမှ သိရသည်။ **(အောက်ပုံ)**



ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းတစ်လျှောက် စိုက်ပျိုးသည့် အာလူးများလှိုင်လှိုင်ပေါ်ချိန် ပခုက္ကူဈေးကွက်သို့ အာလူးများ တစ်နေ့ ပိဿာ ခုနစ်သောင်းခန့် ဝင်ရောက်လျက်ရှိကာ ဈေးနှုန်းအသင့်အတင့်သာ ရောင်းချရကြောင်း ပေါက်မြို့နယ်မှ အာလူးစိုက်တောင်သူ ဦးစိုးလှိုင်က ပြောသည်။

အာလူး စိုက်ပျိုးချိန်တွင် အထွက်နှုန်းကောင်းရန် ကိုင်းကျွန်းမြေ ထွန်ရေးညက်စွာထွန်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် စိုက်ပျိုးကြကြောင်း၊ အပင်ဖြစ်ထွန်းချိန် ဥဥနှုန်းကောင်းရန်နှင့် ဥကြီးရန်အတွက် ရွက်ဖျန်းဆေးစနစ်တကျ ပက်ဖျန်းပေးရကြောင်း၊ ရေသွင်းစိုက်ပျိုးခြင်းဖြင့် အာလူးအထွက်နှုန်းကောင်းမွန်ကြပြီး ဈေးနှုန်းအသင့်အတင့်သာရှိခြင်းကြောင့် အဆင်မပြေကြောင်း ဦးစိုးလှိုင်က ပြောသည်။ ပခုက္ကူဈေးကွက်တွင် အာလူးအချိန် မြောက်မြားစွာစတင်ဝင်လျက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ သာ ရောင်းချရခြင်းကြောင့် ပေါက်မြို့နယ် အာလူးစိုက်တောင်သူများ ယခုထက် ဈေးနှုန်းပိုရရန် မျှော်လင့်နေကြသည်။ **မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# အိန္ဒိယမှမတ်ပဲအဝယ် သတင်းကြောင့် ၁၄ ရက်အကြာ မတ်ပဲတစ်တန်ငွေကျပ်တစ်သိန်းခန့် ဈေးတက်လာ

**ရန်ကုန် မတ် ၂၂**

မတ် ၆ ရက်ရန်ကုန်ဈေးကွက်အတွင်း မတ်ပဲ RC ကတစ်တန်ငွေကျပ် ၈၅၇၀၀၀ အထိ ဈေးကျလာသော်လည်း၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်းအိန္ဒိယနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းကို ယင်းနိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုမည့် သတင်းကြောင့် ရန်ကုန်ပဲဈေးကွက်အတွင်း မတ် ၂၀ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၉၅၂၀၀၀ သို့ မြင့်တက်လာသည်ဟု နေ့စဉ်ဈေးနှုန်းထုတ်ပြန်ချက်မှ သိရသည်။

အိန္ဒိယနိုင်ငံ အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ထပ်မံတင်သွင်း ခွင့်ပြုထားသော မတ်ပဲတန်ချိန် နှစ်သိန်းငါးသောင်းကို ယင်းနိုင်ငံဆိပ်ကမ်းများသို့ ယခုနှစ် မတ် ၃၁ ရက်အရောက် တင်သွင်းရမည်ဟု ခွင့်ပြုထားရာမှ ဧပြီလကုန်အထိ ရက်တိုးပေးထားသည်။ မတ် ၁၉ ရက်စွဲဖြင့် အိန္ဒိယအစိုးရမှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ယင်းနိုင်ငံသို့ မတ်ပဲတန်ချိန်လေးသိန်း တင်သွင်းခွင့်ပြုပေးမည်ဟု ထုတ်ပြန်အသိပေးထားသည်။

ယင်းမတ်ပဲများကို၂၀၂၀ ပြည့်နှစ် မေ ၁ ရက်မှ ၂၀၂၁ မတ်လကုန်အတွင်း ယင်းနိုင်ငံဆိပ်ကမ်းများသို့ အရောက်တင်သွင်းရမည်ဟု သိရသည်။

ယင်းသတင်းကြောင့် ရန်ကုန်ပဲဈေးကွက်အတွင်း တစ်တန်ငွေကျပ် ၈၅၇၀၀၀ ရှိခဲ့သည့်မတ် ၆ ရက်မှ ၁၄ ရက်အကြာမတ်ပဲ RC တစ်တန် လျှင် ငွေကျပ် ၉၉၅၀၀ ဈေးမြင့်တက်လာသည်။ မတ် ၆ ရက် ဈေးနှုန်းအနိမ့်တွင်ရှိစဉ် ယင်းရက်တွင် ယင်းပဲကုန်သေတ္တာအလုံးရေ ၁၃၀ အားဖြင့် တန် ၃၅၂၀ အရောင်းအဝယ် ဖြစ်ခဲ့သည်။

ဈေးနှုန်းပြန်လည်မြင့်တက်လာသော ယခုရက်ပိုင်းတွင်လည်း နေ့စဉ်ကုန်သေတ္တာအလုံးရေ ၁၀၀ ကျော် မတ် ၂၀ ရက်တွင်မူ ၁၆၅ လုံး တန်ချိန်အားဖြင့် တန် ၃၉၆၀ အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု ဈေးနှုန်းနှင့် ယှဉ်ဖော်ပြထားသော နေ့စဉ်အရောင်းအဝယ်ဖြစ်သည့်ပဲစာရင်းမှ သိရသည်။


၂၀၁၇ ခုနှစ် ဩဂုတ်လလယ်နောက်ပိုင်းမှစ၍ အိန္ဒိယနိုင်ငံ အနေဖြင့် ယင်းနိုင်ငံအတွင်း ပဲတင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ပိတ်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန်တစ်သိန်းငါးသောင်းစီ အိန္ဒိယနိုင်ငံသို့တင်သွင်းခွင့်ကို ၂၀၁၈ ခုနှစ် မေလဆန်းတွင် အိန္ဒိယအစိုးရမှအသိပေးထုတ်ပြန်ခဲ့သည်။ ယင်းကာလမှစ၍ မြန်မာပြည်တွင်း ဈေးကွက်တွင် ပဲဈေးနှုန်းများ မြင့်တက်လာသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၉၈၈၀၀၀ ၂၀၁၉ ခုနှစ်နိုဝင်ဘာ ၅ ရက်တွင်မူ ငွေကျပ် ၁၃၃၀၀၀၀ အထိ မြင့်တက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၁၁၈၇၀၀၀ ရှိခဲ့ရာ မတ် ၁၉ ရက်အထိ ယင်းဈေးနှုန်းသို့ မရောက်သေးဟု သိရသည်။ ဇန်နဝါရီ ၂ ရက်တွင် ပြည်ပပို့ကုန်ရငွေလဲနှုန်း ငွေကျပ် ၁၄၇၀ ပြည်ပပို့ FOB ဈေးမတ်ပဲ RC တစ်တန် ၈၀၀- ၈၂၀ဒေါ်လာနှုန်း ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် မူ ပြည်ပပို့ကုန်ရငွေလဲနှုန်း ၁၄၂၂ ကျပ် ပြည်ပပို့တစ်တန်ဈေး ၆၅၀- ၆၇၀ ဒေါ်လာနှုန်းရှိသည်ဟု သိရသည်။ အိန္ဒိယနိုင်ငံသို့ မတ်ပဲအဓိကတင်သွင်းနေသည့် နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်၍ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲဈေးနှုန်းမြင့်တက်လာနိုင်သည့်အလားအလာအပေါ် အမျိုးမျိုး ထင်မြင်ယူဆမှုများကို ကြားသိရသည်။ **ခင်ဆိုင်**




## သာသနာတော်နှင့်အလွဲများ စာအုပ်ထွက်ရှိ




ဆရာတော် အရှင်အဘယာလင်္ကာရ (မဟာဝိဟာရဝါသီ) ရေးသားထားသည့် သာသနာတော်နှင့် အလွဲများ စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။ အဆိုပါ စာအုပ်တွင် ယနေ့ မြန်မာနိုင်ငံ၌ အတွေ့များသော သာသနာနှင့်စပ်၍ လွဲချော်မှုများကို တင်ပြထားခြင်းဖြစ်ပါ၏။ ထေရဝါဒ မြတ်သာသနာအခန်းကဏ္ဍ တွင် ဆရာတော်ကြီးများ၏ ထေရဝါဒ သာသနာရေးဆိုင်ရာ အဆိုအမိန့်များ၊ အယူအဆများ၊ အားထုတ်ကြိုးစားမှုများ၊ သာသနာ့အန္တရာယ်အမျိုးမျိုးတို့ကို ဖတ်ရှုရမည်ဖြစ်၏။ သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများ အခန်းကဏ္ဍတွင် ရှေးခေတ်ဆရာတော်ကြီးများသည် ရဟန်းကျင့်ဝတ်ကို မည်မျှအလေးထားကြသည့် အကြောင်း ဖတ်ရှုကြည်ညိုကြရမည်ဖြစ်၏။ မေးကြဖြေကြ ဓမ္မဝိနယအခန်းကဏ္ဍတွင်ကား ယနေ့ခေတ် ရှင်ရဟန်းတို့ အလွန်သိလို၍ မေးထားကြသော အမေးနှင့် အဖြေများကို ဖတ်ရှုလျက် အသိဉာဏ်ပွားကြရမည်ဖြစ်သည်။ စာအုပ်တန်ဖိုးမှာငွေကျပ် ၂၀၀၀ ဖြစ်ပြီး မဇ္ဈိမစာပေမှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## ပျော်ရွှင်ခြင်းဥပဒေသများ စာအုပ်ထွက်ရှိ

စာရေးဆရာ ဒေါက်တာအေးကျော် ရေးသားသည့် ပျော်ရွှင်ခြင်းဥပဒေသများ စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။ အဆိုပါစာအုပ်တွင် ပျော်ရွှင်မှု၏ အနှစ်သာရကို သိမြင်ခြင်း၊ အချစ်ကို ရှာဖွေတွေ့ရှိခြင်း၊ အကောင်းမြင်စိတ်ထား၊ နယ်လဆင်မန်ဒေးလားနှင့် မျှော်လင့်ခြင်းသီအိုရီ၊ အမေရိကန်စိတ်ပညာဖခင်ကြီး ဝီလျံဂျိမ်းအကြောင်း၊ စိတ်ပညာရှင်ကြီး BECK ၏ ယနေ့အအောင်မြင်ဆုံး CBT စိတ်ကုထုံးများ၊ စိတ်အတွေးကို ပြောင်းလဲခြင်း စသည့်ခေါင်းစဉ်များဖြင့် စာဖတ်သူများအား ဗဟုသုတရဖွယ် ရေးသားထားသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၄၀၀၀ ဖြစ်ပြီး ဘဝတက်လမ်းစာပေမှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




## လာဘ်ဖွင့်လက်ဆောင် စာအုပ်ထွက်ရှိ




စာရေးဆရာ သက်နှင်းဆွေ(ပုပ္ပါး) ရေးသားသည့် လာဘ်ဖွင့်လက်ဆောင် အဆောင်ယတြာ ကျင့်စဉ်ကောင်းများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။ အဆိုပါ စာအုပ်တွင် ကောင်းကျိုးစွမ်းအား ကြီးမားစေမည့် ပဌာန်းမေတ္တာပို့ အပါအဝင် လက်တွေ့သုံးစွဲနိုင်သည့် လောကီပညာဆိုင်ရာ အဆောင်ယတြာများ၊ အကျိုးထူးပေးစေသည့်ဂါထာမန္တာန်နှင့် ကျင့်စဉ်ကောင်းများအကြောင်း၊ ဘာသာရေးနှင့်ဆိုင်သည့် သုတရသဆောင်းပါးများနှင့် လောကီပညာဆိုင်ရာ ဆောင်းပါးများကို စုစည်းထားသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ပြီး မဇ္ဈိမစာပေမှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## ရွှေနားတော်သွင်းစာအုပ်ထွက်ရှိ

စာရေးဆရာ နိုက်ရေးသားသော ၁၅ အုပ်မြောက် အတွေးအခေါ်စာစုများ ဖြစ်သည့် 'ရွှေနားတော်သွင်း'စာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် အတွေးအခေါ် စာစုပေါင်း ၁၀၀ ခန့်ပါဝင်ပြီး ဘဝနေနည်းအတတ်ပညာ၊ လူမှုဆက်ဆံရေးအတတ်ပညာများ၊ မိမိကိုယ်ကို တည်ဆောက်ခြင်း အတတ်ပညာများ ရေးသားထားသည်။ 'ဘဝမှာ ကိုယ့်ကိုယ်ကိုယ်ကောင်းအောင် မနေတတ်သေးသမျှ သူတစ်ပါးကို ကောင်းအောင်လုပ်ပေးလို့မရနိုင်ပါဘူး'ဟု ဆိုသည်။ ဘယ်ခရီးကို သွားမလဲကိုယ်သည်သာ ကိုယ့်အားကိုးရာဟုဆိုထားသည်။ တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ရှိရှိ ချစ်ခိုင်းထားသည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ်၂၅၀၀ ဖြစ်ပြီး ၇၇၇၇ စာပေမှ ဖြန့်ချိလျက်ရှိသည်။



# နှမ်းနက် မျိုးကောင်းမျိုးသန့်များ ပွားများထုတ်လုပ်နိုင်ရန် နေပြည်တော်၌ JICA နှင့်ပူးပေါင်း၍ သုတေသနပြုလုပ်လျက်ရှိ

**နေပြည်တော် မတ် ၂၂**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) သည် နှမ်းနက် မျိုးကောင်းမျိုးသန့်များ ပွားများထုတ်လုပ်နိုင်ရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် အကျိုးတူပူးပေါင်း၍ နှမ်းနက်မျိုးများ၏ အရည်အချင်းနှင့် အရည်အသွေးလက္ခဏာများ လေ့လာခြင်း သုတေသနကို နေပြည်တော်ရှိ ဆီထွက်သီးနှံ သုတေသနဌာနစု စိုက်ခင်း၌ သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နှမ်းနက်သုတေသနကို ၂၀၁၉ ခုနှစ်က စတင် ဆောင်ရွက်ခဲ့စဉ်က နှမ်းသီးနှံကို အဓိကထားစိုက်ပျိုးသည့် ဒေသအသီးသီးမှ စုဆောင်းရရှိသည့် နှမ်းမျိုး ၁၈ မျိုးဖြင့် သုတေသနပြု စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး မျိုးတစ်မျိုးချင်းစီ အလိုက် ပင်ပိုင်းဆိုင်ရာလက္ခဏာများဖြစ်သည့် အပင်ပုံစံ၊ ပင်စည်အရောင်၊ အရွက်အရောင်များ အပါအဝင် ပန်းပွင့်ချိန်၊ အသီးပုံစံ၊ အသီးအရောင်၊ သက်တမ်းနှင့် အထွက်နှုန်း စသည့် အရည်အချင်း လက္ခဏာများကို အသေးစိတ် မှတ်တမ်းများကောက်ယူ၍ သုတေသနပြု လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစမ်းသပ်သုတေသနမှ ရရှိသည့် နှမ်းနက်မျိုး ၁၈ မျိုး၏ နမူနာများကို JICA ၏ အကူအညီဖြင့် ဂျပန်နိုင်ငံသို့ပေးပို့ကာ စားသုံးသူများ ကြိုက်နှစ်သက်သည့် အရသာ၊ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုကို စမ်းသပ်ခြင်း



သုတေသနပြု စိုက်ပျိုးမှုများ ပြုလုပ်ထားသော နှမ်းနက်စိုက်ခင်းတစ်ခင်း။

များကိုလည်း ဆောင်ရွက်ခဲ့ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောကြားသည်။

ဂျပန်နိုင်ငံသို့ နမူနာများပေးပို့ခဲ့သည့် နှမ်းမျိုး ၁၈ မျိုး အနက်မှ မျိုးလေးမျိုးဖြစ်သည့် မျိုးနံပါတ်(၁)(သိပ္ပံနှမ်းနက်၊ DAR-မကွေး)၊ မျိုးနံပါတ်(၄)(သိပ္ပံနှမ်းနက်)၊ မျိုးနံပါတ်(၅) (စမုံနက်နှမ်း)နှင့် မျိုးနံပါတ်(၁၂) (မုံတောကြီးစမုံနက်) နှမ်းနက်မျိုးတို့မှာ စားသုံးသူကြိုက်နှစ်သက်သည့် အရသာ နှင့် အရည်အသွေးကောင်းများရှိခြင်းကြောင့် အဆိုပါ နှမ်းနက်(၄)မျိုးကို မျိုးသန့်ပွားများခြင်း သုတေသနလုပ်ငန်းကို ဆီထွက်သီးနှံသုတေသနဌာနစု တာဝန်ခံ ဒေါက်တာခင်မျိုးဝင်းနှင့် သုတေသနပညာရှင်များအဖွဲ့က မိုးကြို နှမ်းသီးနှံသုတေသနအဖြစ် ယခု ၂၀၂၀ အတွင်း ဆက်လက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းသီးနှံသည် ဗီတာမင် အေ၊ ဗီတာမင် ဘီ၊ ဗီတာမင် စီ၊ ဗီတာမင် ဒီ၊ ပရိုတင်းဓာတ်၊ ပိုတက်စီယမ်နှင့် အမျှင်ဓာတ်များ ပါဝင်ခြင်း၊ မပြည့်ဝဆီ(မိုနို မပြည့်ဝဆီနှင့် ပိုလီ မပြည့်ဝဆီ)များ ပါဝင်ခြင်းနှင့် ကိုလက်စထရော လုံးဝမပါဝင်ခြင်းကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီသီးနှံ ဖြစ်သည်။

အထူးသဖြင့် နှမ်းနက်တွင် ဆေးဖက်ဝင်အာနိသင်များ (ဥပမာ-ကိုယ်ခံအားကောင်းခြင်း၊ သွေးဖိအား ထိန်းညှိပေးခြင်း၊ အစာခြေအားကောင်းခြင်း)လည်း ပါဝင်ခြင်းကြောင့် စားသုံးသူများ ကြိုက်နှစ်သက်သည့် အရသာ၊ အရည်အသွေးကောင်းများ ပါဝင်ပြီး ဈေးကွက်အလားအလာကောင်းသည့် နှမ်းနက်သုတေသနများ ဆောင်ရွက်ရန်သည်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်လျက်ရှိသည်။

**ဇူလိုင်မိုး**

# စိုက်ပျိုးစီးပွား အသိပညာပေးစင်တာများတွင် အပင်ဆေးခန်းများဖွင့်လှစ်

**နေပြည်တော် မတ် ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် အတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် IFAD တို့ ပူးပေါင်း၍ FARM Project အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးစီးပွား အသိပညာပေး စင်တာ ငါးခု၌ အပင်ဆေးခန်း (Plant Clinic )များကို မတ် ၁၇ ရက်နှင့် ၁၈ ရက်က ဖွင့်လှစ်သည်။

အပင်ဆေးခန်းများကို မတ် ၁၇ ရက်တွင် သရက်တောရွာ၊ ပိုးတက်ရွာနှင့် မရမ်းခုံရွာတို့မှ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာများ၌လည်းကောင်း၊ မတ် ၁၈ ရက်တွင် မောင်ရမ်းရွာနှင့် မိုးစွေရွာတို့ရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာများတွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး အဆိုပါ အပင်ဆေးခန်းများကို လတစ်လ၏ ဒုတိယပတ်ဖြစ်သော ၁၅ရက်နှင့် လကုန်ရက်များတွင်(တစ်လနှစ်ကြိမ်)ပုံမှန် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးစီးပွား အသိပညာပေးစင်တာတစ်ခု၌ အပင်ဆေးခန်းဖွင့်ပွဲကျင်းပစဉ်။

ယခုကဲ့သို့ အပင်ဆေးခန်းများ ဖွင့်လှစ်ခြင်းကြောင့် တောင်သူများ အနေဖြင့် သီးနှံပင်များတွင် ပိုးမွှားရောဂါဖျက်ဆီးမှုများနှင့် ပတ်သက်၍ ကာကွယ်နှိမ်နင်းနည်းများကို လာရောက် ဆွေးနွေးမေးမြန်းနိုင်ကြောင်းနှင့် ကျရောက်သည့် ပိုးမွှားရောဂါနှင့် ကိုက်ညီသော ဆေးဝါးများကို မှန်ကန်စွာ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရေး၊ ပိုးသတ်ဆေးများကို စနစ်တကျ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး၊ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အပင်ဆေးခန်းများ ဖွင့်ပွဲများသို့ စိုက်ပျိုးအသိပညာပေးစင်တာ (KC Board)အဖွဲ့ဝင်များ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့ (VFMG) ဝင်များ၊ စိတ်ဝင်စားမှု တူညီရာအဖွဲ့(CIG) ခေါင်းဆောင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ပြည်ပမှအဝယ်အေးသဖြင့် နှမ်းဈေးများကျနေပြီး ကလိန်အောင်မြို့၌ နှမ်းစိုက်တောင်သူများ အရှုံးပေါ်

**ကလိန်အောင် မတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့တွင် နှမ်းစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ယခုအခါ နှမ်းပင်များ နုတ်သိမ်းချိန်တွင် ပြည်ပနိုင်ငံများမှ ဝယ်ယူမှုနည်းနေသောကြောင့် ဈေးကောင်းမရရှိ၍ တောင်သူများ တွက်ခြေမကိုက်ဘဲ အရှုံးပေါ်လျက်ရှိကြောင်း ကလိန်အောင်မြို့ရှိ ဒေသခံတောင်သူအချို့ထံမှ သိရသည်။

ကလိန်အောင်မြို့၌ နှမ်းပင်များကို မိုးအကုန် ဆောင်းအကူးတွင် စတင်စိုက်ပျိုးကြပြီး နှမ်းပင်များကို စိုက်ပျိုးရာမှာ တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ်နှစ်သိန်းခွဲခန့်ရှိပြီး စတင်စိုက်ပျိုးချိန်မှစ၍ သုံးလခွဲနှင့် လေးလတွင် ရိတ်သိမ်းရကြောင်း ကလိန်အောင်မြို့ရှိ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"အစပိုင်း နှမ်းထွက်ချိန်ကဆိုရင် တစ်ပိဿာကို ငွေကျပ် ၃၃၀၀ လောက်ရတော့ အဆင်ပြေသေးတာပေါ့၊ အခုကျတော့ ပြည်ပနိုင်ငံတွေကလည်း အဝယ်အေးသွားတာကြောင့် နှမ်းဈေးက တစ်ပိဿာကို ၂၇၅၀ နှုန်းလောက်အထိ ဈေးကျသွားလို့ တွက်ခြေမကိုက်တော့ဘဲ အရှုံးပေါ်နေပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

ကလိန်အောင်မြို့နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် ကိုင်းစိုက်ပျိုးသည့် တောင်သူအများစုအနေဖြင့် ယခင်က ဆောင်းသီးနှံအဖြစ် နှမ်း၊ ပြောင်းဖူးနှင့် ကြံပင်များကို အဓိက စိုက်ပျိုးလေ့ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ရာသီဥတုမမှန်မှုများကြောင့် နှမ်းတစ်မျိုးတည်းကိုသာ အဓိကထား စိုက်ပျိုးနေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်တွင် စပျစ်စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ပြီး အသီးသီးနှုန်းကောင်း၍ ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေ

**ညောင်ဦး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ် အုပ်စုနှင့် သစ်ထောင့်တောင်အုပ်စုရှိ ကျေးရွာအချို့၌ ယခုနှစ်တွင် စပျစ်သီးကို စမ်းသပ်စိုက်ပျိုးကြရာ အပင်များ အောင်မြင်ဖြစ်ထွန်းသလို အသီးသီးနှုန်း ကောင်းမွန်နေခြင်းကြောင့် ဆွတ်ခူးရောင်းချချိန် ဈေးနှုန်း ဈေးကွက်ကောင်းမွန်ရန်သာ မျှော်လင့်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

သစ်ထောင့်တောင်ကျေးရွာမှ စပျစ်သီး တစ်ဧကခွဲ စမ်းသပ်စိုက်ပျိုးထားသည့် ဦးလှငွေက " ကျွန်တော် စပျစ်စတင်စိုက်ပျိုးဖို့အတွက် စပျစ်စိုက်ပျိုးရေး လိုက်လံမျှဝေပေးနေတဲ့ ရမည်းသင်းက ကိုမင်းဆက်ပိုင်နဲ့ စတင်ဆက်သွယ်ပြီး အီတလီ နံပါတ်(၃)စပျစ်မျိုးတွေကို ပြာသိုလအတွင်းမှာ စတင်စိုက်ပျိုးခဲ့ပါတယ်။ တစ်ပင်ကို စိုက်ခင်းအရောက် ငွေကျပ် ၇၀၀ နှုန်းနဲ့ဝယ်ယူပြီး စတင်စိုက်ပျိုးခဲ့တာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ စပျစ်စိုက်ပျိုးနည်းကို လက်တွေ့မျှဝေကာ စပျစ်မျိုးများလည်း ရောင်းချပေးနေသည့် ရမည်းသင်းမြို့မှ ကိုမင်းဆက်ပိုင်က စပျစ်သီးသည် မြန်မာမျိုးရင်းမရှိဘဲ ပြည်ပနိုင်ငံမျိုးရင်းများသာရှိသည့် သီးနှံဖြစ်ပြီး စပျစ်မျိုးပေါင်း ၄၀ ကျော်ရှိကြောင်း၊ ရေရှိသည့် ဒေသတိုင်းတွင် စပျစ်စိုက်ပျိုး၍ရပြီး စမ်းသပ်စိုက်ပျိုးသည့် ဒေသများတွင် ရာသီဥတုဒဏ်ကိုခံနိုင်သည့် အကြမ်းခံ စပျစ်မျိုးများကိုသာ ဦးစားပေးစိုက်ပျိုးရန် မျိုးရွေးချယ်ပေးကြောင်း၊ စပျစ်စိုက်ပျိုးမှုကို တောင်သူများ ကျွမ်းကျင်လာလျှင်မူ ဈေးနှုန်းပိုမိုကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးနည်းပညာများ မျှဝေပေးလျက်ရှိကြောင်း ရှင်းပြသည်။

စပျစ်စိုက်ရာတွင် ပျိုးပင်များကို တစ်ပင်နှင့်တစ်ပင် ခြောက်ပေအကွာ ကျင်းတူး၍ စိုက်ပျိုးကြရကြောင်း၊ စတင်စိုက်ပျိုးသည့်လမှ ၁၀ လအကြာတွင် စတင်၍ အသီးသီးကြောင်း၊ ပထမဆုံးသီးသည့်အချိန်တွင် စပျစ်ပင်တစ်ပင်မှ စပျစ်သီး ငါးပိဿာခန့် သီးလေ့ရှိပြီး အသက် သုံးနှစ်သားမှ ငါးနှစ်သား စပျစ်ပင်တစ်ပင်လျှင် စပျစ်သီး ၁၅ ပိဿာမှ ပိဿာ ၂၀ အထိ သီးနိုင်ကြောင်း သိရသည်။

စပျစ်ပင်သည် နှစ်ရှည်သီးနှံပင် အမျိုးအစားဖြစ်ကာ နှစ် ၂၀ မှ ၃၀ အထိ သက်တမ်းကြာရှည်ပြီး တစ်သီးသီးပြီးတိုင်း စပျစ်ကိုင်း စပျစ်နွယ်များကိုဖြတ်၍လည်း ရောင်းချရကြောင်း၊ အသီး စသီးချိန်တွင် ရေကို နိုင်နိုင်သွင်းပေးရပြီး အသီးရင့်မှည့်ချိန်တွင် စတင်ဆွတ်ခူး ရောင်းချနိုင်ကြောင်း၊ လေးလတစ်ကြိမ် အသီးဆွတ်ခူးရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ညောင်ဦးမြို့နယ်၌ စမ်းသပ်စိုက်ပျိုးနေသည့် စပျစ်စိုက်တောင်သူ ငါးဦးခန့်ရှိနေပြီး လက်ပံခြေပေါ်အုပ်စုမှ ကျေးရွာများနှင့် သစ်ထောင့်တောင်ကျေးရွာ အုပ်စုမှ ကျေးရွာများတွင် Black Queen(BQ)စပျစ်မျိုးနှင့် အီတလီ နံပါတ်(၃)မျိုးတို့ကို စတင်စမ်းသပ်စိုက်ပျိုးကြကာ စမ်းသပ် စိုက်ပျိုးသည့်နှစ်မှာပင် အသီးသီးနှုန်းကောင်းမွန်သဖြင့် ဈေးကောင်းရရန်သာ တောင်သူများမျှော်လင့်လျက်ရှိသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



ဒေသခံတောင်သူတစ်ဦး၏ အောင်မြင်ဖြစ်ထွန်းနေသော စပျစ်ခြံတစ်ခြံ။

# ဆင်းကတ်များ မှတ်ပုံတင်ပြုလုပ်နိုင်သည့် နည်းလမ်းများကို အော်ပရေတာလေးခုက သုံးစွဲသူများအား အသိပေးထား

ရန်ကုန် မတ် ၂၂

ပြည်တွင်းမှ ဖုန်းသုံးစွဲသူတိုင်းအနေဖြင့် ဧပြီလကုန်နောက်ဆုံးထားပြီး ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်ရန်နှင့် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အခြား အသိအမှတ်ပြုကတ် တစ်ခုလျှင် ဆင်းကတ်နှစ်ကတ်သာ မှတ်ပုံတင်ပြုလုပ်ရန် ခွင့်ပြုမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အရ ပြည်တွင်းရှိအော်ပရေတာလေးခုအနေဖြင့်လည်း ဆင်းကတ်များကို သုံးစွဲနေသူများအတွက် မှတ်ပုံတင်ထားခြင်းရှိမရှိ အလွယ်တကူ စစ်ဆေးနိုင်ရန်၊ မှတ်ပုံတင်ထားခြင်း မရှိသေးပါက မှတ်ပုံတင် ပြုလုပ်နိုင်ရန်နှင့် မှတ်ပုံတင်လုပ်ထားသည့် အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ခြင်းတို့ကို လွယ်ကူစွာ ပြုလုပ်နိုင်ရန် နည်းလမ်းများကို ၎င်းတို့၏ ဝက်ဘ်ဆိုက်များနှင့် ဖေ့စ်ဘုတ်စာမျက်နှာများမှ ထုတ်ပြန်အသိပေးထားလျက်ရှိသည်။

ဆင်းကတ်များကို သုံးစွဲနေသူတိုင်းသည် ဆင်းကတ်ကို မှတ်ပုံတင်ရန်အတွက် မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် တစ်ခုခု (နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား) မူရင်း/မိတ္တူနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် မူရင်း/မိတ္တူများကို လိုအပ်မည်ဖြစ်ပြီး မည်သည့် ထပ်ဆောင်းကုန်ကျစရိတ်မှမရှိဘဲ အွန်လိုင်းမှတစ်ဆင့်ဖြစ်စေ၊ ပြင်ပရှိ အရောင်းဆိုင်များမှတစ်ဆင့်ဖြစ်စေ လွယ်ကူစွာ ဆင်းကတ်မှတ်ပုံတင်ပြုလုပ်နိုင်မည်ဖြစ်သည်။

**MPT**

MPT ဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် ဆင်းကတ်မှတ်ပုံတင်ထားခြင်းရှိမရှိကို *601# သို့ ခေါ်ဆို၍ စစ်ဆေးနိုင်ပြီး အချက်အလက်တောင်းဆိုမှု အောင်မြင်ကြောင်း SMS ကို လက်ခံရရှိမည်ဖြစ်သည်။ ထို့နောက် နောက်ထပ် SMS တစ်ခုကို လက်ခံရရှိမည်ဖြစ်ကာ အဆိုပါ SMS တွင် မိမိကိုင်ဆောင်ထားသောဖုန်းနံပါတ် ၀၉-xxxxxxxxx သည် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ရေးသက်သေခံကတ်ပြား/ (နိုင်ငံခြားသားအတွက်) နိုင်ငံကူးလက်မှတ်အမှတ် x/xxxxxx ဖြင့် မှတ်ပုံတင်ထားပါသည်ဆိုသည့် အတည်ပြုစာကို လက်ခံရရှိမည်ဖြစ်သည်။

ထိုစာတွင်ပါဝင်သော အချက်အလက်များ မှားနေပါက အသုံးပြုသူ၏ အချက်အလက်များဖြင့် မှန်ကန်စွာ မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် အွန်လိုင်းမှတစ်ဆင့်အနေဖြင့် MPT 4U အက်ပလီကေးရှင်းဖြင့် သို့မဟုတ် MPT ၏ Self-Care ဝက်ဘ်စာမျက်နှာ https://care.mpt.com.mm/ မှတစ်ဆင့် အချက်အလက်မှန်များကို ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ပြီး MPT4U အက်ပလီကေးရှင်း မရှိသေးပါက *4040# သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် အခမဲ့ ဒေါင်းလုပ်ဆွဲ၍ ရယူနိုင်မည်ဖြစ်သည်။

အွန်လိုင်းမှ ပြုလုပ်လိုခြင်းမရှိသော အသုံးပြုသူများအနေဖြင့်လည်း မြို့နယ်အသီးသီးရှိ MPT Own Shop နှင့် MPT Branded Shop ဆိုင်များသို့ သွားရောက်၍ ဆင်းကတ်မှတ်ပုံတင်ခြင်းအတွက် အကူအညီများ ရယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

**MyTel**

MyTel ဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် ဆင်းကတ် မှတ်ပုံတင်ထားခြင်း ရှိမရှိကို ဖုန်းနံပါတ် *966# သို့ ခေါ်ဆိုပြီးနောက် နံပါတ် ၆ နှင့် နံပါတ် ၂ ကို အဆင့်ဆင့်ရွေး၍ စစ်ဆေးနိုင်မည်ဖြစ်သည်။ စစ်ဆေး၍ ဆင်းကတ်မှတ်ပုံတင်မလုပ်ရသေးပါက သို့မဟုတ် အချက်အလက်များ မှားနေပါက MyID အက်ပလီကေးရှင်းမှတစ်ဆင့် SIM registration ထဲသို့ဝင်၍ သို့မဟုတ် bit.ly/MytelSIMReg လိပ်စာသို့ဝင်၍ ဖြည့်စွက်ရမည့် အချက်အလက်များကို မှန်ကန်ပြည့်စုံစွာ ဖြည့်ပြီးနောက် မှတ်ပုံတင်ကို ဓာတ်ပုံရိုက်၍ တင်ပို့ပေးပြီး ဆင်းကတ်မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်သည်။ မတ်လအတွင်း ဆင်းကတ်မှတ်ပုံတင်ခြင်း ပြုလုပ်ပါက Mytel Pay E-money ဘောနပ်စ်ပေးအပ်သည့် အစီအစဉ်ကိုလည်း Mytel က ပြုလုပ်ထားရာ MytelPay မရှိသူများအနေဖြင့် အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဆွဲပြီး account ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

အွန်လိုင်းမှတစ်ဆင့် မလုပ်လိုသူများအတွက်မူ MyTel ဆင်းကတ်များကို မှတ်ပုံတင်ရန်အတွက် မြို့နယ်အသီးသီးရှိ MyTel Showroom များနှင့် MyTel ဆင်းကတ် အရောင်းဆိုင်များတွင် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အူရီဒူး**

အူရီဒူးဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် ဆင်းကတ် မှတ်ပုံတင်ထားခြင်း ရှိမရှိကို နံပါတ် *666# သို့ ဖုန်းခေါ်ဆို၍ စစ်ဆေးနိုင်မည်ဖြစ်သည်။ စစ်ဆေး၍ မှတ်ပုံတင်ထားခြင်း မရှိသေးပါက သို့မဟုတ် မှတ်ပုံတင်ထားသည့် အချက်အလက်များ မှားနေပါက https://ooredoo.com.mm/portal/mm/editsim ဝက်ဘ်ဆိုက်လိပ်စာမှတစ်ဆင့် One-time password(OTP)ကို ရယူပြီးနောက် အချက်အလက်များဖြည့်သွင်းကာ လိုအပ်သောဓာတ်ပုံများပေးပို့၍ ဆင်းကတ်မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်သည်။

အွန်လိုင်းမှတစ်ဆင့် ပြုလုပ်လိုခြင်းမရှိသူများအနေဖြင့်လည်း နီးစပ်ရာ အူရီဒူး ကိုယ်ပိုင်အရောင်းဆိုင်များ သို့မဟုတ် အရောင်းကိုယ်စားလှယ်များထံသို့ သွားရောက်၍ မိမိတို့၏ မှတ်ပုံတင်ဖြင့် အမည်ပြောင်းလဲနိုင်မည်ဖြစ်သည်။ အနီးအနားတွင် ရှိနိုင်မည့် ဆိုင်လိပ်စာများကို *666# သို့ ခေါ်ဆိုစဉ်က ပြန်လည်ပေးပို့သည့် SMS တွင် ပါဝင်သော Link မှတစ်ဆင့် ရှာဖွေနိုင်မည်ဖြစ်သည်။

**တယ်လီနော**

တယ်လီနော ဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် ဆင်းကတ် မှတ်ပုံတင်ထားခြင်းရှိမရှိကို နံပါတ် *979*3*3# သို့ ခေါ်ဆို၍ဖြစ်စေ၊ နံပါတ် ၅၀၀ သို့ REG ဟု စာတိုပေးပို့၍ဖြစ်စေ၊ My Telenor အက်ပလီကေးရှင်းမှဖြစ်စေ စစ်ဆေးနိုင်မည်ဖြစ်သည်။ စစ်ဆေး၍ မှတ်ပုံတင်ထားသည့်အချက်များ မှားနေပါက သို့မဟုတ် မှတ်ပုံတင် မပြုလုပ်ရသေးပါက ပြင်ဆင်ရန်နှင့် မှတ်ပုံတင်ပြုလုပ်နိုင်ရန်အတွက် တယ်လီနောအနေဖြင့် နည်းလမ်းများစွာကို ဆောင်ရွက်ပေးထားသည်။

အွန်လိုင်းမှ ဆင်းကတ်မှတ်ပုံတင် ပြုလုပ်ရန်အတွက် တယ်လီနောဝက်ဘ်ဆိုက် http://bit.ly/telenorecaf မှလည်းကောင်း၊ My Telenor အက်ပလီကေးရှင်းဖြင့်လည်းကောင်း မှတ်ပုံတင်ခြင်းကို ကိုယ်တိုင်ပြုလုပ်နိုင်သလို ဖေ့စ်ဘုတ်မက်ဆင်ဂျာ http://bit.ly/telenorfb မှတစ်ဆင့် အချက်အလက်များ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ Viber နံပါတ် 09790113252 မှ 3261 အထိ၊ နံပါတ် 09790285466 မှ 5490 အထိနှင့် 09790134738 တို့သို့ အချက်အလက်များ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ အီးမေးလ် reg@telenor.com.mm သို့ ပေးပို့ခြင်းဖြင့်လည်းကောင်း ဆင်းကတ်များ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်မည်ဟု သိရသည်။

ထို့အပြင် အွန်လိုင်းမှ မလုပ်လိုသူများအတွက်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ KBZ ဘဏ်ခွဲပေါင်း ၈၆ ခုတွင်လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ တယ်လီနောဆင်းကတ် မှတ်ပုံတင်နိုင်ကြောင်း အမှတ်အသားရှိသော ဆင်းကတ်လက်လီ အရောင်းဆိုင်ပေါင်း ၄၂၀၀၀ ကျော်တွင်လည်း၊ နိုင်ငံအနှံ့ရှိ မြို့များမှ တယ်လီနောအမှတ်တံဆိပ် အရောင်းဆိုင်ပေါင်း ၉၀ ခန့်တွင်လည်းကောင်း၊ မြို့နယ်ပေါင်း ၅၂ ခုရှိ အလင်းအိမ်စင်တာများက ပို့ချပေးလျက်ရှိသော ဆင်းကတ်မှတ်ပုံတင်ခြင်း သင်တန်းများတွင်လည်းကောင်း ဆင်းကတ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# OPPO Reno3 နှင့် Reno3 Pro စမတ်ဖုန်းသစ်နှစ်မျိုး ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်

ရန်ကုန် မတ် ၂၂

မည်သည့် အလင်းအမှောင်အခြေအနေတွင်မဆို ကြည်လင်ပြတ်သားသောပုံရိပ်များကို ရိုက်ကူးနိုင်မည့် ကင်မရာပိုင်း အားသာချက်များ ပါဝင်သော OPPO Reno3 နှင့် Reno3 Pro စမတ်ဖုန်းမော်ဒယ်သစ်နှစ်မျိုးနှင့် OPPO ၏ ပထမဆုံး Enco ကြိုးမဲ့နားကြပ်များကို OPPO က မြန်မာနိုင်ငံ ဈေးကွက်အတွက် မတ် ၁၈ ရက်က စတင်မိတ်ဆက်ခဲ့ပြီး မတ် ၁၉ ရက်မှစ၍ ရောင်းချနေပြီဖြစ်သည်။

အဆိုပါ စမတ်ဖုန်းမော်ဒယ်သစ်နှစ်မျိုးနှင့် OPPO Enco ကြိုးမဲ့နားကြပ်ကို အွန်လိုင်းမှတစ်ဆင့် မိတ်ဆက်သည့်ပွဲကို OPPO ၏ ဖေ့စ်ဘုတ်စာမျက်နှာမှ တိုက်ရိုက်ထုတ်လွှင့်ခြင်းဖြင့် ကျင်းပခဲ့ပြီး မိတ်ဆက်ပွဲတွင် OPPO ၏ ပရောဂျက်ဒါရိုက်တာ Mr.Will နှင့် ပရောဂျက်မန်နေဂျာ ကိုသန်းအောင်တို့က OPPO Reno3 နှင့် Reno3 Pro ဖုန်းများနှင့် Enco ကြိုးမဲ့နားကြပ်အကြောင်းကို အသေးစိတ်ရှင်းပြခဲ့ကြကာ OPPO ၏ အနုပညာရှင် မိသားစုဝင်များဖြစ်သည့် ဝတ်မှုံရွှေရည်၊ ပိုင်ဖြိုးသုနှင့် လွှမ်းပိုင်တို့ကလည်း Reno3၊ Reno3 Pro နှင့် Enco ကြိုးမဲ့နားကြပ်တို့၏ ၎င်းတို့ နှစ်သက်သဘောကျသော စွမ်းဆောင်ရည်များကို ဝေမျှခဲ့သည်။

OPPO Reno3 နှင့် Reno3 Pro စမတ်ဖုန်း နှစ်မျိုးလုံးသည် မျက်နှာပြင်အကျယ် ၆ ဒသမ ၄ လက်မရှိပြီး resolution က 1080 x 2400 pixels အရည်အသွေးရှိသဖြင့် ရုပ်ထွက်အရည်အသွေး ကောင်းမွန်သည်။ Reno3 က AMOLED မျက်နှာပြင်ဖြစ်ပြီး Reno3 Pro က Super AMOLED မျက်နှာပြင်ဖြစ်ကာ Reno3 Pro တွင် မျက်နှာပြင်ကို ထိခိုက်မှုများမှ ကာကွယ်နိုင်မည့် Corning Gorilla Glass 5 ဖြင့် ဖုံးအုပ်ထားသည်။



အန်းဒရွိုက်ဗားရှင်းအနေဖြင့် ဖုန်းနှစ်မျိုးလုံးတွင် Android 10 ကို ColorOS 7 နှင့်တွဲ၍ အသုံးပြုပေးထားသည်။ CPU က ဖုန်းနှစ်မျိုးလုံးတွင် Cortex-A75 နှင့် Cortex-A55 Octa-core CPU များဖြစ်ပြီး Chipset ပိုင်းတွင် Reno3 က Mediatek MT6779 Helio P90 (12 nm)နှင့် Reno3 Pro က Mediatek Helio P95 (12 nm) Chipset များကို အသုံးပြုထားသည်။ RAM နှင့် အင်တာနယ်မင်မိုရီပိုင်းတွင် Reno3 က 8GB RAM နှင့် အင်တာနယ်မင်မိုရီ 128GB ပါရှိပြီး Reno3 Pro က 8GB RAM နှင့် အင်တာနယ်မင်မိုရီ 256GB ပါရှိ၍ ဂိမ်းအမျိုးမျိုးနှင့် အက်ပလီကေးရှင်းအမျိုးမျိုးကို ပေါ့ပါးစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

Reno3 နှင့် Reno3 Pro စမတ်ဖုန်း နှစ်မျိုးလုံးကို အဓိကအားဖြင့် ကင်မရာပိုင်း အားသာချက်များဖြင့် ထုတ်လုပ်ထားရာ Reno3 တွင် နောက်ကင်မရာသည် ၄၈ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနှင့်အတူ ၁၃ မဂ္ဂါပစ်ဇယ် telephoto ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ် ultrawide ကင်မရာနှင့် ၂ မဂ္ဂါပစ်ဇယ် B/W ကင်မရာတို့ ပါဝင်သော Quadcam အမျိုးအစားဖြစ်ပြီး ဆယ်လ်ဖီကင်မရာမှာ ၄၄ မဂ္ဂါပစ်ဇယ်အထိရှိရာ ဆယ်လ်ဖီကင်မရာအကောင်းဆုံး ဖုန်းအမျိုးအစားထဲတွင် ပါဝင်သည်။ ဆယ်လ်ဖီကင်မရာကို Waterdrop Notch ပုံစံဖြင့် ထုတ်လုပ်ထားသည်။

Reno3 Pro စမတ်ဖုန်းမှာမူ ကင်မရာပိုင်း ပိုမိုကောင်းမွန်ပြီး နောက်ကင်မရာသည် ၆၄ မဂ္ဂါပစ်ဇယ် ပင်မကင်မရာ၊ ၁၃ မဂ္ဂါပစ်ဇယ် telephoto ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ် ultrawide ကင်မရာနှင့် ၂ မဂ္ဂါပစ်ဇယ် B/W depth sensor ကင်မရာ လေးလုံးပါသော Quadcam အမျိုးအစားဖြစ်သည်။ ဆယ်လ်ဖီကင်မရာမှာလည်း ၄၄ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနှင့် ၂ မဂ္ဂါပစ်ဇယ် depth sensor ကင်မရာတို့ ပါဝင်သော Dualcam ဖြစ်ပြီး Reno3 ကဲ့သို့ Notch ဒီဇိုင်းအနေဖြင့်မဟုတ်ဘဲ ဖုန်းမျက်နှာပြင်ပေါ်တွင် အပေါက်ဖောက်၍ထည့်ထားသည့် ပုံစံဖြစ်သည်။

OPPO Reno3 နှင့် Reno3 Pro ဖုန်းနှစ်မျိုးလုံး၏ ကင်မရာပိုင်း စွမ်းဆောင်ချက်များကြောင့် Video Stability ကို မြှင့်တင်ပေးသော Ultra Steady Video 2.0၊ Video Bokeh၊ Video Zoom နှင့် AI Beauty Mode တို့ကို အသုံးပြုနိုင်မည့်အပြင် Smart Video Editor Soloop လည်း ပါဝင်သောကြောင့် ရိုက်ပြီးသော ဗွီဒီယိုအမျိုးမျိုးကို စိတ်တိုင်းကျ ပြန်လည်တည်းဖြတ်နိုင်မည်ဖြစ်သည်။

ဘက်ထရီပိုင်းတွင် ဖုန်းနှစ်မျိုးလုံးသည် 4025 mAh ဘက်ထရီများ ပါဝင်ပြီး Reno3 တွင် အလျင်အမြန် အားသွင်းနိုင်သော VOOC Flash Charge 3.0/ 20W စနစ် ပါဝင်ကာ Reno3 Pro တွင် ပိုမိုကောင်းမွန်သော VOOC Flash Charge 4.0/ 30W အားသွင်းစနစ် ပါဝင်သည်။ USB ချိတ်ဆက်မှုတွင် ဖုန်းနှစ်မျိုးလုံးသည် Type-C 1.0 reversible connector များဖြစ်ပြီး On-The-Go စနစ်ကို ထောက်ပံ့ပေးထားသည်။ လက်ဗွေစနစ်မှာလည်း ဖုန်းနှစ်မျိုးလုံးတွင် under display အနေဖြင့် ပါဝင်သည်။

ကိုယ်ထည်အရောင်အနေဖြင့် ဖုန်းနှစ်မျိုးလုံးအတွက် အရောင်ပြေးများပါဝင်သော အပြာရောင်နှင့် အနက်ရောင် နှစ်မျိုးရှိပြီး ဈေးနှုန်းများမှာ Reno3 က ကျပ် ၄၉၉၉၀၀ နှင့် Reno3 Pro က ကျပ် ၆၂၉၉၀၀ ဖြစ်ကာ ဧပြီ ၉ ရက်အထိ ဝယ်ယူသူများအား မျက်နှာပြင်ကွဲခြင်းအတွက် အာမခံပေးသည့် အစီအစဉ်နှင့် လက်ဆောင်အစီအစဉ်များဖြင့် ရောင်းချလျက်ရှိသည်။ **တင်စိုး(မြန်မာ့အလင်း)**

# Content Collaborator တစ်ဦးအဖြစ် ဆမ်ဆောင်းနှင့် ပူးပေါင်းခွင့်ရရှိနိုင်မည့် Create to Express အစီအစဉ် မိတ်ဆက်ထား

ရန်ကုန် မတ် ၂၂

မိုဘိုင်းဖုန်းများဖြင့် Video Contents များ ဖန်တီးခြင်းကို ကြိုက်နှစ်သက်သူများအတွက် ဆမ်ဆောင်း၏ Official Content Collaborator တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ရင်း Galaxy S20+ စမတ်ဖုန်းကိုလည်း ရရှိပိုင်ဆိုင်နိုင်မည့် "Create to Express"ဟု အမည်ပေးထားသည့် အစီအစဉ်တစ်ရပ်ကို ဆမ်ဆောင်းမြန်မာက မတ် ၂၀ ရက်က စတင်မိတ်ဆက်ထားသည်။




အဆိုပါအစီအစဉ်အတွက် စိတ်ပါဝင်စားသူများသည် https://forms.gle/yEpKAfSeS57anTfE9 သို့ဝင်ရောက်၍ စာရင်းပေးရမည်ဖြစ်ပြီး စာရင်းပေးသွင်းထားသူများထဲမှ ပါဝင်ယှဉ်ပြိုင်ရန် ဆန်ကာတင် ရွေးချယ်ခံရသူများစာရင်းကို မတ် ၂၇ ရက်တွင် ဆမ်ဆောင်းမြန်မာက ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Create To Express အစီအစဉ်တွင် ပါဝင်ရန် ဆန်ကာတင်ရွေးချယ်ခံရသူများအနေဖြင့် Samsung Galaxy S20 Series စမတ်ဖုန်းမှ လုပ်ဆောင်ချက်များကို အသုံးပြုကာ ဆမ်ဆောင်းမှ သတ်မှတ်မည့် Theme တစ်ခုအတွက် Video Contents များ ဖန်တီးယှဉ်ပြိုင်သွားနိုင်ရန် ဆမ်ဆောင်းမြန်မာက စီစဉ်ပေးသွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများတွင် Samsung Galaxy S20 Series စမတ်ဖုန်းများ ရှိရန်မလိုကြောင်း သိရသည်။

ဆန်ကာတင် ရွေးချယ်ခံရသူများသည် မတ် ၃၁ ရက်မှ ဧပြီ ၃ ရက်အတွင်း Video Contents များကို အပြီးသတ် ဖန်တီးရမည်ဖြစ်ပြီး ဧပြီ ၄ ရက်တွင် ဆမ်ဆောင်းမြန်မာသို့ ပေးပို့ရမည်ဖြစ်ကာ အစီအစဉ်တွင် အနိုင်ရရှိသူအား ဧပြီ ၉ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ အနိုင်ရရှိသူသည် ဆမ်ဆောင်း၏ Official Content Collaborator တစ်ဦးအဖြစ် လက်တွဲဆောင်ရွက်ခွင့်ရမည့်အပြင် Galaxy S20+ စမတ်ဖုန်းတစ်လုံးကိုလည်း ရရှိမည်ဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ ထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## မန္တလေးတိုင်းဒေသကြီးမှ ရွာပေါင်း ၂၈၅ ရွာသို့ တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်း ထောက်ပံ့သွားမည်

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၂၈၅ ရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြင့် တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်း ထောက်ပံ့ကူညီမှု ပြုလုပ်ပေးသွားမည်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောကြားသည်။

"မန္တလေးတိုင်းဒေသကြီး မြို့နယ်တွေအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၂၈၅ ရွာမှာ တစ်ရွာကို သိန်း ၁၀၀ နှုန်းနဲ့ ထောက်ပံ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနည်းပါးတဲ့ ကျေးရွာတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ စိစစ်ရွေးချယ်တာဖြစ်ပါတယ်။ ကျေးရွာတွေအနေနဲ့ကတော့ ကော်မတီဖွဲ့ပြီး ငွေကိုထိန်းသိမ်းတာ ပြန်လည်အသုံးချတာတွေကို လုပ်ဆောင်ရပါတယ်။ ထောက်ပံ့ငွေတွေနဲ့ သူတို့ထည့်ဝင်ငွေတွေ ပူးပေါင်းပြီးတော့ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါတယ်။ ဒီလကနေ စတင်ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စီမံချက်အရ ထောက်ပံ့မည့် ငွေကြေးများဖြင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကို ပူးပေါင်းကာ ကျေးရွာတွင်း ကျောက်ချောလမ်းများခင်းကျင်းခြင်း၊ ကွန်ကရစ်လမ်းများ ခင်းခြင်း၊ ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်တည်ဆောက်ခြင်း၊ စာသင်ကျောင်းများ တည်ဆောက်ခြင်းနှင့် ကျေးရွာစာကြည့်တိုက်များ တည်ဆောက်ခြင်းတို့ကို ကျေးရွာနေ ဒေသခံများ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံချက်မှ တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်း ထောက်ပံ့မှုကို ဆောင်ရွက်ပေးမည့် မြို့နယ်များမှာ သပိတ်ကျင်းမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မြစ်သားမြို့နယ်၊ အမရပူရ မြို့နယ်၊ မိုးကုတ်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များဖြစ်ပြီး စုစုပေါင်း ကျေးရွာ ၂၈၅ ရွာအတွက် ကျပ်သိန်း ၂၈၅၀၀ ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စစ်ကိုင်းမြို့ ရွာထောင်ဘူတာတွင် လေအိတ်အထူးရထား စတင်ရပ်နား

**စစ်ကိုင်း မတ် ၂၂**

မန္တလေး-မြစ်ကြီးနား-မန္တလေး ခရီးစဉ်ကို ပြေးဆွဲသည့် အမှတ်(၃၃) အဆန်နှင့် (၃၄)အစုန် လေအိတ်အထူးရထားကို မတ် ၂၁ ရက်က စတင်ပြေးဆွဲပြီဖြစ်ရာ စစ်ကိုင်း ရွာထောင်ဘူတာတွင်လည်း ရပ်နားသဖြင့် ရွာထောင်ဘူတာတွင် အမှတ်(၃၃) အဆန် လေအိတ် အထူးရထားအတွက် ရိုးရိုးတန်းလက်မှတ် အစောင်ရေ ၃၀ ရမည်ဖြစ်ပြီး ရွာထောင်ဘူတာသို့ နေ့စဉ် ၁၂ နာရီ ၁၆ မိနစ်တွင် ဆိုက်ရောက်ကာ ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်များကို ၁၁ နာရီကတည်းက ဝယ်ယူနိုင်ကြောင်း အသိပေးဆိုင်းဘုတ်ဖြင့် ကြော်ငြာထားသည်ကို တွေ့ရသည်။



ရွာထောင်ဘူတာသို့ ဆိုက်ရောက်လာသည့် လေအိတ်ရထားပေါ်မှ ခရီးသည်များ

"လေအိတ်ရထားက စီးရတာ အဆင်ပြေတယ်၊ ဒါပေမယ့် အလာတုန်းက ရွာထောင်ဘူတာမှာ မရပ်တော့ မန္တလေးအထိ စီးရတယ်၊ လေအိတ်ရထားက ဟိုတုန်းကရထားတွေနဲ့ စီးရတာ မတူဘူး၊ သန့်ရှင်းတယ်၊ အများကြီး ကွာခြားမှုရှိပါတယ်၊ ရထားပေါ်မှာ အမှိုက်ပုံးလေးတွေ ထားပေးလို့လည်း ကျေးဇူးတင်ပါတယ်"ဟု ခရီးသည်တစ်ဦးဖြစ်သူ မအိအိထွန်းက ပြောသည်။

မန္တလေး-မြစ်ကြီးနား လေအိတ်ရထား ခရီးစဉ် ပြေးဆွဲခြင်းကြောင့် ရွာထောင်-ကောလင်း အစုန်အဆန် ပြေးဆွဲနေသည့် အမှတ်(၄၅)အဆန်၊ အမှတ်(၄၆)အစုန် ကောလင်းလော်ကယ်ရထား ခရီးစဉ်ကို မတ် ၂၁ ရက်က ဖျက်သိမ်းခဲ့ကြောင်းလည်း သိရသည်။

မန္တလေး-မြစ်ကြီးနား လေအိတ်ရထားတွင် ရွာထောင်ဘူတာမှ ရိုးရိုးတန်း ရထားလက်မှတ်ခ ဈေးနှုန်းများအနေဖြင့် ရွာထောင်မှ ရွှေဘိုသို့ ၁၅၀၀၊ ကောလင်းသို့ ၃၅၀၀၊ နဘားသို့ ၅၀၀၀၊ မိုးညှင်းသို့ ၆၀၀၀၊ ဟိုပင်သို့ ၆၅၀၀၊ မိုးကောင်းသို့ ၇၀၀၀ နှင့် မြစ်ကြီးနားဘူတာအထိ ၈၀၀၀ ဟု သတ်မှတ်ထားကြောင်း သိရသည်။

**ခိုင်ဇေယျ**

## သထုံမြို့နယ်မှ ကတိုက်ကြီးချောင်း တူးဖော်ခြင်းနှင့် ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**သထုံ မတ် ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ တိမ်ကောနေသော ကတိုက်ကြီးချောင်းကို ပြန်လည်တူးဖော်ခြင်းနှင့် ချောင်းဘေးတစ်လျှောက်၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ကျပ် ၈၅ သန်းဖြင့် သထုံမြို့နယ် ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်၍ ဇန်နဝါရီ နောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။

ကတိုက်ကြီးချောင်းကို အပေါ်အကျယ် ၃၂ ပေ၊ အောက်ခြေအကျယ် ၁၅ ပေ၊ အနက် ၆ ပေ တူးဖော်ပေးပြီး ချောင်းဘေးတစ်လျှောက် ကုန်ထုတ်လမ်းအဖြစ် အကျယ် ၁၂ ပေနှင့် အရှည် ပေနှစ်သောင်းခန့်ရှိသော လမ်းကို ဖောက်လုပ်ပေးခြင်းဖြစ်သည်။

"ဒေသခံအတွက် တိမ်ကောနေတဲ့ချောင်းကနေ ချောင်းအဖြစ်၊ လမ်းအဖြစ် ဖြစ်လာတော့ ကိုယ့်လယ်ထဲကို အလွယ်တကူ သွားလို့ရတဲ့ လမ်းတစ်ခုကို ရတယ်၊ လယ်ထဲကို ဆိုင်ကယ်၊ ထော်လာဂျီတွေနဲ့ အလွယ်တကူ သွားလို့ရတော့ အဆင်ပြေတာပေါ့၊ ကတိုက်ကြီးကျေးရွာအုပ်စုအတွင်းမှာ စပါးစိုက်ကေတစ်သောင်းလောက် ရှိပါတယ်၊ အခုလို ချောင်းကို ပြန်လည်တူးဖော်ပေးလိုက်တဲ့အတွက် မိုးရာသီမှာ စပါးတွေ ရေကြီးနစ်မြုပ်မှုကလည်း ကင်းဝေးနိုင်ပါတယ်"ဟု ကတိုက်ကြီးကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးရဲထွန်းက ပြောသည် ။

ယခုကဲ့သို့ ပြည်နယ်ရန်ပုံငွေဖြင့် ချောင်းများကို ပြန်လည်တူးဖော်ပေးနေခြင်းကြောင့် သုဝဏ္ဏဝတီမြို့နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများတွင် နှစ်စဉ် မိုးရာသီကာလအတွင်း ကြုံရလေ့ရှိသည့် ရေကြီးနစ်မြုပ်မှုများ လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ကြောင်း သထုံမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးလွင်က ပြောကြားသည်။

**ခွန်(ဝင်းပ)**



ကတိုက်ကြီးချောင်း ပြန်လည်တူးဖော်မှုကို စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့စဉ်။



**COVID-19 ရောဂါကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်သော ပြည်သူများအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်ဆေးစေခြင်းများကို မဟာမုနိ ဂေါပကအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ မတ် ၂၁ ရက်က စတင်ဆောင်ရွက်နေစဉ်။** တင်မောင်(မန်းကိုယ်ပွား)



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအတွက် ရန်ပုံငွေနှင့်ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲကို မတ် ၂၁ ရက်က ဇဗ္ဗုသီရိမြို့နယ် ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဟန်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမင်းဇော်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦးတို့က ကျပ် ၂၁၆ သိန်းတန်ဖိုးရှိ Ventialtor နှစ်လုံးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ အောင်သူရ



**ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့ ဦးဆောင်၍ မတ် ၂၀ ရက်က ဆောင်ရွက်နေစဉ်။** (နမ့်စန်မြို့တွင်းရှိ လူစည်ကားရာ လမ်းဆုံလမ်းခွများ၊ မြို့မဈေး၊ စားသောက်ဆိုင်များနှင့် ပြည်သူ့စာကြည့်တိုက်တို့တွင် ပြည်သူများ အလွယ်တကူ လက်ဆေးနိုင်ရန် လက်ဆေးစင် အခု ၂၀ ကိုလည်း အလှူရှင်များနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။) **သူရအောင်(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် စည်ပင်သာယာဈေးအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ မတ် ၂၁ ရက်က ဆောင်ရွက်နေစဉ်။** (ဈေးအတွင်း၌ ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူများ လက်ဆေးနိုင်ရန် လက်ဆေးစင်၊ လက်ဆေးဆပ်ပြာများကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။) **မျိုးလွင်(ပင်လည်ဘူး)**

# နယ်ဝေးခရီးသွားပြည်သူများအဆင်ပြေရေးနှင့် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ထားရှိ

**ရန်ကုန် မတ် ၂၂**

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဝေးပြေးကားလက်မှတ်ဝယ်ယူရာတွင် အခက်အခဲမရှိစေရန်နှင့် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(အဝေးပြေး) တာဝန်ခံ ဦးဘမြင့်

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(အဝေးပြေး) တာဝန်ခံ ဦးဘမြင့်က "နှစ်စဉ် သင်္ကြန်မှာ ကြုံတွေ့နေရတဲ့ ကားလက်မှတ်ဝယ်မရတာ၊ လက်မှတ်ခပိုယူတာတွေကို ဒီနှစ်မှာမဖြစ်အောင်၊ မိမိတို့ရဲ့ယာဉ်လိုင်း ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး မှန်ကန်စွာရောင်းချပေးကြဖို့ မှာကြားပြီးဖြစ်ပါတယ်။ တချို့ယာဉ်လိုင်းတွေက လက်မှတ်ကုန်ပြီလို့ ပြောပြီး ရောင်းတာတွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒါမျိုးတွေမဖြစ်အောင် သေသေချာချာကြီးကြပ်လုပ်ကြဖို့ မှာကြားပြီးဖြစ်ပါတယ်။ အခု ကားလက်မှတ်တွေကို ဖေဖော်ဝါရီလကတည်းက အွန်လိုင်းကနေ ရောင်းနေပါပြီ။

"အောင်မင်္ဂလာမှာ ယာဉ်လိုင်း ၄၂ လိုင်းက အွန်လိုင်းကနေ ရောင်းချနေကြပြီ၊ ကြိုတင်ပြီး ရောင်းချပေးသလို ဂိတ်တွေကလည်း ရောင်းချပေးနေကြပြီ၊ တချို့လည်း ကုန်နေကြပြီ။ အဲဒီလိုရောင်းချပေးနေတာကို လာမဝယ်သေးဘဲနဲ့ မနက်ဖြန်သွားမယ်။ အခု လက်မှတ်ရောင်းပေးပါ ဆိုတဲ့သူတွေ ပေါ်ပေါက်လာတယ်။ သင်္ကြန်နီးမှသွားမှာဆိုတော့ လက်မှတ်ကကုန်နေပြီ။ အဲဒီလိုအချိန်မှာ ပြောဆိုတာတွေ့ခဲ့ရပါတယ်။ အဲဒီလို လက်မှတ်မရတဲ့လူတွေက ကျွန်တော်တို့ဆီကို လာပြီးအကူအညီတောင်းရင် ကူညီပေးတယ်။ မနှစ်က လူတစ်ရာကျော် အကူအညီလာတောင်းလို့ ကူညီပြီး ကားစီစဉ်ပေးတယ်။ နှစ်တိုင်း အရန်ကားတွေထားရှိတယ်။ တစ်ဦးတစ်ယောက်ချင်း ကားလက်မှတ်မရသူရှိလည်း အကူအညီပေးနိုင်အောင် ခရီးသွားပြည်သူများ အကူအညီပေးရေးအဖွဲ့တွေကို နှစ်တိုင်းဖွဲ့ထားပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်မြို့မှ မြန်မာတစ်နိုင်ငံလုံးသို့ ပြေးဆွဲနေသည့် အဝေးပြေးယာဉ်ဝင်းနှစ်ခုဖြစ်သည့် အောင်မင်္ဂလာအဝေးပြေးဝင်းမှ ၂၆၂ လိုင်း၊ ကားအစီးရေ ၂၇၁၁ စီး၊ ဒဂုံရောအဝေးပြေးကားဝင်းမှ ၁၂၇ လိုင်း၊ ကားအစီးရေ ၁၁၅၇စီး စုစုပေါင်း ၃၈၉ လိုင်း၊ စုစုပေါင်းကားအစီးရေ ၃၈၆၈ စီးဖြင့် ခရီးသွားများကို သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ခရီးသွားပြည်သူများ အကူအညီပေးရေးအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များကိုဖွဲ့၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ် သင်္ကြန်အကျနေ့ မတိုင်မီ ငါးရက်အတွင်း မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်းမှ ယာဉ်အစီးရေပေါင်း ၃၈၉၇ စီးဖြင့် ခရီးသည်ပေါင်း ၁၇၅၃၆၅ ဦးကို သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ကြောင်း စာရင်းအရ သိရသည်။

COVID-19 ရောဂါနှင့် ပတ်သက်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးက သူနာပြုများနှင့် လာရောက်ပြီး ယာဉ်လိုင်းများကို ကြိုတင်ကာကွယ်ရေး ဟောပြောဆွေးနွေးခြင်း၊ ယာဉ်လိုင်းအလိုက် ဘတ်စ်ကားများပေါ်တွင် စတစ်ကာများကပ်ခြင်း၊ လက်ဆေးရည်၊ တစ်ရှူးများထားရှိရန် အကြောင်းကြားထားပြီး လုပ်ဆောင်ရန် မှာကြားထားကြောင်း သိရသည်။

"ခရီးသည်တွေကို လက်ဆေးဖို့အတွက် ယာဉ်လိုင်းတွေက မှာကြားဖို့ ဒီနေ့တစ်ဝင်းလုံးကို ပြောထားပါတယ်။ ဒေါက်တာ အောင်ထက်က ဆိုက်ရောက်လာတဲ့ ခရီးသွားတွေကို လက်ဆေးဖို့၊ နားနေဆောင်တွေမှာ လက်ဆေးကန်တွေ၊ ဆပ်ပြာတွေ ထားဖို့ မှာကြားထားပါတယ်။ လက်ကိုင်စပီကာနဲ့ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအသိ ပေးပါတယ်။ ကားတွေပေါ်မှာ လက်ဆေးရည်ထားဖို့ ပိုစတာတွေကပ်ပါတယ်။ သာမိုမီတာတော့မရှိသေးဘူး။ အခမဲ့ဆေးခန်းရှိပါတယ်။ သံသယရှိရင် ဆေးခန်းကိုခေါ်ပြီး စမ်းသပ်ပါတယ်။ ဂိတ်တွေမှာ လက်ဆေးကန်တွေ အပြင်မှာထားပေးဖို့၊ အများသုံးသန့်စင်ခန်းတွေ သန့်ရှင်းစွာထားဖို့ မှာကြားထားပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံအရာရှိရုံးမှ လက်ထောက်ဌာနမှူး ဦးရန်ငြိမ်းချမ်းက ပြောသည်။

"ကျွန်တော်တို့ဆီမှာ ကားလက်မှတ်မှောင်ခို လာဝယ်တာမျိုးတော့ မရှိသေးပါဘူး။ လူတစ်ယောက်ကို လက်မှတ်ခုနစ်စောင်၊ ရှစ်စောင်အထိ မှတ်ပုံတင်နဲ့ လာဝယ်တာတော့ ရှိပါတယ်၊ အဖွဲ့လိုက်သွားတဲ့ လူတွေလို့ပဲ မြင်ပါတယ်။ အွန်လိုင်းမှာလည်း bus ticket online ဆိုပြီး ရှာပြီး ဝယ်လို့ရပါတယ်။ ရောင်းတဲ့ဆိုင်တွေကတော့ အများကြီးရှိမှာပါ" ဟု ရွှေစင်စကြာ်ယာဉ်လိုင်းမှ လက်မှတ်အရောင်းဝန်ထမ်းတစ်ဦးက ပြောသည်။

**သန့်ဇင်ဝင်း**




အောင်မင်္ဂလာအဝေးပြေးဝင်း

# မင်းဘူးမြို့ နွေရာသီအားကစားသင်တန်း အခမဲ့ဖွင့်လှစ်မှု ရပ်ဆိုင်းထားမည်

**မင်းဘူး မတ် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအားကစားသင်တန်းများကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအား အားကစား၌ စိတ်ပါဝင်စားမှုရှိစေရန်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နွေရာသီကျောင်းပိတ်ရက်တွင် မင်းဘူးမြို့ မိုးလုံလေလုံအားကစားရုံနှင့် ခရိုင်အားကစားကွင်းကြီးထဲ၌ အားကစားသင်တန်းများ အခမဲ့ဖွင့်လှစ်သွားရန် ရည်ရွယ်ထားသော်လည်း COVID-19 ရောဂါကို ကြိုတင်ကာကွယ်သည့်အနေဖြင့် သင်တန်းဖွင့်လှစ်မှု ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူးထံမှ သိရသည်။

"ကျွန်မတို့ နွေရာသီအားကစားသင်တန်းကို မတ် ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သွားဖို့နဲ့ အားကစားနည်းခုနစ်မျိုး သင်တန်းပေးသွားဖို့ရှိပါတယ်။ ကမ္ဘာ့နိုင်ငံများမှာ ဖြစ်ပေါ်နေတဲ့ COVID-19 ရောဂါကို ကာကွယ်တဲ့အနေနဲ့ လူစုလူဝေးတွေ မဖြစ်ပေါ်စေဖို့ နွေရာသီအားကစားသင်တန်း အခမဲ့ဖွင့်လှစ်မှုကို ရပ်ဆိုင်းထားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်အားကစားမှူး ဒေါ်နှင်းက ပြောသည်။

**ဇေယျာထက် (မင်းဘူး)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၁၉လမ်း၊ အမှတ် ၆၂၉(ခ)နေ ဦးသိန်းရွှေ၏သား မောင်ကျော်သီဟစိုး၁၂/ ဥကတ(နိုင်)၁၉၁၇၆၉ နှင့် မောင်သီလမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ် အမှန်**

မြင်းမူမြို့နယ်၊ မူးမန္တလေးကျေးရွာနေ ဦးကျော်ဦး ၅/ မမတ (နိုင်) ၀၂၂၁၁၀ ၏သမီး မအိသင်္ကြန်မွေး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ ၁၈-၄-၁၉၉၉ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/9784 Skat, Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင်အောင် ၁၀/ကထန(နိုင်)၁၂၀၃၈၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စံပြဥယျာဉ်ဈေး၊ ရုံအမှတ်(၈)၊ ဆိုင်အမှတ် (၃) ဆိုင်ခန်းအငှားချထားခံရသူ ဦးကျော်စိန် ( SOA-၀၇၄၇၅၇) ထံမှ ၂၅-၅-၉၃ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၀၂၆၄၈၃ မှ အမည်ပြောင်း လျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်သစ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၉-၅၀၄၉၈၄၄**

**ဖခင်အမည်မှန်**

ပခုက္ကူမြို့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ပထမနှစ်မှ မပိုးမြတ်အိ၏ ဖခင်အမည်မှန်မှာ ၁၂/သကတ(နိုင်)၀၇၅၈၃၈ အရ ဦးလှထူး ဖြစ်ပါကြောင်း။။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆/အေ)၊ မြေကွက်အမှတ်( ၉၈ဘီ/၁ )၊ ဧရိယာ( ၀.၁၉၀ )ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်( ၈၉ )၊ ပြည်လမ်း၊ ဒဂုံမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက် DECEMBER HOTEL & TRADE Co.,Ltd. ကိုယ်စား လက်မှတ်ရေးထိုးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်ရွှေ (၁၂/ပဘတ(ဧည့်)၀၀၀၃၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(၁၉-၃-၂၀၂၀)နေ့တွင် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍( ၁၄ )ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်မောင်ချို (စဉ်-၆၃၂၀)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်-၆၆၊ နတ်ရှင်နောင်လမ်း၊ ၁-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၄၃၀၈၈၅၄၉

**ကန့်ကွက်နိုင်ကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၂) ရပ်ကွက်၊ အကွက်အမှတ်(၁.N.2၊အထက်ပိုင်း ရပ်ကွက်)၊ ဦးပိုင်အမှတ်(၉၃)မှ ဧရိယာ ဝဒသမ ၀၂၁ ဧကရှိမြေအား မအူပင်မြို့၊(၂)ရပ်ကွက်၊ ဓမ္မာရုံကျောင်းလမ်းနေ ဒေါ်ယဉ်ရွှေ ၁၄/ မအပ(နိုင်)၀၁၀၁၂၃ မှ မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်းရရှိရေးအတွက် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

**ဒေါ်အုန်း ၁၂/ကမရ(နိုင်)၀၂၉၈၄၇၊**
**ဦးကျော်စိုး ၁၂/ကမရ(နိုင်) ၀၀၈၆၄၇ တို့သည်**
**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊ နီလာလမ်းရှိ**
**မြေကွက်အမှတ်(၂၃၉)အလျား၊ အနံ ပေ(၂၅x၅၀)၊**
**ဧရိယာ(၀ဒသမ၀၂၉)ဧကရှိသည့်**
**နှစ် ၆၀မြေငှားဂရန် မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်တို့အား**
**မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးရန်အတွက်**
**ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် အများသိစေရန်ကြေညာခြင်း**

အထက်လိပ်စာပါ မြေကွက်အမှတ် ၂၃၉၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တို့၏ အကျိုးခံစားခွင့် အရပ်ရပ်ကိုဝယ် ယူထားသူ ဦးမြတ်သစ် ၇/ပခန(နိုင်) ၁၁၃၀၆၇ က ယင်းမြေကွက်နှင့်နေအိမ်တို့အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လိုအပ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်အုန်းနှင့် ဦးကျော်စိုးတို့က ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့်မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးပါရန် တောင်းဆိုအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမြတ်သစ်(ဝယ်ယူသူ)** | **ဦးအောင်သိန်းကျော်(LL.B)** |
| **အမှတ်(၁၅)၊ နီလာလမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)** |
| **(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်** | **ရုံးခန်း-တိုက်-၃၃၉၊ ပထမထပ်၊ ၁၅၇လမ်းထိပ်** |
| | **နှင့် ကျိုက္ကဆံလမ်း၊ ရန်ကုန်မြို့** |
| | **တာမွေမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၇၆၁၀၃၆၉၀၆၊ ၀၉-၇၃၀၅၄၉၇၀** |

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၉၄၀)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏(၃-၄-၁၉၉၇)ရက်စွဲပါမှတ်ပုံတင် အမှတ်(၈၁၉)၊ ဦးမိုးဆွေ ၁၂/လမန(နိုင်) ၀၆၂၀၆၂အမည်ဖြင့် ထုတ်ပေးထားသည့် ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ဝယ်ယူပိုင်ဆိုင်ပြီးခြံစည်းရိုးကာရံ၍လက်ရောက်ရရှိပိုင်ဆိုင်ထားသူ ဦးနိုင်နိုင်ဦး ၁၂/ရကန(နိုင်)၀၅၁၆၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤမြေကွက်နှင့် ပတ်သက်ပြီးဆိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ဤမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါကယနေ့မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မျိုးထွန်း LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၇၁)**
**အမှတ်(၂၄၉/၇)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၂၅၃၀၆၀၆၄**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(၈၅)၊ ပေ(၂၅x၅၀)=၁၂၅၀စတုရန်း ပေ=(၀ဒသမ၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၂/က+ခ)၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအောင်သန်း ၁၂/ဒပန(နိုင်) ၀၂၈၂၂၅ဦးစိုးဝင်း ၁၂/ဒပန(နိုင်) ၀၂၉၇၂၅အမည်ပေါက် မြေကွက်အား အမည်ပေါက်များကိုယ်တိုင်မှ နှစ် ၆၀ ဂရန်မူရင်း ပျောက်ဆုံးသွားကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4P/5186 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဇယ/၅၅၆၄၈ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန(နိုင်)၀၂၃၂၇၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

unicef
for every child

## ယူနီဆက်(ဖ်) မြန်မာ

## လူမှုဝန်ထမ်း ၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှုရေးစီမံခန့်ခွဲ မှု သတင်းအချက်အလက်စနစ် ထူထောင်ရန် နှင့် လက်တွေ့ အကောင်အထည် ဖော်ရန် စိတ်ဝင်စားသည့်လုပ်ငန်းအတွေ့ အကြုံရှိသော နည်းပညာအဖွဲ့ အစည်းများအား အဆိုပြုလွှာခေါ်ယူခြင်း

Reference: LRPS-2020-9156577

**လူမှုရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် ထူထောင်ရန် နှင့် လက်တွေ့ အကောင်အထည်ဖော်ရန် စိတ်ဝင်စားသည့် လုပ်ငန်းအတွေ့အကြုံရှိသော နည်းပညာအဖွဲ့ အစည်းများအား အဆိုပြုလွှာတင်သွင်းရန် ယူနီဆက်(ဖ်)မြန်မာမှ ဖိတ်ခေါ်ပါသည်။**

**စိတ်ပါဝင်စားသော နည်းပညာ အဖွဲ့ အစည်း များသည် ဖြည့်စွက်တင်သွင်းရမည့် အချက်အလက် ပုံစံစာရွက်များကို e-mail လိပ်စာ procurementyangon@unicef.org သို့ အညွှန်းစာနံပါတ် (Reference: LRPS-2020-9156577)အား E-mail Subject တွင်ဖော်ပြ၍အဆိုပြုလွှာတင်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက UNGM website https://www.ungm.org/Public/Notice/105802 သို့ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။**

**စနစ်တကျ ဖြည့်သွင်းထားသော ပုံစံစာရွက် နှင့်တကွ လိုအပ်သော အချက်အလက် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာ ထည့်သွင်းထားသည့် အဆိုပြုလွှာ များကို ၂၀၂၀ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃း၀၀ နာရီထက်နောက်မကျစေပဲ ပုံစံစာရွက်တွင်ဖော်ပြထားသည့်လိပ်စာသို့ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် နောက်ကျတင်သွင်းသော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းအသိပေးအပ်ပါသည်။**

## INVITATION of Expression of Interest (EOI) for Saving and Credit Group Service Provider

| | |
|---|---|
| **Project country:** | Myanmar |
| **Financing institution:** | International Fund for Agricultural Development (IFAD) |
| **Sector:** | Agriculture |
| **Project name:** | Eastern States Agribusiness Project (ESAP) |
| **Procurement type:** | Service Provider/NGOs/Firms |
| **Title:** | Saving and Credit Group Service Provider (1) Kayin State (2) Shan State |
| **Project ID:** | IFAD 1730 |
| **Loan No.:** | **IFAD 2000001120** |

The Republic of the Union of Myanmar has received a funding in loan & grant from International Fund for Agricultural Development (IFAD) in total amount of USD 58.23 million to implement the Eastern States Agribusiness Project (ESAP).

The lead project implementing agency is the Irrigation and Water Utilization Management Department (IWUMD) of the Ministry of Agriculture, Livestock and Irrigation (MOALI) Myanmar.

ESAP Project Management Unit (PMU) is located in Naypyitaw while the Project Implementation Offices (PIOs) are located in Taunggyi (Shan State) and Hpa-An (Kayin State).

The Government intends to apply part of the financing to hire a Service Provider/NGO/Consulting firm to perform the Saving and Credit Group Service Provider (SCGSP). The SCGSP will be responsible to form the Saving and Credit Group activity Implementation Teams (SCGIT) at the State level and the township level, Provide training to SCGIT in Saving credit group operation, accounting, book keeping, Linking the Saving and Credit Groups to the Project introduced production activities, Enable the Saving and Credit groups to access the local banks, to ensure the sustainability of the SCGs after the cessation of the activities of the service provider.

Project is now inviting the eligible Service Provider/NGO/Consulting firm to submit the Expression of Interest (EOI). The detail of the Request for Expression of Interest (REOI) including the Eligibility Criteria and Selection Criteria is available in the following websites: http://www.esapmm.org and MIMU http://themimu.info/jobs-for-myanmar-nationals (or) can be obtained by requesting to following email address: pmu@esapmm.org, esapifad@gmail.com below during office hours, Monday through Friday. Expression of Interest can be submitted in electronic form to the following address below by 17:00 PM (Local Time), Monday, 6th April, 2020.

**Attention: U Zaw Htun, Project Manager** | IWUMD, MOALI Office 15 | Tel: 009567410099, 09795910725 | Email: pmu@esapmm.org, esapifad@gmail.com

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(စစ်ကိုင်း)
## ငွေလုံးငွေရင်း(စက်ပစ္စည်း)များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)တွင် အောက်ဖော်ပြပါငွေလုံးငွေရင်း(စက်ပစ္စည်း)များ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| No | Description of Equipment(Technical Details) | Qty |
|---|---|---|
| 1 | Language Lab Equipment,Teacher Unit,Student Unit,Cables & Trunking, Headphone with Mic, Teacher Table, Student twin table,Teacher Chair,Student Chair,Laptop Computer (intel core i7,4GB DDR4, 1 TB HDD,15.6" LED LCD,Wifi,HDMI), Multimedia Projeator(PJD 5255),Motorized Screen(10'x10'),Bracked for projector, VGA Cable 30m | 1 Set |
| 2 | Survey Instrument's Accessories (a)Target System,(b)Brunton Type Compass by Myzox,(c)Brunton type Compass by Geomaster, (d)Min Prism with small pole–DGPS(RTK)–total station–Theodolite–level(auto level,digital level) | 2 Sets |

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၂၃-၃-၂၀၂၀ရက် ရုံးချိန်မှစ၍ ဤနည်းပညာတက္ကသိုလ်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃-၄-၂၀၂၀ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် ပစ္စည်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် P.O(Payment Order)ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ဤတက္ကသိုလ်ဘဏ္ဍာရေးဌာနတွင် ဆောင်ရွက်ပြီးငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ P.O(Payment Order)မူရင်းကို ဤတက္ကသိုလ်၏ဘဏ္ဍာရေးဌာနသို့အပ်နှံရမည်။ မိမိတင်သွင်းလိုသည့် ပစ္စည်းအမျိုးအစားအလိုက် အိတ်ဖွင့်တင်ဒါ ပုံစံတစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၆၆၈၆၄၆၆၅ ဘဏ္ဍာရေးဌာနသို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ တင်ဒါဖွင့်ဖောက်မည့်အချိန်နှင့် နေရာများကိုထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)**

## ဦးရှမ်းကူးမား ၁၂/ကတတ(ပြု)၀၀၀၇၄၉နှင့် အများသိစေရန်

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ အင်္ဂပိုလမ်း၊ အမှတ်(၇၉၀)နေ ကျွန်ုပ်၏အမှုသည် ဘဂဝမ်ဒါတ်(ခ)ဦးသန်းထွန်း ၁၂/ကတတ(ပြု)၀၀၀၈၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဘဂဝမ်ဒါတ်စ်(ခ)ဦးသန်းထွန်းနှင့် ဦးရှမ်းကူးမားတို့သည် ညီအစ်ကိုအရင်းတော်စပ်ကြသူများဖြစ်ကြ၍ ယုံကြည်စိတ်ချစွာဖြင့် ကျွန်ုပ်၏အမှုသည်ကငွေများစိုက်ထုတ်ပြီး အောက်ပါပစ္စည်းများကို ဦးရှမ်းကူးမားအမည်ဖြင့် ဝယ်ယူခဲ့ပါသည်။

(က) ၁၀-၃-၂၀၁၁ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်-၄၉၁၊ ပထမထပ်ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်း။

( ခ ) ၈-၄-၂၀၁၄ရက်စွဲဖြင့် ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ သီလုကုန်းရပ်၊ ဦးပိုင်အမှတ်(၄၁ᵃ)၊ မြေဧရိယာ ၀ ဒသမ ၂၁၄ ဧကရှိ အိမ်ယာမြေနှင့် ယင်းမြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် အကျိုးခံစားခွင့်များ။

( ဂ ) ယာဉ်အမှတ် 6F–5423(ခဲရောင်)၊ TOYOTA KLUGER တစ်စီး။

ကျွန်ုပ်၏အမှုသည် ဘဂဝမ်ဒါတ်စ်(ခ)ဦးသန်းထွန်းသည် မွေးချင်းညီအစ်ကိုမောင်နှမများအနက်အစ်ကိုအကြီးဆုံးဖြစ်သည့်အလျောက် မိမိ၏စီးပွားရေးလုပ်ငန်း ရွှေခြသေ့်အမည်ကိုလည်း အခြားသွေးရင်းများ၏လုပ်ငန်းတွင် ယှဉ်တွဲသုံးစွဲခွင့်ပြုထားခဲ့ပါ သည်။ ဦးရှမ်းကူးမားတစ်ဦးတည်းသာ မည်သည့်လုပ်ငန်းကိုမျှအတည်တကျလုပ်ကိုင်ခြင်းမရှိသူဖြစ်ပါသည်။ ထို့ကြောင့် ရွှေခြသေ့်လုပ်ငန်းကိစ္စအဝဝသည် ဦးရှမ်းကူးမားနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း သိစေအပ်ပါသည်။

ဦးရှမ်းကူးမားသည် ကျွန်ုပ်အမှုသည်ဘဝမ်ဒတ်စ်(ခ)ဦးသန်းထွန်းက ငွေကြေးစိုက်ထုတ်ပြီး ဦးရှမ်းကူးမားအမည်ဖြင့် ဝယ်ယူထားရှိသော အထက်ဖော်ပြပါ အစဉ်(၁)ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်-၄၉၁ (ပထမထပ်)ဟုခေါ်တွင်သောတိုက်ခန်းကို ၂၀၁၉ခုနှစ် ဒီဇင်ဘာလတွင် ကျွန်ုပ်အမှုသည်အား အသိပေးခြင်းမရှိဘဲငွေကျပ် ၂၄၀၀,၀၀,၀၀၀/-(ကျပ်သိန်းနှစ်ထောင့်လေးရာတိတိ)နှင့် လွှဲပြောင်းရောင်းချပြီး ယနေ့အထိကျွန်ုပ်အမှုသည်ကိုတိမ်းရှောင်နေခဲ့ပါသည်။

သို့ဖြစ်၍ ဦးရှမ်းကူးမားအနေဖြင့် ဤသတင်းစာကြော်ငြာဖော်ပြပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း တိုက်ခန်းရောင်းချရရှိငွေများနှင့် ယာဉ်အမှတ်-6F/5423, TOYOTA KLUGER တို့ကိုကျွန်ုပ်အမှုသည်ထံ အပ်နှံရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းလှိုင်(မောင်ရတနာ)LL.B
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၄၃၀၉၅၉၅၈၊ ၀၉-၇၈၁၂၂၈၉၆၃

## ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၇၊ ၈၊ ၉၊ ၁၀ (သမိုင်း)၊ မြေကွက်အမှတ်-၇၉၊ ဧရိယာ-၀. ၀၂၆ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သီရိမွန်(၃)လမ်း၊ အမှတ်-၈ ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျင်ပိန် (LTA-၀၀၀၅၃၅၊ ၁၂/လသန(နိုင်)၀၁၆၆၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ညွှန်ကြားချက်အရ**

**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ ချောင်းဦးမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်နှင့်အမှတ်အမည် (၂၀၂၃၊ ရွာသစ်ရွာမ)၊ ဦးပိုင်အမှတ်(F–၇၃)၊ ဧရိယာ ၀ဒသမ၀၈၄ ဧကရှိမြေကို ဦးမျိုးမင်းအောင် ၅/ခဥတ(နိုင်)၀၆၈၉၂၆အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကိုဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

အိမ်မဲမြို့နယ်၊ လယ်ပေါ်ရပ်ကွက်၊ ရွှေလင်းယုန်လမ်းနေ ဦးတင်အောင်မိုးမှ အိမ်မဲမြို့ လယ်ပေါ်ရပ်ကွက်၊ မြေစာရင်းရပ်ကွက်အမှတ်(၁၂)ကံလှကျောင်း၊ ဦးပိုင်အမှတ် ၂၇၃၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေအား လူနေထိုင်ရန်ဂရန်သက်တမ်းတိုး လျှောက်ထားခြင်းနှင့်ပတ်သက်၍ အဆိုပါဂရန်မှာ ဦးမာကျောက် အမည်ဖြင့် ခရိုင်ရုံးအမှု အမှတ် ၉၇V ၂၀၀၅-၂၀၀၆အရ(၂၈-၉-၂၀၀၅)မှ (၂၇-၉-၂၀၃၅)ရက်အထိ နှစ်(၃၀) ဂရန်ရရှိခဲ့ပြီး သက်တမ်းတွင်း ဂရန်မြေဖြစ်ကြောင်းနှင့် ဂရန်စာချုပ်ဟောင်းမှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားကြောင်း တင်ပြလာသဖြင့် ဂရန်စာချုပ်ပျောက်ဆုံးပြီး ဦးတင်အောင်မိုးအမည်ဖြင့် ဂရန်သက်တမ်းတွင်းအမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အိမ်မဲမြို့**

**တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်(၂၈-သုမင်္ဂလာရပ်)၊ အိမ်အမှတ် (၁၁၁)နေ ဒေါ်ကြူကြူရီမှ ရွှေအိမ်စည်တံဆိပ်အမည်အမှတ်အသားဖြင့် သီးစုံလုပ်ငန်းထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူရီ ၉/မမန(နိုင်)၀၁၈၅၉၉
အကွက်(၂၈-သုမင်္ဂလာရပ်)၊ အိမ်အမှတ်(၁၁၁)၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့

## စောစော "ပြော"၊ စောစော "သိ"၊ အားလုံးအကျိုးရှိ




ကျန်းမာရေးဆိုင်ရာ အသိပညာပေး - စာ-၅

## ဝိုင်းမော်၊ လွိုင်လင်နှင့် ကျောက်မဲမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာ-၁၁

## COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**COVID–19ရောဂါ အတည်ပြုလူနာ မတွေ့ရှိရသေးသော ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ၁၀ နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်**

စာ-၉

## အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု သက်တမ်းတစ်နှစ်တိုးမြှင့်ရန်အမိန့်ထုတ်ပြန်

**နေပြည်တော် မတ် ၂၂**

COVID-19 ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ်သွားခဲ့ရသည့် အာမခံအလုပ်သမားများ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ဆက်လက်ရရှိနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပုဒ်မ ၁၀၀ နှင့်အညီ ခံစားခွင့်ပြုပေးမည်ဖြစ်ကြောင်း မတ် ၂၀ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် (၆၄/၂၀၂၀) အရ သိရှိရသည်။

ကမ္ဘာအနှံ့တွင် ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်လာသော စီးပွားရေးဂယက်များကြောင့် မြန်မာနိုင်ငံရှိ ကုန်ကြမ်းပေး ကုန်ချောယူ လက်ခစားစနစ် (CMP) လုပ်ငန်းလုပ်ကိုင်နေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် လုပ်ငန်းဌာနများ အနေဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ အကျပ်အတည်း အခက်အခဲကြုံတွေ့နေရသည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အလုပ်ရှင်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် ၂၀၁၂ ခုနှစ်၊ *စာမျက်နှာ ၇ ကော်လံ ၆* ❑



ရတနာပုံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ကိုဇေ

## MNL ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ ကျင်းပ

**ရန်ကုန် မတ် ၂၂**

၂၀၂၀ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကွင်းလေးကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ရခိုင်နှင့် Southern အသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။

ပထမနေ့တွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရတနာပုံအသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရခိုင်အသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Southern အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး ရောဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၃ မိနစ်တွင် ညီညီနှင့် ၇၉ မိနစ်တွင် သူရိန်ထွန်းက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ၅၈ မိနစ်တွင် သက်ဟိန်းစိုး သွင်းယူသည့်ဂိုးဖြင့် မြဝတီအသင်းကို အနိုင်ရခဲ့သည်။ ရခိုင်အသင်းမှာလည်း ၇၅ မိနစ်တွင် ထွန်းရွှေဝါ သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် မကွေးကို အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည်။ Southern အသင်းမှာမူ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး စစ်ကိုင်းကို အနိုင်ကစားခဲ့သည်။ *စာမျက်နှာ ၁၀ ကော်လံ ၄* ●

## တရုတ်စူပါလိဂ် ကစားသမား ဖယ်လိုင်နီ COVID-19 ကူးစက်ခံရ



မန်ယူကစားသမားဟောင်းဖြစ်သူ ဖယ်လိုင်နီသည် COVID-19 ကူးစက်ခံထားရကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ဖယ်လိုင်နီ **(ယာပုံ)**သည် ဗိုင်းရပ်စ်ကူးစက်ခံရသည့် တရုတ်စူပါလိဂ်ပထမဆုံး ကစားသမား ဖြစ်လာခဲ့သည်။ အသက် ၃၂ နှစ်အရွယ်ရှိ အဆိုပါ ကစားသမားသည် လက်ရှိတွင် တရုတ်ကလပ် ရှန်ဒေါင်းအသင်းတွင် ကစားနေသူဖြစ်သည်။

ရှန်ဒေါင်း ဝက်ဘ်ဆိုက်၏အဆိုအရ ဘယ်လ်ဂျီယံ ကွင်းလယ်ကစားသမားမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်း စသည့် ကိုရိုနာဗိုင်းရပ်စ်လက္ခဏာ မတွေ့ရကြောင်း ဖော်ပြထားသည်။ ဖယ်လိုင်နီကလည်း တနင်္ဂနွေနေ့က တွစ်တာပေါ်တွင် သူကိုယ်တိုင် လက်မထောင်သည့် ပို့စ်တစ်ခုတင်ခဲ့ပြီး "သူငယ်ချင်းတို့ရေ ငါ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခံခဲ့တယ်။ ငါ့ရဲ့အဖြေက Positive တဲ့။ အားပေးတဲ့ ပရိသတ်တွေ၊ ဆေးဝန်ထမ်းတွေနဲ့ ကလပ်အသင်းတာဝန်ရှိသူတွေအားလုံး ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကုသမှုခံယူပြီး အမြန်ဆုံး ပွဲတွေ ကစားဖို့ ပြန်လာပါ့မယ်" ဟု ပြောကြားခဲ့သည်။

အင်္ဂလန်ကလပ် အဲဗာတန်နှင့် မန်ယူအသင်းတို့တွင် ၁၁ နှစ်ကြာ ကစားခဲ့ဖူးသော ဖယ်လိုင်နီသည် ၂၀၁၉ ခုနှစ်တွင် မန်ယူအသင်းမှ ထွက်ခွာပြီး တရုတ်ကလပ် ရှန်ဒေါင်းကလပ်သို့ ပေါင် ၁၀ ဒသမ ၄ သန်းဖြင့် *စာမျက်နှာ ၁၀ ကော်လံ ၅* ◆

